# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily
Established in 1957


**မိမိကိုယ်သာလျှင် ကြည့်ရှုဆင်ခြင်**

သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို မလိုသော စကားတို့ကို နှလုံးမသွင်းအပ်၊ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကို မကြည့်ရှု မဆင်ခြင်ရာ၊ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကိုသာလျှင် ကြည့်ရှု ဆင်ခြင်ရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့။ Monday, 26 February 2024 ၁၁၃၈၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ငရုတ်ကောင်း-ဂေါ်ရန်ဂျီကျွန်းလမ်းပေါ်၌ တည်ဆောက်နေသော ချောင်းဝတံတား ၈၉ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး

ငပုတော ဖေဖော်ဝါရီ ၂၅

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေလွယ်ကူစေရန်နှင့် ကုန်စည်စီးဆင်းမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ကို ဆက်သွယ်ပေးမည့် ချောင်းဝတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၈၉ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ချောင်းဝတံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်မှ သိရသည်။

**တစ်ဆက်တစ်စပ်တည်းဖြစ်သွားမည်**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ရှိ ငရုတ်ကောင်း-ဂေါ်ရန်ဂျီကျွန်းလမ်းပေါ်၌ တည်ဆောက်နေသော ချောင်းဝတံတားအား တံတားအထူးအဖွဲ့(၁၆)မှ ကျွမ်းကျင်အင်ဂျင်နီယာများနှင့် ကာယ၊ ဉာဏ လုပ်သားများက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍



ချောင်းဝတံတားတည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။


**ယနေ့ ဖတ်စရာ**

**နိုင်ငံတော်ကာကွယ်ရေးတွင် တပ်မတော်နှင့် အရပ်ဘက်ဆိုင်ရာ ဝန်ထမ်းကောင်းများကို မွေးထုတ်ပေးလျက်ရှိသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC)မှ ရင်တွင်းစကားသံများ**



တွေ့ဆုံမေးမြန်း စာမျက်နှာ » ၆

**စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၁၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၂

**ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ အထူးကုပြင်ပလူနာကြည့်ရှုမှု အချိန်တိုးမြှင့်ဆောင်ရွက်**

စာမျက်နှာ » ၁၀

**တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဝိုင်းဝန်းကြိုးပမ်းကြပါစို့**

ဆောင်းပါး စာမျက်နှာ » ၁၁

**နှမ်းစပါးစိုက်ပျိုး ဝင်ငွေတိုး သုံးမြို့နယ် နှမ်းစပါး အားမာန်သစ်များ**

ဆောင်းပါး စာမျက်နှာ » ၁၇


**ထူးခြားသည့် ညအပူချိန်များ**

နေပြည်တော် ဖေဖော်ဝါရီ ၂၅

| | |
|---|---|
| ဟားခါး | သုည ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၆ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၇ ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | ၇ ဒီဂရီစင်တီဂရိတ် |

ကြေးမုံ

# အမှန်တရားဖြင့် နိုင်ငံတိုးတက်ရေးရှေးရှု

နိုင်ငံတစ်နိုင်ငံတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်သုံးရပ်ဖြင့် တည်ဆောက်ထားကြရသည်။ အဆိုပါမဏ္ဍိုင်သုံးရပ် တည့်မတ်မှန်ကန်စွာ လည်ပတ်နိုင်ရေးအတွက် စတုတ္ထမဏ္ဍိုင်ဟု ခေါ်ဆိုသည့် မီဒီယာက ထိန်းကျောင်းထောက်ကူပေးရသည်။ စတုတ္ထမဏ္ဍိုင်သည် နိုင်ငံ၏ပကတိဖြစ်ပေါ် တိုးတက်မှုများကို ပဥ္စမမဏ္ဍိုင်ဟုခေါ်ဆိုသည့် ပြည်သူလူထုကို မှန်မှန်ကန်ကန် အသိပေးရကြရသည်။

နိုင်ငံတည့်မတ်မှန်ကန် ခိုင်မာစွာရပ်တည်လည်ပတ်နိုင်ရေးအတွက် ခြေလေးချောင်းထောက်ပမာ အဆိုပါမဏ္ဍိုင်လေးရပ်က သူ့တာဝန်နှင့်သူ ကျေပွန်ထမ်းရွက်ကြရသည်။ မဏ္ဍိုင်လေးရပ်တွင် စတုတ္ထမဏ္ဍိုင်သည် ပြည်သူတို့၏ နားနှင့်မျက်စိဖြစ်သည်။ အရေးပါသည့် စတုတ္ထမဏ္ဍိုင် မခိုင်ခံ့ပါက (ဝါ) မှန်ကန်ကောင်းမွန်စွာ မဆောင်ရွက်နိုင်ပါက နိုင်ငံရပ်တည်ရေးတွင် အခက်အခဲများရှိမည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် အဓိကမဏ္ဍိုင်ကြီးများ ကြံ့ခိုင်ဖို့လိုသည်။ ယိမ်းယိုင်လဲပြိုခြင်းမရှိရအောင် အမြဲတစေကာကွယ်ထားဖို့လိုသည်။

ယနေ့နိုင်ငံတော်တွင် ပြည်တွင်း၊ ပြည်ပ သွေးထိုးမြှောက်ပင့်ပေးနေမှုများ၊ ကျင့်ဝတ်သိက္ခာကင်းမဲ့ပြီး နိုင်ငံကိုချောက်ထဲရောက်အောင်တွန်းပို့နေသော ယုတ်ညံ့သည့် မီဒီယာများ၊ အခြေအနေနှင့် လက်တွေ့ဖြစ်ပျက်နေမှုများကို အသိဉာဏ်ပညာနှင့် စဉ်းစားသုံးသပ်ဆောင်ရွက်မှုမရှိသည့်အဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြောင့် နေရာဒေသအချို့တွင် တည်ငြိမ်အေးချမ်းမှုမရှိဘဲ ပြည်သူများ ဆင်းရဲဒုက္ခရောက်ကြရသည်။ အဆိုပါအဖျက်အမှောင့်လုပ်ရပ်များသည် တိုင်းပြည်အတွက် အန္တရာယ်အလွန်ကြီးသောကြောင့် ပြည်သူများ မှန်ကန်သောအသိအမြင်များရရှိနိုင်ရန် တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ပြည်သူများ နေ့စဉ်ကြည့်ရှုနေကြသည့် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် သတင်းမှား၊ သတင်းတုများက နေရာယူထားသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်သူလူထုသိလိုမှုကိုအသုံးချ၍ လုပ်ကြံ၊ ဝါဒဖြန့်၊ အလိမ်အညာ၊ လှည့်ဖြားသည့် သတင်းအချက်အလက်များ နေ့စဉ်ထုတ်လွှင့်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်သူလူထုသည် အသိဉာဏ်ရှိသူ၊ ဆင်ခြင်သုံးသပ်နိုင်စွမ်းရှိသူ အများစုဖြစ်၍ လက်တွေ့နှင့် ကွဲလွဲနေသောသတင်းများ၊ တကယ်ဖြစ်မလာသော သတင်းများ၊ မဖြစ်နိုင်သော ထင်မြင်ချက်များ၊ စိတ်ကူးယဉ်သတင်းများကို တွေ့ဖန်များပြီး အဆိုပါသတင်းများကို လက်မခံကြသောအခါ မှန်ကန်သည့်သတင်းများကို လျင်မြန်စွာ မျှဝေပေးရမည်ဖြစ်သည်။

အကြမ်းဖက်အဖွဲ့အစည်းများ၊ ပြည်ဖျက်မီဒီယာများ၏ မမှန်သတင်းများဖြင့် သွေးထိုးလှုံ့ဆော်ပေးမှုကြောင့် သတင်းတု၊ သတင်းမှားဖြစ်သည်ကို စိစစ်နိုင်မှုအားနည်းသည့်လူငယ်အချို့ သတင်းအမှားထောင်ချောက် သွေးဆောင်ဖြားယောင်းမှုအောက်သို့ရောက်ခဲ့ကြသည်။ လမ်းမှားပေါ်သို့ရောက်ပြီး အသုံးချခံဘဝသို့ ရောက်ခဲ့ကြသည်။ မျက်မှောက်ကာလ ဖြစ်ပေါ်နေသည့်အခြေအနေများတွင် ပြည်ဖျက်မီဒီယာအမျိုးမျိုးတို့သည် အဓိကကဏ္ဍမှပါဝင်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ မီဒီယာကဏ္ဍမှနေ၍ တစိုက်မတ်မတ် ဖျက်ဆီးနေခြင်းအတွက် အကျိုးအမြတ်များရရှိနေသည်ကိုလည်း သိရှိနားလည်ထားရန်လိုအပ်သည်။

ဒစ်ဂျစ်တယ်နည်းပညာခေတ်တွင် မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှုသည် သတင်းမှားများ တိုက်ဖျက်ရန်အတွက် အရေးပါသည့်ကဏ္ဍဖြစ်သည်။ နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ချက်ချင်းတုံ့ပြန် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်တွင်း၊ ပြည်ပမှ အမှန်တရားကိုလိုလားသော ပြည်သူ၊ ပြည်သား သတင်းသမားများကလည်း တုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။ သတင်းအဆိပ်သင့်မှုအန္တရာယ်သည် နိုင်ငံ၏နေ့စဉ်လူမှုဘဝအပေါ် သက်ရောက်မှုရှိသည်။ သတင်းအမှားများကို နားယောင်ပြီး ဆုံးဖြတ်ချက်အမှား၊ ရည်ရွယ်ချက်အမှား၊ စေတနာအမှား စသည့် အမှားများစွာဖြစ်စေနိုင်သည်။ ထို့ကြောင့် သတင်းအမှားများကို ဝိုင်းဝန်းတုံ့ပြန်တိုက်ဖျက်၍ သတင်းမှန်များ လွှမ်းခြုံနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတည်တံ့ခိုင်မြဲရေး၊ တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတွင် မီဒီယာကဏ္ဍမှ တည့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်ပါက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍတို့တွင် အကျိုးများစွာရရှိမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက တိုင်းပြည်အနာဂတ်အတွက် တည့်မတ်မှန်ကန်စွာဆောင်ရွက်နေသော ရည်မှန်းချက်၊ မူဝါဒ၊ လုပ်ဆောင်ချက်များသည် တိုင်းကျိုးပြည်ပြုလုပ်ငန်းများဖြစ်ပြီး ဖြစ်ပေါ်နေသည့် အနိဋ္ဌာရုံများသည် ဆင်ခြင်တုံတရားကင်းမဲ့သောလုပ်ရပ်များဖြစ်သည်ကို ပြည်သူများ သိရှိနားလည်လာအောင် မီဒီယာကဏ္ဍမှ ထိရောက်စွာ ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတွင် နေ့စဉ် မဟုတ်မမှန်ထုတ်လွှင့်နေသော သတင်းမှားများကို သိရှိနားလည်ပြီး သတင်းမှန်များကိုအခြေခံသည့် နိုင်ငံတော်နှင့် ပြည်သူလူထုနေ့စဉ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုကြိုးပမ်းသည့် လုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ပြီး နိုင်ငံတိုးတက်ရေးကို ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

# နယ်စပ်ရေးရာဝန်ကြီးဌာနက မွန်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ အလှူငွေများ ဆက်ကပ်လှူဒါန်း



မော်လမြိုင် ဖေဖော်ဝါရီ ၂၅

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မွန်ပြည်နယ်အတွင်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများရှိ ကျောင်းသား ကျောင်းသူများ အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းလျက်ရှိရာ မွန်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးဉာဏ်မျိုးနှင့် ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် မုဒုံမြို့နယ်ရေတောင်မူလတန်းလွန်ကျောင်းရှိကျောင်းသား ကျောင်းသူ ၁၂၆ ဦးအတွက် အလှူငွေကျပ် ၃၇၈၀၀၀၀ အား ကျောင်းအုပ်ဆရာတော်ထံသို့ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**



# မိုင်းတုံမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

မိုင်းတုံ ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင် ကွပ်ကဲမှုအောက်ရှိ မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရွှေဘူးသီး(ပန်ကျိုင်း)ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်၊ စီမံကိန်းတာဝန်ခံနှင့် တာဝန်ရှိသူများသည် ရွှေဘူးသီး(ပန်ကျိုင်း)ကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း မတည်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရွှေဘူးသီး(ပန်ကျိုင်း)ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိလုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ မတည်ရန်ပုံငွေကျပ် ၂၂၁ သိန်းအား အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်ထံမှ သိရသည်။ ၂၂၂

# စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၁၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၁၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းများအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း Daewoo Bus ထုတ်လုပ်သည့် အလုပ်ရုံနှင့် စက္ကူစက်ရုံ (ရေနီ)တို့သို့ သွားရောက် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရှိ Daewoo Bus များ ထုတ်လုပ်သည့် အလုပ်ရုံသို့ ရောက်ရှိပြီး ထုတ်လုပ်တပ်ဆင်ထားသည့် Daewoo Bus များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှု စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် လျှပ်စစ်မော်တော်ယာဉ်များနှင့်ပတ်သက်၍ မူဝါဒများရေးဆွဲ၍ ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသဖြင့် လျှပ်စစ်ဘတ်စ်များ တပ်ဆင်ထုတ်လုပ်မည့် လုပ်ငန်းများကို လျင်မြန်စွာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ကုမ္ပဏီတာဝန်ရှိသူများအနေဖြင့် လူမှုတာဝန်သိမှု လုပ်ငန်းများ (Corporate Social Respon–sibility – CSR) ဆောင်ရွက်ပေးရန်၊ လျှပ်စစ်သုံးမော်တော်ယာဉ်များအတွက် Charging Station နှင့် ရွေ့လျား Charger တို့ကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ရေနီမြို့ရှိ စက္ကူစက်ရုံ(ရေနီ)သို့ ရောက်ရှိပြီး အသေးစားပျော့ဖတ်နှင့် စက္ကူထုတ်လုပ်သည့်စက်များ ပြုပြင်နေမှုနှင့် ချိန်ညှိခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တစ်ရက်လျှင် သုံးတန်မှ ငါးတန်အထိ ထုတ်လုပ်နိုင်သော အသေးစားပျော့ဖတ်ထုတ်လုပ်သည့်စက်များ ထုတ်လုပ်နိုင်ရေးအတွက် အဖွဲ့များဖွဲ့စည်း၍ စနစ်တကျ ဆောင်ရွက်ရန်နှင့် တစ်ရက်လျှင် ၁၀ တန်အထိ ထုတ်လုပ်နိုင်သည့် စက်များ ထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်သွားရန်၊ ထုတ်လုပ်မည့် အသေးစား ပျော့ဖတ်ထုတ်စက်၏ ဒီဇိုင်းရေးဆွဲနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရန်၊ ဓာတ်ခွဲခန်းသုံး စက်ပစ္စည်းကိရိယာများကိုလည်း ပြန်လည်စစ်ဆေး၍ ကောင်းမွန်အောင် ပြုပြင်ရန်၊ တစ်ရက်လျှင်တန် ၂၀ ထုတ်လုပ်နိုင်သည့် ကတ်ထူစက္ကူစက်ရုံကို ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိသဖြင့် စက်အရန်ပစ္စည်းများ ထုတ်လုပ်ပေးသည့် စက်ပစ္စည်းများ ပြုပြင်မွမ်းမံပေးရသည့် စက်ပစ္စည်းများကို ကောင်းမွန်အောင် ပြုပြင်ထားရန်၊ စက်ရုံရှိ ဝန်ထမ်းများသည် ပျော့ဖတ်နှင့် စက္ကူများထုတ်လုပ်သည့် လုပ်ငန်းအတွေ့အကြုံများ ရှိပြီးဖြစ်သော်လည်း ခေတ်မီ နည်းပညာများ ရရှိစေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ပြုလုပ်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း Daewoo Bus များအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**သတင်းစဉ်**

# မွန်ပြည်နယ်အတွင်း မြန်မာလုပ်သားထု ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်သမားဥပဒေများ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာလုပ်သားထု ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်သမားဥပဒေများ အသိပညာပေးဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ မွန်ပြည်နယ်လူမှုရေးဝန်ကြီး ဦးစောကြည်နိုင်နှင့် အလုပ်သမားရေးရာဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။





အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးက မြန်မာလုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်သမားဥပဒေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ မြန်မာနိုင်ငံတွင် အရည်အချင်း ပြည့်ဝသည့် လုပ်သားအင်အားထုဖွံ့ဖြိုး တိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွန်ပြည်နယ်အတွင်း လျှပ်စစ်တပ်ဆင်မှုကျွမ်းကျင်၊ အဆောက်အအုံလက်သမား၊ အုတ်စီလုပ်သား၊ ရေဘဲအစေးခြစ်လုပ်သား၊ သံချည်သံကွေးလုပ်သား၊ ဟိုတယ်စားပွဲထိုးဝန်ထမ်း၊ အိပ်ခန်းဆောင်ဝန်ထမ်း အလုပ်အကိုင်များအတွက် NSSA အသိအမှတ်ပြုကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းကို ၂၀၁၄ ခုနှစ်မှ ယနေ့အထိဖြေဆိုသူ ၁၀၃၄ ဦးအနက် အရည်အသွေးပြည့်မီသူ ၉၈၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး အုတ်စီလုပ်သား၊ အဆောက်အအုံလက်သမား၊ လျှပ်စစ်လုပ်သားကျွမ်းကျင်၊ ရေဘဲအစေးခြစ်လုပ်သား၊ သံချည်သံကွေးလုပ်သား၊ ဂဟေဆက်လုပ်သားများအတွက် စစ်ဆေးအကဲဖြတ်ရေးဌာန သုံးခုကို အသိအမှတ်ပြုထားပြီးဖြစ်၍ အလုပ်အကိုင်အမျိုးအစားအလိုက်ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်မှုများ ဘဏ္ဍာနှစ်အလိုက်စီမံချက်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အဓိကလိုအပ်သည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် MSME လုပ်ငန်းရှင်များမှ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း။

အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် (EC) စာချုပ်ချုပ်ဆိုခြင်းဖြင့် အလုပ်ရှင်နှင့် အလုပ်သမားများသည် အလုပ်သမားရေးရာ ဥပဒေပါ ခံစားခွင့်များကို သိရှိနားလည်၍ အငြင်းပွားမှု လျော့နည်းစေပြီး လုပ်ငန်းခွင်တည်ငြိမ်အေးချမ်း၍ ကုန်ထုတ်လုပ်မှု ပိုမိုတိုးတက်လာနိုင်ခြင်း၊ အငြင်းပွားမှုမဖြစ်စေရန် ကြိုတင်ကာကွယ်နိုင်ခြင်း၊ အငြင်းပွားမှုဖြစ်ပွားပါက အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (Workplace Coordinating Committee–WCC) အဖွဲ့မှ EC စာချုပ်ဖြင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်သဖြင့် နှစ်ဦးနှစ်ဖက် ရာနှုန်းပြည့် ချုပ်ဆိုရန် လိုအပ်ကြောင်း၊ ကျွမ်းကျင်လုပ်သား မွေးထုတ်ပေးနိုင်ရေး ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ အလုပ်ရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကူညီဆောင်ရွက်ရန်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့နယ်၌ (၇၇) ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား ကျင်းပ

**သထုံ ဖေဖော်ဝါရီ ၂၅**

မွန်ပြည်နယ် သထုံမြို့နယ်၏ (၇၇)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို သထုံမြို့နယ် မရမ်းကုန်းကျေးရွာ ဂျိုးဖြူကုန်းပိုင်းရှိ မွန်ဓမ္မာရုံ၌ ဖေဖော်ဝါရီ ၂၅ ရက် နံနက်က ကျင်းပသည်။



ဦးစွာ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးမင်းတင်နွယ်ဦးဆောင်၍ တက်ရောက်လာကြသည့် မွန်၊ ကရင်၊ ပအိုဝ်း၊ ဗမာ စသည့်တိုင်းရင်းသားများက မွန်အမျိုးသားအလံတော်ကို လွှင့်ထူအလေးပြုကြခြင်း၊ သံဃာတော်များထံမှ တရားနာယူပြီး ဆွမ်းနှင့်လှူဖွယ်များဆက်ကပ်လှူဒါန်းခြင်း၊ ဧည့်ခံကျွေးမွေးခြင်းများကို ပြုလုပ်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ သထုံမြို့နယ် ဝီယော်ကျေးရွာ အရိသာရာဘုမ္မိမွန်ကျောင်းဆရာတော် ဘဒ္ဒန္တညဏ အမှူးပြုသည့် သံဃာတော်များ၊ မြို့နယ်မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌနှင့် မြို့အဆင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မွန်၊ ကရင်၊ ပအိုဝ်း၊ ဗမာတိုင်းရင်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ ဖေဖော်ဝါရီ ၂၅ ရက် နံနက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်နှင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများနှင့် မီးသတိမူရေးတို့အတွက် စက်သုံးဆီဆိုင်များအား စစ်ဆေးစဉ်။**

ခရိုင်မီးသတ်

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ
# တာချီလိတ်မြို့ရှိ ကုန်သွယ်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၁)နှင့်(၂)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပို့ကုန်ကြေညာလွှာ (Export Declaration- ED)နှင့် သွင်းကုန်ကြေညာလွှာ (Import Declaration- ID) များ မှန်ကန်မှုရှိစေရေးဌာနဆိုင်ရာ One Stop Service(OSS) အဖွဲ့များက စနစ်တကျစိစစ်စစ်ဆေးရန်၊ သတ်မှတ်နယ်စပ်မြို့ကို ဖြတ်ကျော်၍ ပြည်တွင်းသို့ တင်သွင်းမည်ဆိုပါက သွင်းကုန်လုပ်ထုံးလုပ်နည်းများအတိုင်း သွင်းကုန်လိုင်စင်ရယူခြင်း၊ အခွန်အရပ်ရပ်ပေးဆောင်ခြင်းများ ဆောင်ရွက်ရေးတို့ကို စိစစ်ကြပ်မတ်ရန်နှင့် တရားမဝင် တင်ပို့တင်သွင်းခြင်းများမရှိစေရေး အလေးထားဆောင်ရွက်ရန်တို့ကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မဲခေါင်အပြည်ပြည်ဆိုင်ရာ မြစ်တွင်းဆိပ်ကမ်း(ဝမ်ပုံ)၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မဲခေါင်မြစ်မှ သယ်ဆောင်လာသည့် ကုန်ပစ္စည်းကို စစ်ဆေးရာ၌ ကြန့်ကြာမှုမရှိစေရေးနှင့် မှန်ကန်သည့်ကုန်သွယ်မှုဖြစ်စေရေး အလေးထားဆောင်ရွက်ရန်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်တို့ကိုမှာကြားကာ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ကျိုင်းလပ်ကုန်သွယ်ရေးစခန်းနှင့် မြန်မာ-လာအို ချစ်ကြည်ရေးတံတားရှိ Border Control Facility (BCF) ဂိတ်၌ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျိုင်းလပ်(မြန်မာ)-ကျိုင်းခုတ်(လာအို) ချစ်ကြည်ရေးတံတားကို အသုံးပြု၍ မြန်မာ-လာအိုနှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်ဆင့်ခံဖြတ်သန်းကုန်သွယ်မှု (Transit Trade) တိုးတက်ဖြစ်ထွန်းရေးတို့အတွက် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ဒေသရှိတိုင်းရင်းသား ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ချောင်းဝတံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

**❍ ရွှေဖုံးမှ**

လက်ရှိ ငရုတ်ကောင်းမြို့မှ မြောက်ဘက်ပိုင်း ၇၀မြို့နယ်အထိ ငရုတ်ကောင်း-ဆင်မ-ငွေဆောင်-ချောင်းသာ-ရွှေသောင်ယံ-မကျီးဇင်-ကျောက်ချွန်-၇၀ ကမ်းခြေပတ်လမ်းစီမံကိန်းကို လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသောကြောင့် ချောင်းဝ တံတားသည်လည်း ကမ်းခြေပတ်လမ်း၏ တစ်စိတ်တစ်ပိုင်း ဖြစ်လာမည်ဖြစ်သည်။ အဆိုပါ ကမ်းခြေပတ်လမ်းနှင့် ချောင်းဝတံတား တည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်ပြီးစီးပြီဆိုပါက ငရုတ်ကောင်းတောင်ဘက်ပိုင်းရှိ ဂေါ်ရန်ဂျီကျွန်းအထိ လမ်းများ တစ်ဆက်တစ်စပ်တည်း ဖြစ်သွားမည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေး စီမံကိန်းကို တာဝန်ယူဆောင်ရွက်နေသည့် တံတားအထူးအဖွဲ့(၁၆)မှ သိရသည်။

လက်ရှိတည်ဆောက်နေသည့် ချောင်းဝတံတားအရှည်မှာ ပေ ၁၂၈၀ ရှိမည်ဖြစ်ပြီး တံတား၏ အပေါ်ထည် အမျိုးအစားမှာ PC Girder၊ RC Girder & RC Slab ဖြစ်ကာ တံတား၏ကိုယ်ထည်မှာ RC ကွန်ကရစ် အမျိုးအစားဖြစ်သည်။ တံတားအောက်ခံအုတ်မြစ်များအား အချင်း ၁ ဒသမ ၅ မီတာနှင့် အချင်း ၁ ဒသမ ၂ မီတာရှိသည့် ဘိုးပိုင်များဖြင့် တည်ဆောက်ထားပြီး အချင်း ၂ ဒသမ ၄၄ မီတာရှိသည့် Caisson Foundation ဖြင့် တည်ဆောက်ထားကာ တံတားခန်းဖွင့်အကျယ် မီတာ ၂၀ ခန်းဖွင့် ၁၂ ခန်းနှင့် အကျယ် မီတာ ၃၀ ခန်းဖွင့် ငါးခန်းတို့ဖြင့် ပါဝင်တည်ဆောက်ထားသည်။ ယာဉ်သွားလမ်းအသွား တစ်လမ်း၊ အပြန်တစ်လမ်းပါဝင်သော အကျယ် ၂၄ ပေရှိသည့် နှစ်လမ်းသွားတံတားဖြစ်ပြီး လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၃ ပေ ၆ လက်မစီ ပါဝင်မည်ဖြစ်ကာ ရေလမ်းကင်းလွတ် အကျယ် ၂၄ မီတာနှင့် အမြင့် ၁၂ ဒသမ ၂ မီတာရှိမည်ဖြစ်၍ တံတားခံနိုင်ဝန်မှာ ခွင့်ပြုယာဉ်အလေးချိန် (ယာဉ်+ကုန်) တန် ၆၀ ဖြစ်ကြောင်း သိရသည်။

"ကမ်းခြေပတ်လမ်း မရှိတဲ့အတွက် ဒေသခံပြည်သူတွေဟာ ဆိုရင် တစ်နေရာကနေ တစ်နေရာကို သွားရာမှာရေကြောင်းကနေပဲ ဆက်သွယ် သွားလာနေကြရပြီး နီးစပ်ရာ ရွာကြီးတွေကနေတစ်ဆင့် သွားကြရပါတယ်။ လက်ရှိဆောင်ရွက်နေတဲ့ ကမ်းခြေပတ်လမ်း ပြီးစီးပြီဆိုရင်တော့ လမ်းခရီးချောမွေ့မှာ ဖြစ်တဲ့အတွက် ကမ်းခြေအနီးအနားမှာရှိတဲ့ တံငါရွာလေးတွေက ဒေသခံတွေဟာ ဆိုရင် တစ်နေရာနဲ့ တစ်နေရာကို ဆိုင်ကယ်၊ မော်တော်ယာဉ်တွေနဲ့ သွားလာနိုင်ကြမှာဖြစ်ပြီး ဒေသထွက် ဆန်၊ စပါး၊ သား/ငါး၊ သီးနှံတွေကိုလည်း အဆင်ပြေလွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ကြမှာ ဖြစ်တဲ့အတွက်ကြောင့် ကုန်စည်စီးဆင်းမှုတွေ ဖွံ့ဖြိုးတိုးတက်စေဖို့ကိုပါ အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်" ဟု တံတားတည်ဆောက်ရေးစီမံကိန်း တာဝန်ခံအင်ဂျင်နီယာက ရှင်းပြသည်။

အဆိုပါ ချောင်းဝတံတား တည်ဆောက်ရေး စီမံကိန်းကို ပြီးခဲ့သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်အကောင်ထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ယခုအခါ တံတားအောက်ခံ အုတ်မြစ်၊ ကိုယ်ထည်နှင့် အပေါ်ထည် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သောကြောင့် တံတားကြမ်းခင်းနှင့် လက်ရန်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ချောင်းဝတံတား တည်ဆောက် ပြီးစီးပြီဆိုပါက စိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်းကိုသာ အားထားလုပ်ကိုင်နေကြရသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများမှာ ဒေသထွက် ဆန်၊ စပါး၊ သား/ငါး၊ သီးနှံများကို အဆင်ပြေလွယ်ကူချောမွေ့စွာ ဖြတ်သန်းသွားလာသယ်ယူပို့ဆောင်နိုင်ကြတော့မည်ဖြစ်၍ ဒေသခံပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ပွင့်သစ္စာ**
**ဓာတ်ပုံ - စိုးမြင့်အောင်**

# ကွန်ဟိန်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၉၂ သိန်း ထုတ်ချေး

**ကွန်ဟိန်း ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ နဝမအကြိမ်မြောက် ထုတ်ချေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက လိုက်ကမ်ကျေးရွာ၌ ထုတ်ချေးပေးသည်။

ဦးစွာ ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဆန်းက လိုက်ကမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

## လွှဲပြောင်းပေးအပ်

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ဦးစီးအရာရှိနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လိုက်ကမ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၀ အား ငွေကျပ် ၃၅၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးအား ငွေကျပ် ၁၂၅ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးအား ငွေကျပ် ၁၀ သိန်း စုစုပေါင်း အသင်းသား အသင်းသူ ၅၄ ဦးအား အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင် စေရန် ရည်ရွယ်၍ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉၂ သိန်းကို အသင်းသား အသင်းသူများ၏ တစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂



# ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# ဆဋ္ဌမအကြိမ် ရန်ကုန်တိုင်းဒေသကြီး သံဃာ့ဝန်ဆောင်(ပဉ္စမ)နှစ်ပတ်လည် အစည်းအဝေးကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆဋ္ဌမအကြိမ် တိုင်းသံဃာ့ဝန်ဆောင်(ပဉ္စမ) နှစ်ပတ်လည်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ရုံး မင်္ဂလာဈေးဓမ္မာရုံ၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ ရန်ကုန်တိုင်း သံဃနာယကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး သံဃာ့ဝန်ဆောင်ဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇနက၏ ဩဝါဒကထာကို ရန်ကုန်တိုင်းဒေသကြီး ဩဝါဒါစရိယဆရာတော်ဘဒ္ဒန္တအာဒိစ္စဝံသက ဖတ်ကြားလျှောက်ထားသည်။



ဆက်လက်၍ သဘာပတိဆရာတော်ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ ဒွိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအဂ္ဂသာမိက အဖွင့်ဩဝါဒကထာမြွက်ကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် သဘာပတိဆရာတော် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တအဂ္ဂသာမိထံမှ ရေစက်ချတရား နာယူကြသည်။

ယင်းနောက် သာသနာ့ရေးရာ ဆောင်ရွက်ချက် အစီရင်ခံစာကို ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလကလည်းကောင်း၊ ဝိနိစ္ဆယရေးရာဆောင်ရွက်ချက် အစီရင်ခံစာကို ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တသီရိန္ဒကလည်းကောင်း၊ ပညာရေးဆိုင်ရာ ဆောင်ရွက်ချက် အစီရင်ခံစာကို ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တ ဝိသာရဒ ကလည်းကောင်း ဖတ်ကြားကြပြီး သဘာပတိဆရာတော် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တအဂ္ဂသာမိက နိဂမနကထာမြွက်ကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအေးထွန်း ဝန်ထမ်းအိမ်ရာများနှင့် လူပျိုဆောင်၊ အပျိုဆောင်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်တို့မှ ဝန်ထမ်းများ နေထိုင်သည့် လူပျိုဆောင်/ အပျိုဆောင်များနှင့် ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးလမ်းညွှန်ချက်များ၊ လုံခြုံရေးသတိနှင့် ဝန်ထမ်းအိမ်ရာသတ်မှတ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ဒုတိယဝန်ကြီးသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဘောဂသိဒ္ဓိရပ်ကွက် သဇင်(၄) အဆောင်(၂၀) အပျိုဆောင်နှင့် သဇင်(၅) အဆောင် (၆) လူပျိုဆောင်၊ ခနသိဒ္ဓိရပ်ကွက်ရှိ အရာထမ်းအိမ်ရာ တိုက်အမှတ် (၁၂၀၃)၊ အမှုထမ်းအိမ်ရာ တိုက်အမှတ် (၁၃၇၁)၊ (၁၃၇၂)၊ (၁၃၇၇)၊ (၁၃၂၁)၊ (၁၃၂၈)နှင့် မင်္ဂလာသိဒ္ဓိရပ်ကွက်ရှိ အရာထမ်းအိမ်ရာ တိုက်အမှတ်(၁၀၇) တို့သို့ ရောက်ရှိပြီး ဝန်ထမ်းအိမ်ရာလုံခြုံရေးအတွက် သူစိမ်းဧည့်သည်များ၊ မသက်ဆိုင်သူများ လက်ခံထားရှိခြင်းမပြုရန်၊ ဆွေမျိုးသားချင်းများ လာရောက်တည်းခိုနေထိုင်ပါက သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများသို့ ဧည့်စာရင်းတိုင်ကြားရန်၊ ဝန်ထမ်းအိမ်ရာများတွင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန်နှင့် သတ်မှတ်ထားသော ဝန်ထမ်းအိမ်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






မကွေးတိုင်းဒေသကြီး သရက်မြို့၌ ခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေးနှင့် တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂၅ ရက်တွင် အောက်ဆီဂျင်စက်ရုံနှင့် ကျောက်ကပ်သွေးသန့်စင်ဌာနတို့ကို မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးသတ်ဆေးဘူးများ လှူဒါန်းစဉ်။

ခရိုင်(ပြန်/ဆက်)

# မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း(၆၀) ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# မူဆယ်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်

**မူဆယ် ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့စည်ပင်သာယာဈေးများ မီးဘေးအန္တရာယ်ကင်းဝေးစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို မူဆယ်မြို့အမှတ် (၁)၊ အမှတ် (၂) စည်ပင်သာယာ ဈေးများရှိ မီးသတ်ဆေးဘူးများ၊ ရေစုပ်စက်များ၊ ရေသိုလှောင်ကန်များ၊ လျှပ်စစ်မီးကြိုး ကြံ့ခိုင်မှုများကို တာဝန်ရှိသူများက စစ်ဆေးပြီး ဈေးသူ ဈေးသားများက မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်ကာ မူဆယ်ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များက ဈေးသူ ဈေးသားများအား မီးဘေးအန္တရာယ် ကြုံတွေ့လာပါက လက်တွေ့ မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြလေ့ကျင့်ပေးသည်။



ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သည့်အတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို မူဆယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်း၊ ခရိုင် မီးသတ် ဦးစီးမှူး ဦးနေဝင်းတိုး၊ မြို့နယ်စည်ပင်သာယာရေးဌာန ခေတ္တအမှုဆောင်အရာရှိ ဦးမြင့်ကျော်သူနှင့်ဈေးသူဈေးသားများပူးပေါင်း၍ စည်ပင်ယာယာဈေးများ မီးဘေးအန္တရာယ်ကင်းဝေးစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်ကာကွယ်ရေးတွင် တပ်မတော်နှင့် အရပ်ဘက်ဆိုင်ရာ ဝန်ထမ်းကောင်းများကို မွေးထုတ်ပေးလျက်ရှိသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC)မှ ရင်တွင်းစကားသံများ

တွေ့ဆုံမေးမြန်း
သတင်းအဖွဲ့

**ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်ကို ဖွဲ့စည်းတည်ထောင်ထားကြသည်။ နိုင်ငံတော်ကာကွယ်လိုသည့်စိတ်ဓာတ် မွေးဖွားပေါ်ပေါက်စေသည့် ကနဦးအခြေခံပညာအဆင့်တွင် ကင်းထောက်လူငယ်များအဖြစ်လည်းကောင်း၊ တက္ကသိုလ်အဆင့်တွင် တက္ကသိုလ်အရန်တပ်ရင်းဟုခေါ်ဆိုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်များအဖြစ်လည်းကောင်း လေ့ကျင့်သင်ကြားပေးလေ့ရှိသည်။ ထိုသို့လေ့ကျင့်သင်ကြားပေးရာတွင် ကျောင်းသား ကျောင်းသူများ စစ်ပညာသင်ကြားတတ်မြောက်စေရန်နှင့် ကိုယ်ကာယကျန်းမာကြံ့ခိုင်စေရန်ရည်ရွယ်၍ ရွေးချယ်လေ့ကျင့်သင်ကြားပေးခဲ့သည်။**

၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် စတင်ပေါ်ပေါက်ပြီး တစ်နှစ်ခွဲအကြာ ၁၉၂၂ ခုနှစ် ဇွန်လတွင် တက္ကသိုလ်လေ့ကျင့်ရေး အရန်တပ်ရင်း (University Training Corps) ဖွင့်လှစ်ခဲ့သည်။ ၁၉၂၂ ခုနှစ် ဇွန်လတွင် အိန္ဒိယနယ်မြေ တပ်ဖွဲ့ဥပဒေအရ အမှတ်(၆) မြန်မာပြည်တပ်ရင်း၊ တက္ကသိုလ်လေ့ကျင့်ရေး အရန်တပ်ဖွဲ့အဖြစ် စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၂၂ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ တက္ကသိုလ်အရန်တပ်ရင်း လေ့ကျင့်ရေး သင်တန်းများကို ဖွင့်လှစ်ခဲ့ပြီး ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်ကာလတွင် တက္ကသိုလ်အရန်တပ်ရင်း၏ ဆောင်ရွက်မှုများ ရပ်ဆိုင်းခဲ့သည်။

၁၉၅၂ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် တက္ကသိုလ်အရန်တပ်ရင်း (ရန်ကုန်)ကို ပြန်လည်ဖွဲ့စည်းခဲ့၍ တပ်မတော် အင်အားရှိမှ တိုင်းပြည်စွမ်းအား တောင့်တင်းခိုင်မာမည်ဖြစ်ရာ ထိုသို့တိုင်းပြည်အင်အား တောင့်တင်းခိုင်မာမှုသည် ကျောင်းသား၊ လူငယ်တို့၏ လက်ဝယ်တွင် တည်ရှိလျက်ရှိသည်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် အမျိုး၊ ဘာသာ၊ သာသနာကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်လိုသောစိတ်ဓာတ်သည် စစ်ပညာ ကာကွယ်ရေး လေ့ကျင့်သင်ကြားမှုမှ မွေးဖွားလာလေ့ရှိရာ နိုင်ငံ့ခေါင်းဆောင်များစွာကို မွေးထုတ်ပေးလျက်ရှိသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC)မှ တာဝန်ရှိသူတို့၏ ရင်တွင်းစကားသံတို့ကို စုစည်းဖော်ပြလိုက်ပါသည်။



၁၉၆၂ ခုနှစ်တွင် တက္ကသိုလ်အရန်တပ်ရင်း(ရန်ကုန်)အား ဖွဲ့စည်းပုံအရ အသစ်ပြန်လည်ဖွဲ့စည်းခဲ့ရာ အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်ဟု အမည်ပြောင်းလဲခဲ့သည်။ ထို့မှတစ်ဖန် ၁၉၈၈ ခုနှစ်နောက်ပိုင်း ပြန်လည်ဖွင့်လှစ်ခဲ့ရာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အမှတ်(၂) တက္ကသိုလ်လေ့ကျင့်ရေးတပ်(မန္တလေး)နှင့် အမှတ်(၃) တက္ကသိုလ် လေ့ကျင့်ရေးတပ် (မော်လမြိုင်)တို့ကိုလည်း ဖွင့်လှစ်ခဲ့သည်။

မြန်မာနိုင်ငံ တစ်ဝန်းတွင် တက္ကသိုလ်လေ့ကျင့်ရေးတပ် ရှစ်ခု ရှိပြီး ခုနစ်ခုသည် လေ့ကျင့်ရေးသင်တန်းများအတွက် တာဝန်ထမ်းဆောင်လျက် ရှိသည်။ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ နေပြည်တော်၊ ပုသိမ်၊ တောင်ငူတို့တွင် UTC များ ရှိပြီး လက်ရှိပုသိမ်မြို့တွင် ဖွင့်လှစ်လျက်ရှိသည်။



ဒေါက်တာတင်မောင်ထွန်း



ဗိုလ်ကြီးမင်းဝင်းမွန်



ဦးဇင်မောင်ဦး

**ဒေါက်တာတင်မောင်ထွန်း**
**(ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်၊ အကြံပေးအဖွဲ့ဥက္ကဋ္ဌ)**

တက္ကသိုလ် လေ့ကျင့်ရေးတပ် (UTC)ကို တက်ရောက်ခွင့်ရတဲ့အတွက် ခန္ဓာကိုယ်သန်စွမ်းမှု၊ ကျန်းမာရေးကောင်းမွန်မှုနဲ့ မိမိကိုယ်ကို ယုံကြည်မှုရှိလာခြင်း၊ အမိန့်နာခံတတ်မှုနဲ့ စည်းကမ်း ကောင်းမွန်လာခြင်း၊ အဖွဲ့လိုက် ဆောင်ရွက်ရတဲ့အတွက် ခေါင်းဆောင်မှုအခြေခံသဘောတရားကို သိရှိနားလည်မှုမှ ပူးပေါင်းဆောင်ရွက်တတ်တဲ့စိတ်ထား ဖြစ်ပေါ်လာခြင်း၊ လက်နက်ငယ်တွေကို ကိုင်တွယ်ပစ်ခတ်တတ်လာတဲ့ အပြင် တပ်ကြပ်အဆင့် စစ်နည်းဗျူဟာတွေကိုလည်း တတ်မြောက်ခြင်း စတဲ့အကျိုးကျေးဇူးတွေ ရရှိစေပါတယ်။ တက္ကသိုလ်လေ့ကျင့်ရေးသင်တန်းကို တက်ရောက်ပြီး တပ်မတော်ကိုမဖြစ်မနေဝင်ရောက်ရမယ်ဆိုတဲ့ သတ်မှတ်ထားတာ မရှိပါဘူး။ သို့သော်လည်း တိုင်းပြည်ကာကွယ်ဖို့ ထမ်းဆောင်လိုတဲ့ ကျောင်းသား ကျောင်းသူတွေအတွက်တော့ လုံလောက်တဲ့ အထောက်အကူ ဖြစ်စေပါတယ်။

နိုင်ငံ့တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်ကြမယ့် လူငယ် ကျောင်းသား ကျောင်းသူတွေ အနေနဲ့ နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို ထမ်းဆောင်တဲ့အခါမှာ တက္ကသိုလ် လေ့ကျင့်ရေးတပ်က လေ့ကျင့် သင်ကြားပေးခဲ့တဲ့ စစ်ပညာနဲ့ အုပ်ချုပ်မှုဘာသာရပ်တွေက စစ်ဘက်၊ အရပ်ဘက်နဲ့ ကိုယ်ပိုင်လုပ်ငန်းတွေ ဆောင်ရွက်ကြရာမှာ စီမံခန့်ခွဲမှုဖြစ်တဲ့ အုပ်ချုပ်မှုပိုင်းဆိုင်ရာကိုလည်း အထောက်အကူဖြစ်စေပါတယ်။ သင်တန်းတက်ရောက်ရာမှာ ခံယူချက်၊ ပြင်းပြတဲ့စိတ်နဲ့ လေ့ကျင့်သင်ကြားခံယူမှုအပေါ်မှာ မူတည်ပြီး တစ်ချိန် မိမိအနာဂတ်ကိုပုံဖော်ရာမှာ အထောက်အပံ့ဖြစ်စေတဲ့အပြင် နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို ထမ်းဆောင်လိုတဲ့ ကျောင်းသား ကျောင်းသူတွေ အတွက် ပိုပြီးအကျိုးရှိစေပါတယ်။

အနာဂတ် လူငယ်တွေဟာ နိုင်ငံတော်အတွက် သာမက တပ်မတော်အတွက်လည်းအရေးပါပါတယ်။ UTC နှပျိုစဉ်အချိန်ကစပြီး ယခုရင့်ကျက်လာတဲ့ကာလအထိ မွေးထုတ်ပေးခဲ့တဲ့ ကျောင်းသား ကျောင်းသူတွေဟာ နိုင်ငံတော် ကာကွယ်ရေးအတွက် လိုအပ်လာတဲ့အချိန်မှာ တက္ကသိုလ်လေ့ကျင့်ရေးတပ်တွေက ပူးပေါင်းဆောင်ရွက်ခဲ့တာဟာ အစဉ်အလာရှိခဲ့ပြီးသားပါ။ ဒါကြောင့်တက္ကသိုလ်အရန်တပ်ရင်းတွေက ထိုသို့သော ပုဂ္ဂိုလ်များ ပေါ်ထွန်းလာမယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ ကျောင်းသားဘဝ ကတည်းက UTC ရှိနေတာ ဖြစ်တဲ့အတွက် ထိုတပ်ရင်းတွေက ထွက်ပေါ်လာတဲ့ နိုင်ငံ့ခေါင်းဆောင်တွေဟာ ယနေ့ဌာနအသီးသီးမှာ နိုင်ငံ့တာဝန် ထမ်းဆောင်နေတာကို တွေ့ရမှာပါ။ နိုင်ငံအတွင်းက ကျောင်းသား ကျောင်းသူနဲ့ ပြည်သူတွေအားလုံး အမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ကိုယ်စီ ရှိကြပါတယ်။ လိုအပ်ရင် လိုအပ်သလို နိုင်ငံတာဝန်ကို ထမ်းဆောင်ဖို့ လေ့ကျင့်သင်ကြားပေးနိုင်တဲ့ တက္ကသိုလ်လေ့ကျင့်ရေးတပ်မှာ လေ့ကျင့်သင်ကြားဖို့ ကျောင်းသား ကျောင်းသူတွေကို တိုက်တွန်းလိုပါတယ်။ UTC ဟာ နိုင်ငံသားကောင်း များစွာကို မွေးထုတ်ပေးနေတဲ့ သင်တန်းတစ်ခုလည်း ဖြစ်ပါတယ်။

**ဗိုလ်ကြီးမင်းဝင်းမွန်**
**(အမှတ်(၁)တက္ကသိုလ်လေ့ကျင့်ရေးတပ်၊ တပ်မှူး)**

တက္ကသိုလ် အရန်တပ်ရင်းကို ကိုလိုနီခေတ် ၁၉၂၂ ခုနှစ်ကနေ ၁၉၄၂ ခုနှစ်အထိ သင်တန်းဖွင့်လှစ်ခဲ့ပြီး ဒုတိယကမ္ဘာစစ်ဖြစ်ပွားချိန်မှာ ရပ်ဆိုင်းသွားပြီးတော့ ၁၉၅၂ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်အထိ ဖွင့်လှစ်ခဲ့ပါတယ်။ အမှတ်(၁) တက္ကသိုလ် လေ့ကျင့်ရေးတပ် အနေနဲ့ ၂၀၁၄ ခုနှစ်မှ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်။ တက္ကသိုလ် လေ့ကျင့်ရေးတပ်ကို ဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်က စာသင်ကာလပြီးဆုံးသွားချိန်မှာ တပ်မတော်မှာ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ဖို့အတွက် သင်လျော်တဲ့ သင်တန်းတစ်ခု သင်ကြားပေးနိုင်ဖို့၊ သင်တန်းတက်ရောက်ပြီးတဲ့ ကျောင်းသား ကျောင်းသူတွေဟာ နိုင်ငံတော် အရေးကြုံလာချိန်မှာ စုဆောင်းထားရှိဖို့ဖြစ်ပါတယ်။

UTC သင်တန်းကို နှစ်မျိုးခွဲပြီး လေ့ကျင့်သင်ကြားပေးပါတယ်။ ပထမသင်တန်းက အခြေခံစစ်ပညာသင်တန်းပါ။ နောက်တစ်မျိုးက တန်းမြင့်စစ်ပညာသင်တန်းပါ။ အခြေခံကို အောင်မြင်ပြီးရင် တန်းမြင့်စစ်ပညာကို တက်ရောက်သင်ကြားခွင့် ရပါတယ်။ အခြေခံစစ်ပညာ သင်တန်းကို တပ်သားကြီးအဆင့်အထိ လေ့ကျင့်ပေးပြီးတော့ တန်းမြင့်စစ်ပညာသင်တန်းကို အကြပ်အဆင့်အထိ သင်ကြားပေးပါတယ်။ သာမန်သင်တန်းချိန်မှာ ဆရာ ဆရာမနဲ့ ကျောင်းသား ကျောင်းသူတွေကို ခရီးအကွာအဝေးပေါ် မူတည်ပြီး ခရီးစရိတ်ပေးပါတယ်။ စစ်ဝတ်စုံကိုးမျိုးလည်း ထုတ်ပေးပါတယ်။ ရက် ၃၀ ထက်မပိုတဲ့ စခန်းချလေ့ကျင့်ရေး ကာလဆိုရင် သင်တန်းသားတွေရဲ့ ရာထူးအဆင့်အလိုက် လစာနဲ့ရိက္ခာလည်း ပေးပါတယ်။ UTC သင်တန်းဟာ သူတို့ရဲ့ဆန္ဒအရ တက်ရောက်ခွင့်ရတဲ့ သင်တန်းတစ်ခုပါ။ နိုင်ငံချစ်စိတ်၊ တပ်မတော်ကိုချစ်မြတ်နိုးစိတ်၊ တပ်မတော်သားတွေရဲ့ဘဝကို သိရှိခံစားလိုတဲ့စိတ်၊ ကိုယ်ချင်းစာနာတတ်တဲ့စိတ်တွေနဲ့ သင်တန်းတက်ရောက်ကြတဲ့ UTC ကျောင်းသား ကျောင်းသူတွေလည်း ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့အကျိုးစီးပွားအတွက် အရန်ဆိုတာရှိပါတယ်။ ဥပမာအားဖြင့် အမျိုးသားအကျိုးစီးပွားအတွက် ရွှေကိုအရန်အဖြစ် စုတာ၊ မဟာဗျူဟာမြောက် စွမ်းအင်အတွက် ရေနံကို အရန်ထားတာ၊ အင်အားကြီးနိုင်ငံတွေဆိုရင် မဟာဗျူဟာမြောက် တွင်းထွက်ပစ္စည်းတွေ ဖြစ်တဲ့ လေယာဉ်ထုတ်လုပ်တဲ့ သတ္တုတွေ၊ ဒုံးကျည်ထုတ်လုပ်တဲ့ သတ္တုတွေကို အရန်အဖြစ်ထားရှိလေ့ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဆိုရင်လည်း တိုင်းပြည်ကာကွယ်ရေးအတွက် UTC က လေ့ကျင့်ပြီးသား အရန်တပ်ဖွဲ့ဝင်တွေကို အရန်အဖြစ် စုဖွဲ့ပေးတဲ့ တပ်ဖွဲ့ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူအားလုံး မျိုးချစ်စိတ် ရှင်သန်ထက်မြက်နေမှ နိုင်ငံတော်ကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ အထူးသဖြင့် UTC တပ်ဖွဲ့ဝင်တွေဟာလည်း မျိုးချစ်စိတ်ထက်သန်ဖို့လိုပြီး UTC ကိုဝင်ရောက်လာသူတွေဟာလည်း မျိုးချစ်စိတ်ကို အရင်းခံပြီး ဝင်ရောက်လာသူတွေပဲဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဟာ UTC တက်ရောက်ပြီး စစ်တက္ကသိုလ် တက်ရောက်ခဲ့သူဖြစ်ပါတယ်။ ယခု အဆောက်အအုံရှေ့မှာပဲ နည်းပြဆရာနဲ့ သင်တန်းတက် ကျောင်းသားတွေ စုပေါင်းမှတ်တမ်းတင်ထားတာလည်း ရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းအပါအဝင် နယ်ဘက်တွေမှာလည်း တာဝန်ထမ်းဆောင်နေတဲ့ UTC ကျောင်းသားဟောင်းများစွာ ရှိနေပါတယ်။ နိုင်ငံတော်ကာကွယ်ရေးဟာ နိုင်ငံသူ နိုင်ငံသားအားလုံးမှာ တာဝန်ရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေဟာ နိုင်ငံသူ နိုင်ငံသားတွေဖြစ်တဲ့အတွက် အမိနိုင်ငံကိုကာကွယ်ဖို့ မွေးရာပါ တာဝန်တစ်ခုလည်း ဖြစ်ပါတယ်။

**ဦးဇင်မောင်ဦး**
**(ဒဂုံတက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာန တွဲဖက်ပါမောက္ခ)**

တက္ကသိုလ် လေ့ကျင့်ရေးတပ် ပြန်လည်ဖွင့်လှစ်ချိန် အမှတ်(၂) တက္ကသိုလ် လေ့ကျင့်ရေးတပ် (မန္တလေး) ဖွင့်လှစ်ချိန်ကစပြီး တာဝန် ထမ်းဆောင်ခဲ့ပါတယ်။ သင်တန်းတက်ရောက်တဲ့ကျောင်းသား ကျောင်းသူတွေဟာ စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်ကြတာတွေ့ရပါတယ်။ တက္ကသိုလ် လေ့ကျင့်ရေးတပ်မှာ တက်ရောက်သင်ကြားခြင်းဟာ တပ်မတော်က

စာမျက်နှာ ၇ သို့ ✪





ဒေါ်မေသူငြိမ်း



ဦးအောင်စိုး



မောင်ဇွဲထက်အောင်



မအေးငြိမ်းသူ

✪ စာမျက်နှာ ၆ မှ
သင်ကြားပေးတဲ့ သင်တန်းတွေဖြစ်တာကြောင့် အမိန့်နာခံတတ်မှု၊ ဒါပြီးရင် ဘာလုပ်ရမယ်ဆိုတဲ့ အချိန်ခွဲဝေသုံးစွဲတတ်မှု စတဲ့ အကျင့်ကောင်းတွေကို ရရှိစေပါတယ်။ စစ်သင်တန်းတွေကပေးလိုက်တဲ့ အခြေခံစစ်ရေးသဘောတရားတွေဟာ အခြားသောနေရာတွေမှာ အသုံးချဆောင်ရွက်နိုင်တာကိုလည်း တွေ့ရပါတယ်။

ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝမှာတုန်းက တက္ကသိုလ် လေ့ကျင့်ရေးတပ် (UTC) ပိတ်ထားတဲ့ကာလတစ်ခုဖြစ်နေတော့ တက္ကသိုလ်ကျောင်းဆရာဘဝကို ရောက်လာချိန် UTC ပြန်ဖွင့်ချိန်မှာ UTC ကို ဝင်ဖြစ်ခဲ့တယ်။ UTC ဟာ လူငယ်တွေအတွက် အလွန်လိုအပ်တဲ့သင်တန်းတစ်ခုလည်း ဖြစ်ပါတယ်။ အခြေခံစစ်ရေးပြသင်တန်း၊ လက်နက်ငယ်လေ့ကျင့်မှုသင်တန်း၊ စခန်းချလေ့ကျင့်ရေး အစီအစဉ်တွေ၊ တပ်မတော်ရဲ့ အခြေခံစစ်ရေးသဘောတရားတွေ၊ စခန်းဝင်လေ့ကျင့်မှုအစီအစဉ်တွေ၊ တပ်ဖွဲ့ပုံစံလေ့ကျင့်မှု အစီအစဉ်တွေနဲ့ စစ်ရေးပြလက်နက်ငယ် စတဲ့ ဘာသာရပ်တွေကို သင်ကြားပေးတဲ့ သင်တန်းတစ်ခုလည်း ဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်ပညာဟာ နိုင်ငံသားတိုင်းတတ်ထားရင် ပိုကောင်းပါတယ်။ ဘာလို့လဲဆိုတော့ ဒါကိုတတ်မြောက်ထားခြင်းအားဖြင့် မိမိကိုယ်ကို မိမိကာကွယ်နိုင်မယ်၊ မိမိရဲ့ရပ်ရွာ၊ မြို့နယ်ကို ကာကွယ်နိုင်မယ်။ ပြီးရင် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်တဲ့အဆင့်ထိ အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေလို့ပါ။

**ဒေါ်မေသူငြိမ်း**
**(ရန်ကုန်ပညာရေးတက္ကသိုလ် အမှတ်(၁)တက္ကသိုလ် လေ့ကျင့်ရေးတပ် တပ်ခွဲမှူး)**

တက္ကသိုလ် လေ့ကျင့်ရေးတပ်မှာသင်တန်းတက်ရောက်ခြင်းဟာ ရုပ်ပိုင်းဆိုင်ရာအပြင် ကိုယ်ကာယကျန်းမာကြံ့ခိုင်မယ်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာဆိုရင်လည်း ဆုံးဖြတ်ချက်ကို မှန်မှန်ကန်ကန် ချမှတ်နိုင်မယ်၊ မိမိကိုယ်ကို ယုံကြည်စွာဆောင်ရွက်နိုင်တဲ့ယုံကြည်မှုတွေ ရရှိစေပါတယ်။ လူမှုဆက်ဆံရေးအပိုင်းဆိုရင်လည်း အစုအဖွဲ့နဲ့ ပူးပေါင်း ဆောင်ရွက်တတ်တဲ့ အလေ့အကျင့်တွေ ရရှိစေပါတယ်။ တက္ကသိုလ်အသီးသီးကလာရောက်တက်ကြတဲ့ ကျောင်းသားတွေကို ခေါင်းဆောင်ပြီး ကြီးကြပ်ကွပ်ကဲရတဲ့အတွက် ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ ခေါင်းဆောင်မှုကောင်းအရည်အသွေးနဲ့ စီမံခန့်ခွဲမှုပိုင်းကိုလည်း သင်တန်းသားများ တတ်မြောက်စေပါတယ်။

ကျွန်မက တက္ကသိုလ်ဆရာမအဖြစ် တာဝန်ထမ်းဆောင်ချိန်မှာ UTC ဖွင့်ချိန်နဲ့ ကြုံကြိုက်ခဲ့တာကြောင့် တပ်ဖွဲ့ဝင်ဆရာမအနေနဲ့ UTC တက်ရောက်ခဲ့ပါတယ်။ UTC သင်တန်းဟာ အပြင်ကသင်တန်းတွေလို ငွေကြေးနဲ့ တက်ရောက်လို့ရတဲ့ သင်တန်းမျိုးမဟုတ်ပါဘူး။ မိမိတာဝန်ကျတဲ့တက္ကသိုလ်မှာ ဒီသင်တန်းဖွင့်ချိန်နဲ့ ကြုံကြိုက်မှသာ တက်ရောက်ခွင့်ရတာပါ။ UTC သင်တန်းကို တက်ရောက်ခြင်းဖြင့် တက္ကသိုလ်အသီးသီးက မတူညီတဲ့ဘာသာရပ်တွေကို သင်ကြားကြတဲ့ ဆရာ ဆရာမတွေအချင်းချင်း တွေ့ဆုံတဲ့အခါမှာ အတွေ့အကြုံတွေကို ဖလှယ်နိုင်တဲ့ အကျိုးကျေးဇူးများစွာလည်း ရရှိတယ်လို့ခံစားမိပါတယ်။ နိုင်ငံသားတွေအနေနဲ့ စစ်ပညာကို သင်ယူခြင်းဟာ နိုင်ငံတော်က လုပ်ဆောင်နေတဲ့ စီမံကိန်းတွေမှာ အထောက်အကူတစ်စုံတစ်ရာ အကျိုးသက်ရောက်မှု ဖြစ်စေမယ်လို့ ယုံကြည်ပါတယ်။ UTC သင်တန်းမှာ စာတွေ့၊ လက်တွေ့ သင်ကြားရတဲ့အပြင် တစ်နှစ်မှာတစ်ကြိမ် မိုးရာသီစခန်းဝင် လေ့ကျင့်မှုအစီအစဉ်တွေကြောင့် တောတွေ၊ တောင်တွေထဲ သွားရတာလည်း ရှိပါတယ်။ ဒီအတွေ့အကြုံတွေဟာ တပ်မတော်သားတစ်ယောက်ရဲ့နေ့စဉ်ဘဝကို ပိုပြီးစာနာနားလည်မိလာစေပါတယ်။

**ဦးအောင်စိုး**
**(ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ စီမံခန့်ခွဲမှုပညာဌာန၊ ကထိက)**

UTC သင်တန်းဟာ အဓိကအနေနဲ့ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာကို ကျန်းမာကြံ့ခိုင်စေပါတယ်။ စိတ်ဓာတ်ကြံ့ခိုင်မှုရှိစေပြီးတော့ ဘဝမှာစဉ်ဆက်မပြတ် အောင်မြင်သူတစ်ယောက်ဖြစ်ဖို့ဆိုရင် ကြံ့ခိုင်တဲ့စိတ်ဓာတ်ရှိဖို့လိုပါတယ်။ UTC ဟာ ဒါတွေကို အဓိက ပြုစုပျိုးထောင်ပေးပါတယ်။ ယနေ့ခေတ်မှာ တစ်ယောက်တည်း ဆောင်ရွက်ရတဲ့ အလုပ်မျိုးထက် အသင်းအဖွဲ့နဲ့ လုပ်ဆောင်ရတာတွေ များလာပါတယ်။ အသင်းအဖွဲ့မှာ မိမိပါဝင်တဲ့ အခန်းကဏ္ဍက တစ်ခါတလေ Leader ဖြစ်မယ်၊ တစ်ခါတလေ Follwer ဖြစ်မယ်။ Leader ဆိုရင်လည်း Good Leader၊ Follwer ဖြစ်ရင်လည်း ကောင်းမွန်တဲ့ Follwer အဖြစ်နဲ့ တပ်မတော်က စနစ်တကျ ပြုစုပျိုးထောင်ပေးပြီးသားဖြစ်တာကြောင့် အကျိုးကျေးဇူးများပါတယ်။

ဒီသင်တန်းကို တက်ရင် ဘာအကျိုးကျေးဇူး ရသလဲ။ ပညာရပ်ကတော့ မိမိအသုံးချတဲ့အပေါ်မှာ မူတည်ပါတယ်။ တက္ကသိုလ်ပဲဖြစ်ဖြစ်၊ စီးပွားရေးလုပ်ငန်းပဲဖြစ်ဖြစ် ရေရှည်အောင်မြင်တဲ့သူ ဖြစ်ဖို့အတွက် ကြံ့ခိုင်တဲ့စိတ်ကို ရရှိစေမှာဖြစ်ပါတယ်။ ရုပ်ပိုင်းနဲ့စိတ်ပိုင်းဆိုင်ရာကိုလည်း အထောက်အကူဖြစ်စေပါတယ်။ ဒီသင်တန်းကို တက်ရောက်ခဲ့ရတဲ့ကာလတွေမှာ ဆရာဆရာမတွေ၊ ကျောင်းသားကျောင်းသူတွေ၊ ပညာရှင်တွေဆုံဆည်းပြီး အချင်းချင်းပညာရပ်ဆိုင်ပိုင်းဆိုင်ရာ ဖလှယ်ခွင့်ရကြပါတယ်။ မိတ်ဆွေတိုးတယ်။ UTC သင်တန်းကို တက်ပြီးတဲ့နောက်မှာ ကိုယ်ချင်းစာတရား၊ စာနာနားလည်မှုတွေ ဆောင်ရွက်တတ်လာတယ်။ ဒါတွေဟာ အမှတ်တရ ကောင်းတွေပါပဲ။ မိမိတို့နိုင်ငံအနေနဲ့ ပထဝီအနေအထားရ မဟာဗျူဟာကျတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်နေပါတယ်။ နိုင်ငံကြီးနှစ်နိုင်ငံရဲ့ကြားမှာလည်း တည်ရှိနေပါတယ်။ မြန်မာနိုင်ငံဟာ ကုန်းတွင်းပိတ်နိုင်ငံမဟုတ်တာကြောင့် အခြားအခြားသောနိုင်ငံတွေရဲ့ စိတ်ဝင်စားခြင်းကို ခံနေရတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ နိုင်ငံသားတိုင်း၊ ကျောင်းသားကျောင်းသူတိုင်း စစ်ပညာတတ်မြောက်မယ်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာမှာ ခမ်းနားတဲ့စိတ်ဓာတ်ရှိနေမယ်ဆိုရင် ဘယ်နိုင်ငံကမှ စိုးမိုးစွက်ဖက်နိုင်မှာ မဟုတ်ပါဘူး။ အင်အားကောင်းတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေမှာပါ။ ပြည်သူတွေ ပူးပေါင်းပါဝင်ထောက်ပံ့ပေးမှသာ အင်အားကောင်းတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပေါ်လာမှာပါ။ ကိုယ်ကိုယ်တိုင်လည်း ဝင်ရောက် တာဝန်ထမ်းဆောင်မှသာ စာနာနားလည်နိုင်မှာဖြစ်တာကြောင့် စိတ်ခွန်အားတွေနိုးကြားပြီး တိုင်းပြည်ကာကွယ်ရေးမှာ များစွာ အထောက်အကူပြုနိုင်ပါစေလို့ တိုက်တွန်းလိုပါတယ်။

**မောင်ဇွဲထက်အောင်**
**(စတုတ္ထနှစ် ရက္ခဗေဒ၊ ဒဂုံတက္ကသိုလ်)**

တက္ကသိုလ် လေ့ကျင့်ရေးတပ်မှာ ပထမနှစ်တန်းမြင့်စစ်ပညာသင်တန်းကို တက်ရောက်ခဲ့ပါတယ်။ ရှေးဘုရင်လက်ထက်ကဆိုရင် ယောကျ်ားကောင်း ယောကျ်ားမြတ်ဆိုတာ အဌာရသက် ၁၈ ရပ်ကို တတ်မြောက်ရမယ်လို့ သတ်မှတ်ထားတာပါ။

ကျွန်တော်တို့ တက္ကသိုလ်လေ့ကျင့်ရေးတပ် စတက်တဲ့ အခြေခံ ပထမနှစ်ကနေပြီး တန်းမြင့်ဒုတိယနှစ်ထိ လေးနှစ်ဆက်တိုက် နည်းစနစ်ကျကျ တတ်မြောက်ဖို့အတွက် တပ်မှူးဗိုလ်ကြီးမင်းဝင်းမွန်နဲ့ အတူ သင်တန်းနည်းပြအရာရှိ၊ အရာခံ၊ ဆရာကြီးတွေကောင်းစွာသင်ကြားပေးခဲ့တာပါ။ ယခုလက်တွေ့အချိန်မှာ ကိုယ်လုပ်ရမယ့်လုပ်ငန်းကိစ္စတွေ အဆင်ပြေအောင်၊ အခက်အခဲတွေ ကြုံလာတဲ့အခါမှာလည်း ဖြေရှင်းတတ်အောင်၊ အုပ်ချုပ်မှုအပိုင်းမှာလည်း ဂျူနီယာညီငယ်၊ ညီမငယ်လေးတွေ ကိုလည်း ဘယ်လို အုပ်ချုပ်ရမယ်ဆိုတာ သင်ကြားပြသပေးနိုင်တဲ့အတွက် ကျွန်တော်တို့ သင်တန်းတက်ရောက်ခဲ့ရတာ အကျိုးကျေးဇူးများစွာ ရရှိစေပါတယ်။

ဒီသင်တန်းကို တက်ရောက်ပြီးတဲ့နောက်ပိုင်းမှာ အများတကာနဲ့ ရင်ပေါင်တန်းပြီးတော့ ဘယ်အဖွဲ့အစည်းမဆို ပါဝင်နိုင်တဲ့ စိတ်အားထက်သန်မှုကိုလည်း ရရှိလာပါတယ်။ တိုင်းပြည်ရဲ့အနာဂတ်အတွက် ကျောင်းသားလူငယ်တွေဟာ အလွန်ပဲအရေးကြီးပါတယ်။ ဥပမာအနေနဲ့ပြောရရင် တိုင်းပြည်ရဲ့အနာဂတ်ဟာ လေ့တစ်စင်းဆိုရင် နိုင်ငံတော် အကြီးအကဲတွေဟာ ပဲ့အနေနဲ့ ထိန်းပေးသူတွေပါ။ ရှေ့ဆက်ဖို့ဆိုတာ ကျွန်တော်တို့ လူငယ်တွေအနေနဲ့ အားပြိုင်လှော်ခတ်ကြဖို့ အရေးကြီးပါတယ်။ နိုင်ငံအေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် နိုင်ငံတော်နဲ့အတူ ကိုယ်တိုင်ပါဝင်ကြိုးစားမှသာ အောင်မြင်မှုပန်းတိုင်ကို တက်လှမ်းနိုင်မှာပါ။ နိုင်ငံနဲ့ ပြည်သူ အကျိုးရှိစေမယ့် လုပ်ဆောင်မှုတွေကို တစ်ထောင့်တစ်နေရာကနေ အကောင်းဆုံးဖြစ်အောင် ထမ်းဆောင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။

**မအေးငြိမ်းသူ**
**(စတုတ္ထနှစ်ရက္ခဗေဒ၊ ဒဂုံတက္ကသိုလ်)**

ကျွန်မက ဒဂုံတက္ကသိုလ် စတုတ္ထနှစ် ရက္ခဗေဒမှာ ပညာသင်ကြားနေတဲ့ မအေးငြိမ်းသူပဲဖြစ်ပါတယ်။ ကျွန်မက တက္ကသိုလ် လေ့ကျင့်ရေးတပ်မှ အခြေခံ ဒုတိယနှစ်သင်တန်းကို တက်ရောက်ခဲ့သူ ဖြစ်ပါတယ်။ ကျွန်မတို့လူငယ်တွေအနေနဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ဖို့ဆိုရင် ကျွန်မတို့လို လူငယ်တွေရဲ့ ကြိုးစားအားထုတ်မှု အထူးလိုအပ်ပါတယ်။ လူငယ်တွေရဲ့ ကြိုးစားအားထုတ်မှုကို နိုင်ငံတော်အနေနဲ့ ယုံကြည်မှုရှိရှိနဲ့ ထောက်ပံ့ပေးစေချင်ပါတယ်။ ကိုယ်တတ်မြောက်ထားတဲ့ ပညာရပ်တွေနဲ့ နိုင်ငံတော်ကာကွယ်ရေးမှာ တစ်ထောင့်တစ်နေရာကနေ ကူညီဖို့ရှိနေပါတယ်။

တက္ကသိုလ်လေ့ကျင့်ရေး အရန်တပ်ရင်းဟာ အခြေခံစစ်ရေးသဘောတရားတွေ သင်ကြားပေးတဲ့ သင်တန်းဖြစ်တဲ့အတွက် သင်တန်းတက်ပြီးနောက်ပိုင်းမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိစေပါတယ်။ စည်းစနစ်ကျလာတယ်။ အချိန်တွေကို စီမံခန့်ခွဲတတ်လာတယ်။ လူမှုပေါင်းသင်းဆက်ဆံရေးမှာလည်း ပိုပြီးတိုးတက်လာတယ်။ ယူနီဖောင်းဝတ်ထားတဲ့အချိန်မှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာတယ်။ သူများနဲ့ယှဉ်ရင် ငါဟာ နိုင်ငံတော်ကို ကာကွယ်နိုင်တဲ့ လူပါလားလို့ ခံစားချက်တွေ ဖြစ်လာတယ်။ Camp တွေ သွားတဲ့အခါမှာလည်း ကိုယ့်အားကိုယ်ကိုးတဲ့စိတ်တွေ၊ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်နိုင်တဲ့စိတ်တွေ၊ အသင်းအဖွဲ့နဲ့ နေတတ်တဲ့စိတ်တွေ၊ စုပေါင်းလုပ်ဆောင်နိုင်တဲ့စိတ်တွေ ဖြစ်ပေါ်စေပါတယ်။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ လူငယ်တွေအပေါ်မှာ အများကြီး မူတည်နေပါတယ်။ လူငယ်တွေဟာ တိုင်းပြည်ရဲ့ အနာဂတ် ခေါင်းဆောင်တွေဖြစ်တာကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်တွေကိုပဲ အားကိုးရမှာပါ။ ကျောင်းသားလူငယ်တွေ ဒီလိုသင်တန်းမျိုးကို တက်စေချင်ပါတယ်။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ တက်ပြီးတဲ့အခါမှာ အနည်းဆုံးတော့ မိမိကိုယ်ကိုကာကွယ်တတ်လာစေပါတယ်။ ကိုယ့်မိသားစု၊ ကိုယ်နေထိုင်တဲ့ပတ်ဝန်းကျင်၊ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်နဲ့ နိုင်ငံတော်ကို ကာကွယ်ချင်စိတ်ဖြစ်ပေါ်စေပါတယ်။ နိုင်ငံကိုချစ်တဲ့ မျိုးချစ်စိတ်တွေလည်း တက်ကြွလာစေပါတယ်။ ရန်ကုန်မှာ UTC သင်တန်းဖွင့်ရင် သင်တန်းဆက်တက်ဖို့ အသင့်ရှိနေပါတယ်။ တက်ရောက်သင်ကြားဖို့လည်း တိုက်တွန်းလိုပါတယ်။ အနည်းဆုံးတော့ မိမိနိုင်ငံအကြောင်း၊ တပ်မတော်သားတွေ တိုင်းပြည်အတွက် ဘယ်လိုကာကွယ်ပေးနေတယ် ဆိုတာ တစ်စိတ်တစ်ဒေသ ဖြစ်စေ၊ လက်တွေ့ကျကျဖြစ်စေ နားလည်သဘောပေါက်လာစေမှာပါ။

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဦးဆောင်၍ မြန်မာ့ရိုးရာထမနဲထိုးပွဲ ကျင်းပ




ပဲခူး ဖေဖော်ဝါရီ ၂၅

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော် မြတ်ကြီး ယာဉ်ရပ်နားကွင်း၌ ယမန်နေ့ ညနေပိုင်းက မြန်မာ့ရိုးရာထမနဲထိုးပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး မြန်မာစာဌာန ပါမောက္ခ ဒေါက်တာသဇင်သောင်းက တပို့တွဲလ ထမနဲထိုးပွဲနှင့်ပတ်သက်၍ သိကောင်းစရာများ ကိုလည်းကောင်း၊ ပဲခူးတက္ကသိုလ် ဒုတိယပါမောက္ခ ချုပ် ဒေါက်တာဆန်းယုမော်က ထမနဲထိုးပြိုင်ပွဲ စည်းကမ်းချက်များကိုလည်းကောင်း ဖတ်ကြား ရှင်းလင်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြိုင်ပွဲဝင်အသင်းများအား စတင်ယှဉ်ပြိုင်နိုင်ရန် မင်္ဂလာမောင်းသုံးချက်တီး၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေး ခဲ့သည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်အဖွဲ့သည် ပြိုင်ပွဲဝင်များ၏စည်းလုံးမှုစုပေါင်း အားဖြင့် ထမင်းနဲထိုးယှဉ်ပြိုင်နေမှုကို လိုက်လံ ကြည့်ရှုအားပေးသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် ဂုဏ်ပြုအထူးဆုရရှိသော ပြိုင်ပွဲ ဝင် ခုနစ်သင်းအား ဆုငွေကျပ်နှစ်သိန်းစီနှင့် နှစ်သိမ့် ဆုရရှိသည့် ပြိုင်ပွဲဝင်အသင်း ၃၆ သင်းအား ဆုငွေ ကျပ်တစ်သိန်းစီတို့ကို တိုင်းဒေသကြီးဝန်ကြီးများနှင့် ပဲခူးတက္ကသိုလ် ပါမောက္ခချုပ်နှင့် တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများကလည်းကောင်း၊ တတိယ ဆုရရှိသည် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဌာန (ခ)အသင်းအတွက် ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းကို တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် က လည်းကောင်း၊ ဒုတိယဆုရရှိသည့် တိုင်းဒေသ ကြီး သယံဇာတရေးရာဝန်ကြီးဌာန(ဃ) အသင်း အတွက် ဂုဏ်ပြုဆုငွေကျပ် ခုနစ်သိန်းကို တိုင်းဒေသ ကြီး ဝန်ကြီးချုပ်၏ဇနီးက လည်းကောင်း၊ ပထမဆု ရရှိသည့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ် ရေးရာဝန်ကြီးဌာန(ခ)အသင်းအတွက် ဂုဏ်ပြုဆု ငွေကျပ် ၁၀ သိန်းနှင့် ဒိုင်အဖွဲ့များအတွက် ဂုဏ်ပြုငွေကျပ် သုံးသိန်းတို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်းကောင်း ဆုများ ပေးအပ် ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် စုစုပေါင်းပြိုင်ပွဲဝင်အသင်း ၄၆ သင်း ပါဝင်ယှဉ်ပြိုင် ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# စွန်ရဲအင်းဒေသ၌ နို့စားနွားမွေးမြူရေးဇုန် ဧက ၃၀၀ အကောင်အထည်ဖော်လျက်ရှိ




နေပြည်တော် ဖေဖော်ဝါရီ ၂၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာအောင်ကြီး သည် ယမန်နေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့ နယ် စွန်ရဲအင်းဒေသရှိ နို့စားနွား မွေးမြူရေးဇုန် ဧက ၃၀၀ အကောင်အထည်ဖော် ဆောင်ရွက် နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများလျာထားချက်ပြည့် မီရေးနှင့် အချိန်မီပြီးစီးရေး အတွက် လုပ်ငန်းကြီးကြပ်ရေး ကော်မတီ၊ လုပ်ငန်းအကောင် အထည်ဖော်ရေး ကော်မတီများ အနေဖြင့် တာဝန်ယူသည့် ကဏ္ဍ အလိုက် အလေးထားဆောင်ရွက် ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တိရစ္ဆာန်အစာပင် စိုက်ပျိုးမည့် နေရာများ ဆောင်ရွက်ထားရှိမှု၊ ရေစုကန်များ၊ ရေသွယ်ပိုက်လိုင်း များ၊ ရေတင်ပန့်များနှင့်မြေအောက် ရေရရှိရေး ဆောင်ရွက်ထားရှိမှု တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး သည် မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းရိပ်သာခန်းမ၌ ဌာန ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများ အောင်မြင် ရေးအတွက် ဌာန၊ ပုဂ္ဂလိကနှင့် တောင်သူ အစုအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှု၊ လုပ်ငန်း တိုးတက်မှုများကို မျက်ခြည်မပြတ် စောင့်ကြည့်ပြီး လိုအပ်ချက်များ အချိန်မီဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရ သည်။

သတင်းစဉ်

# နေပြည်တော် လူပျိုဆောင်၊ အပျိုဆောင်များတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောသရုပ်ပြသ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မိုးမှာ လေ့ကျင့်၊ ဆောင်းမှာ စစ်ဆေး သတိပေး၊ နွေမှာ အသင့်ရှိရေး ဟူသော ဆောင်ပုဒ်အတိုင်း ပူပြင်းခြောက်သွေ့သောရာသီဥတု ရောက်ရှိ



လာပြီဖြစ်သဖြင့် ဝန်ကြီးဌာနအသီးသီးမှ လူပျိုဆောင်၊ အပျိုဆောင် ၁၇၇ ဆောင်တို့တွင် မီးဘေးလုံခြုံရေးစစ်ဆေးပေးခြင်းနှင့် မီးဘေး ကြိုတင်ကာကွယ်ရေး ဟောပြောခြင်းတို့ကို ယနေ့နံနက်ပိုင်း၌ နေပြည်တော်မီးသတ်ဦးစီးမှူးရုံး၊ ခရိုင်နှင့် မြို့နယ်မီးသတ်စခန်းများရှိ တပ်ဖွဲ့ဝင်များက စစ်ဆေးရေးအဖွဲ့ ၁၄ ဖွဲ့ဖြင့် ဆောင်ရွက်ကြရာ မီးသတ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုကြသည်။

ထို့ပြင် သပြေ(၄)လူပျိုဆောင်နှင့် သဇင်(၃)အပျိုဆောင်တို့တွင် Kitchen Fire၊ Gas Fire နှင့် ဆီမီးလောင်မှုဖြစ်ပွားပါက စနစ်တကျ မီးငြိမ်းသတ်ရေးအတွက် မီးဘေးလုံခြုံရေး ဟောပြောခြင်း၊ မီးသတ် ဆေးဘူး အသုံးပြုခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ရာ ဝန်ထမ်းများကိုယ်တိုင် လက်တွေ့ပါဝင်ဆောင်ရွက်ကြ ကြောင်း သိရသည်။

အောင်မျိုး

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ ပြည်သူ့ စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီက အထက်ပန်းဆိုးတန်းလမ်းရှိ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်း ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးကျော်ကျော်က လူမှုကွန်ရက်စာမျက်နှာများတွင် ပြည်သူ လူထု အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ဖြင့် တပ်မတော်က အတင်းအဓမ္မပေါ်တာဆွဲခြင်း၊ ဖမ်းဆီးခြင်းများစသည့် ရေးသားဖော်ပြ ချက်များမှာ လုပ်ကြံရေးသားသည့် သတင်းတု၊ သတင်းမှားများသာ ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အတင်းအဓမ္မပေါ်တာ ဆွဲခြင်း၊ ဖမ်းဆီးခြင်းများမရှိကြောင်း ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးသက်ခိုင်က ယခုကာလသည် ပြည်သူ့စစ်မှုထမ်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ခြင်းမရှိသေးသဖြင့် မလိုလားအပ်သည့် မီဒီယာ အချို့၏ ကောလာဟလလုပ်ကြံသတင်းများကြောင့် စိုးရိမ်ကြောင့်ကြ ရန် မလိုကြောင်းကိုလည်းကောင်း၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးသီဟဟန်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သည့် အကျိုး ခံစားခွင့်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ပြစ်မှုပြစ်ဒဏ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးများ၊ ရာအိမ်မှူးများနှင့် ပြည်သူများက ပြည်သူ့စစ်မှုထမ်းဥပဒေ နှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူ များက ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး ပြည်သူ့စစ်မှုထမ်းဥပဒေ ဆိုင်ရာ သိကောင်းစရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

၀၃၁



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ် အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# အဖိုးနည်းဝန်ပါ သင်ကျန်းမာဖို့ ပိုက်ကျော်ခြင်းကစားစို့ . . .

အားကစားဝါသနာရှင်တစ်ဦး

၁၉၈၀ ကျော် ၉၀ ဝန်းကျင်ကာလတွင် ပိုက်ကျော်ခြင်း အားကစားနည်းသည် မြန်မာလူငယ်တို့ကြား၌ အထူးရေပန်းစားလာသည်။ ရပ်ကွက်၊ ကျေးရွာ မြေကွက်လပ်တိုင်းနီးပါးတွင် ပိုက်ကျော်ခြင်းကွင်းလေးများ ဖြစ်ထွန်းပေါ်ပေါက်လာသည်။ ညနေစောင်းပြီဆိုလျှင်ဖြင့် ပိုက်ကျော်ခြင်းကွင်းများတွင် လူငယ်များစုဝေးလာကြသည်။

သုံးယောက်တစ်တွဲ၊ တစ်အုပ်စုဖြင့် အသင်းတွေက များလွန်းလှ၍ ရှုံးထွက်စနစ်ဖြင့် တစ်သင်းဝင် တစ်သင်းထွက်ကစားကြရသည်။ ကစားဖော်အချင်းချင်းနောက်ကြ၊ ပြောင်ကြ၊ ကျီစယ်ကြဖြင့် အတော်ပျော်စရာကောင်းခဲ့သည်။ အချို့သူငယ်ချင်းများက ဘယ်ကဘယ်လိုနည်းစနစ်တွေ သင်ယူရရှိခဲ့ကြသလဲမသိ။ အတော်ကောင်းကြသည်။ ဆရာကြီးများပါဝင်သည့် အသင်းအချင်းချင်းဆုံတွေ့ပြီဆိုမှဖြင့် ပြိုင်ဆိုင်မှုက ပို၍ပီပြင်သက်ဝင်လာပြီး အကြိတ်အနယ်ရှိလှသည်။ ကျွန်တော်ကတော့ ဘောလုံးခရေစီဖြစ်၍ အားပေးသူကသက်သက်။ သို့သော်ဘောလုံးအားကစားနည်းပြီးလျှင် ပိုက်ကျော်ခြင်းအားကစားနည်းကို နှစ်ခြိုက်ပါသည်။ ဘောလုံးမကန်ဖြစ်လျှင် ပိုက်ကျော်ခြင်းကွင်းဘက် ခြေဦးလှည့်လေ့ရှိပါသည်။ တစ်ခါတစ်ရံ နောက်ထိန်းကစားပေးလေ့ရှိသည်။

### တိုးမပေါက်အောင် စည်ကား

ပိုက်ကျော်ခြင်းကစားသူလူငယ်များ အထူးများပြားလာ၍ ရပ်မိရပ်ဖများက လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ စသည့် နိုင်ငံတော်၏ နေ့ထူးနေ့မြတ်များနှင့် ဒီဇင်ဘာ လူထုအားကစားလများတွင် ရပ်ကွက်ပိုက်ကျော်ခြင်းပြိုင်ပွဲကို နှစ်စဉ်ကျင်းပပေးခဲ့သည်။ ပိုက်ကျော်ခြင်းကွင်း ဘေးစည်းလေးဖက်လေးတန်ပြည့်မျှ ပရိသတ်များအားပေးခဲ့ကြ၍ တိုးမပေါက်အောင် စည်ကားလှသည်။ သူ့အသင်းကိုယ့်အသင်း၊ သူ့လမ်းကိုယ့်လမ်း အားပေးကြရင်း ပြိုင်ဆိုင်မှုများပြင်းထန်လာသည်နှင့်အမျှ တစ်ခါတစ်ရံ ပွတ်တိုက်မှုများလည်း ရှိခဲ့သည်။ ဒိုင်လူကြီးပင် ခုံအောက်ပုန်းရှောင်ခဲ့ရသည့်နှစ်များပင် ကြုံတွေ့ခဲ့ရဖူးသည်။ ပိုက်ကျော်ခြင်းအားကစားနည်းသည် ဤမျှရေပန်းစားခဲ့ပါသည်။

ပိုက်ကျော်ခြင်း အားကစားနည်းကို နိုင်ငံတကာတွင် Sepak Takraw ဟု ခေါ်ဆိုသည်။ Sepak ဟူသည့် စကားလုံးမှာ မလေးဘာသာစကားအရ "ကန်သည်" ဟုအဓိပ္ပာယ်ရပြီး Takraw ဟူသည့် စကားလုံးမှာ ထိုင်းဘာသာစကားအရ "ခြင်းလုံး" ဟုအဓိပ္ပာယ်ရသည်။ ရှေးအကျဆုံး မှတ်တမ်းများအရ ပိုက်ကျော်ခြင်းအားကစားနည်းကို အေဒီ ၁၅ ရာစု နှစ်တွင် မလက္ကာရေလက်ကြားဒေသများတွင် အစောဆုံးကစားခဲ့ကြသည်ဟု မလေးရှားနိုင်ငံသမိုင်းမှတ်တမ်းများအရ သိရသည်။ ထို့နောက် အရှေ့တောင်အာရှနိုင်ငံများတွင် ထွန်းကားခဲ့ပြီး အရှေ့တောင်အာရှပြင်ပရှိ တရုတ်၊ ဘရာဇီး စသောနိုင်ငံများတွင်လည်း စတင်ခေတ်စားလာသည်။ လက်ရှိကာလတွင် မလေးရှားနှင့် ထိုင်းနိုင်ငံတို့သည် ပိုက်ကျော်ခြင်းအားကစားနည်းတွင် ထိပ်တန်းအဆင့်နိုင်ငံများဖြစ်ကြသည်။



### နိုင်ငံ့ဂုဏ်ဆောင်ပေးနိုင်

မြန်မာနိုင်ငံတွင်လည်း ပိုက်ကျော်ခြင်းအားကစားနည်းသည် လူထုပါဝင်ကစားသည့် အားကစားနည်းတစ်ရပ်ဖြစ်လာသည်နှင့်အမျှ အာရှနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ပေးနိုင်ခဲ့သည်အထိ အောင်မြင်မှုရရှိလာသည်။

ပိုက်ကျော်ခြင်းအားကစားနည်းဖြင့် နိုင်ငံတော်အတွက် အာရှနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၂၀၊ ငွေတံဆိပ် ၂၃ ခုနှင့် ကြေးတံဆိပ် ၃၂ ခု စုစုပေါင်းဆုတံဆိပ် ၇၅ ခု ရယူပေးနိုင်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်သုံးခု၊ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ရယူဆွတ်ခူးပေးနိုင်ခဲ့သည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့မှ အောက်တိုဘာလ ၈ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပခဲ့သည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်း (လေးယောက်တွဲ)ပြိုင်ပွဲတွင်လည်း မြန်မာပိုက်ကျော်ခြင်းအသင်းသည် အင်ဒိုနီးရှားအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရယူခဲ့ပြီး မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုကို ရယူဆွတ်ခူးပေးခဲ့ပြန်ပါသည်။

ဗိုလ်လုပွဲတွင် မြန်မာအမျိုးသား ပိုက်ကျော်ခြင်း(လေးယောက်တွဲ) အသင်းသည် အုပ်စုတွင်းက ရှုံးနိမ့်ခဲ့သည့် အင်ဒိုနီးရှားအသင်းကို ပထမပွဲတစ်ပွဲတွင် (၂၁-၁၃) ရမှတ်ဖြင့် ပြတ်ပြတ်သားသားအနိုင်ယူနိုင်ခဲ့သော်လည်း ဒုတိယပွဲစဉ်တွင် ရမှတ်အတူအနေအထားမှ သူတစ်ပြန်ကိုယ်တစ်ပြန် အကြိတ်အနယ်ကစားခဲ့ရပြီး (၂၄-၂၂) ရမှတ်ဖြင့် ခက်ခဲစွာ အနိုင်ရယူခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသားပိုက်ကျော်ခြင်း (လေးယောက်တွဲ) အသင်းတွင် ဇင်မင်းဦး (အားထစ်)၊ ဇင်ကိုကို၊ ရှိန်းဝဏ္ဏဇော်(ရှိန်းလေး)၊ အောင်ခန့်သူ(ဘားသက်)၊ သန့်ဇင်ဦး (ဘောစိ)နှင့် သန့်ဇင်ထွန်းတို့ ပါဝင်ကစားခဲ့ကြသည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် ပြိုင်ပွဲတွင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ လာအိုနှင့် ဂျပန်အသင်းတို့ကို အဆင့်ဆင့်ကျော်ဖြတ်ပြီးမှ ချန်ပီယံရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

### ဂုဏ်ပြုဆုချီးမြှင့်

ထို့ကြောင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့က နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပခဲ့သော ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်သည့်အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပိုက်ကျော်ခြင်းအားကစားအဖွဲ့အပါအဝင် ပြိုင်ပွဲများတွင် ရွှေတံဆိပ်ငါးဆု ဆွတ်ခူးပေးနိုင်ခဲ့သည့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့၊ ပီတန်းအားကစားအဖွဲ့၊ ဗိုဗီနမ်အားကစားအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၃၀၀ စီ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "ယခုကဲ့သို့ အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် စုစုပေါင်း ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်ငါးခု၊ ကြေးတံဆိပ် ၁၄ ခု စုစုပေါင်းဆုတံဆိပ် ၂၄ ခု ရယူပေးနိုင်ခဲ့ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအလယ်၌ အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပေးပြီး နိုင်ငံတော်သီချင်းသံ လွင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့သူများဖြစ်သည့်အတွက် အုပ်ချုပ်သူများ၊ နည်းပြများအပါအဝင် ပြိုင်ပွဲဝင်မြန်မာအားကစားသမားများ၏ ကြိုးပမ်းမှု၊ ဇွဲ၊ စိတ်ဓာတ်တို့ကို ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်ကြောင်း။

ထိုသို့ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်ပြင်ဆင်ခဲ့မှုများကို ဂုဏ်ပြုသည့်အနေဖြင့် ပြိုင်ပွဲအသီးသီးတွင် တစ်ဦးချင်းရွှေတံဆိပ်နှင့် အသင်းလိုက် ရွှေတံဆိပ်ရရှိခဲ့ကြသည့် အသင်းများကို ငွေကျပ်သိန်း ၃၀၀ စီ၊ တစ်ဦးချင်း ငွေတံဆိပ်နှင့် အသင်းလိုက်ငွေတံဆိပ်ဆုရရှိခဲ့ကြသည့်အသင်းများကို ငွေကျပ်သိန်း ၂၀၀ စီ၊ တစ်ဦးချင်း ကြေးတံဆိပ်နှင့် အသင်းလိုက်ကြေးတံဆိပ်ရရှိခဲ့ကြသည့်အသင်းများကို ငွေကျပ်သိန်း ၁၀၀ စီဖြင့် စုစုပေါင်းငွေကျပ်သိန်း ၃၉၀၀ ကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

### နှစ်စဉ်မပျက် ကျင်းပပေးလျက်ရှိ

ထို့အတူ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်တို့က ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ပြည်သူလူထုများ ပိုက်ကျော်ခြင်းအားကစားနည်းကို စိတ်ပါဝင်စားလာစေရန်၊ ပြိုင်ပွဲဝင်အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန်၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ မြန်မာ့ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးကို အထောက်အကူပြုစေရန်နှင့် မျိုးဆက်သစ်ပိုက်ကျော်ခြင်း အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား) ပြိုင်ပွဲတို့ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ နှစ်စဉ်မပျက်ကျင်းပပေးလျက်ရှိသည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြီးခဲ့သည့် နိုဝင်ဘာလ ၂၂ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၂ သင်း၊ အားကစားသမား စုစုပေါင်း ၂၆၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အမျိုးသမီးတံခွန်စိုက်ဆုဖလားကို မွန်ပြည်နယ်အသင်း၊ အမျိုးသားတံခွန်စိုက်ဆုဖလားနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားကို စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့က ဆွတ်ခူးရရှိသွားခဲ့ကြသည်။

ထို့အတူ မြန်မာ့ပိုက်ကျော်ခြင်း အားကစားဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးဆက်သစ်ပိုက်ကျော်ခြင်း အားကစားသမားသစ်များ ပေါ်ပေါက်လာစေရေးနှင့် ပိုက်ကျော်ခြင်းအားကစားဖြင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ကကြီးမှူး၍ ရွှေသံလွင်မီဒီယာက ပထမအကြိမ် စီစဉ်ကျင်းပသည့် ၂၀၂၄ ခုနှစ် SKYNET ဖိတ်ခေါ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇန်နဝါရီလ ၂၁ ရက်နေ့မှ ၂၈ ရက်နေ့အထိ ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ရွှေထွန်းတင်ကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲ၊ အမျိုးသားလေးယောက်တွဲပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစားသုံးမျိုးထည့်သွင်းကျင်းပခဲ့ရာ ဟန်ကျိုးအာရှအားကစားပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် လူငယ်ပိုက်ကျော်ခြင်းအားကစားသမားများအပါအဝင် အမျိုးသားအသင်းခြောက်သင်းနှင့် အမျိုးသမီးအသင်းလေးသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

စာမျက်နှာ ၁၀ သို့ ❐

> ❋ ပိုက်ကျော်ခြင်းအားကစားနည်းကို နိုင်ငံတကာတွင် Sepak Takraw ဟု ခေါ်ဆိုသည်။ Sepak ဟူသည့်စကားလုံးမှာ မလေးဘာသာစကားအရ "ကန်သည်" ဟုအဓိပ္ပာယ်ရပြီး Takraw ဟူသည့်စကားလုံးမှာ ထိုင်းဘာသာစကားအရ "ခြင်းလုံး" ဟု အဓိပ္ပာယ်ရ
>
> ❋ ပိုက်ကျော်ခြင်းအားကစား၏အရွေ့သည် ကျွန်တော်တို့လူငယ်ဘဝကလို မဟုတ်တော့။ နိုင်ငံတော်နှင့် အဖွဲ့ချုပ်တို့၏အားပေးမှုဖြင့် တိုးတက်မြင့်မားလာသည်။ အားကစားသမားများအနေဖြင့်လည်း ထူးချွန်သည်နှင့်အမျှ အပျော်တမ်းအဆင့်မှ ပရော်ဖက်ရှင်နယ်ဆုကြေးစားအဆင့်သို့ တက်လှမ်းလာနိုင်ခဲ့

# ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ အထူးကုပြင်ပလူနာကြည့်ရှုမှုအချိန် တိုးမြှင့်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက် တစ်ရပ်ဖြစ်သော တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်ဆောင်ရွက်ရာတွင် ပြည်သူများလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီရရှိခြင်းဖြင့် လူတိုင်း သက်တမ်းစေ့အသက်ရှည်စွာ နေထိုင်နိုင်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသည် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းစဉ်တစ်ခုအဖြစ် အထူးကုဌာနများ ဖွင့်လှစ်ထားရှိသော ခုတင် ၁၀၀ နှင့်အထက် ပြည်သူ့ဆေးရုံများတွင် ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ ကြည့်ရှုကုသပေးသည့် အထူးကုပြင်ပလူနာဌာန ကြည့်ရှုမှုအချိန်ကို ၂၀၂၃ ခုနှစ် ဩဂုတ်မှစတင်၍ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပြီး ယခင်က နံနက်ပိုင်းသာ ကြည့်ရှုကုသပေးနိုင်ရာမှ ယခုအခါ မွန်းလွဲပိုင်းအချိန်အထိ တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် အထူးကုဆရာဝန်ကြီးများနှင့် ပြသလိုပါက ဒေသန္တရဆေးခန်းများ၊ မြို့နယ်ပြည်သူ့ဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများမှတစ်ဆင့် ရောဂါအမျိုးအစားအလိုက် အထူးကုပြင်ပ လူနာဌာနများသို့ **ညွှန်းပို့သည့်စာ(referral letter)** နှင့်အတူ ပြသနိုင်ပြီး အထူးကု ပြင်ပလူနာဌာနများတွင် နေ့ရက်၊ အချိန်မှန်ကန်စွာ ပြသနိုင်ရေးအတွက် လာရောက်ပြသခြင်းမပြုမီ **မိမိတို့ ပြသလိုသော ဆေးရုံကြီးများ၏ အထူးကုပြင်ပလူနာ အချိန်ဇယားကို ကြိုတင်သိရှိရန်** လိုအပ်ကြောင်းနှင့် ပြည်သူ့ဆေးရုံကြီးများ၏ အထူးကု ပြင်ပလူနာအချိန်ဇယားကိုသက်ဆိုင်ရာ ဆေးရုံကြီးများတွင် အများပြည်သူ အလွယ်တကူ သိရှိနိုင်အောင် Vinyl/board များဖြင့် ကြေညာထားခြင်း၊ ကုသရေးဦးစီးဌာန Website စာမျက်နှာ www.doms.gov.mm ၌ ဖော်ပြထားခြင်းတို့ကို ဆောင်ရွက်ထားရှိကြောင်း သိရသည်။**သတင်းစဉ်**

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ဒုတိယအကြိမ် ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

အထူးကုသမှုများ (Super Speciality) လိုအပ်သောပြည်သူများအနေဖြင့် သက်ဆိုင်ရာ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများနှင့်တွေ့ဆုံကာ လိုအပ်သောရောဂါရှာဖွေစမ်းသပ်မှုများနှင့် ကုသမှုများကို မိမိတို့ဒေသ၌ပင် လက်လှမ်းမီရရှိခြင်းဖြင့် ပြည်သူများစိုက်ထုတ်ကုန်ကျရသော ဆေးကုသမှုစရိတ်လျော့နည်းကျဆင်းစေရန်နှင့် ရောဂါများကို စောစီးစွာသိရှိပြီး လိုအပ်သောကုသမှုများကို အချိန်မီရရှိခြင်းဖြင့် သက်ရှည်ကျန်းမာစေနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသည် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့မှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများပါဝင်သော အထူးကုဆေးကုသရေးအဖွဲ့များ၏ ကွင်းဆင်းကုသမှုအစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်။



### ဆေးကုသမှုများ ဆောင်ရွက်ပေး

မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀၊ ခုတင်-၅၅၀ဆံ့ ကလေးဆေးရုံကြီး-မန္တလေးနှင့် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ် အထူးကုဆေးရုံကြီး-မန္တလေးတို့မှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့်အထူးကုဆေးကုသရေးအဖွဲ့သည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ဒုတိယအကြိမ် သွားရောက်ကာ ပြည်သူ့ဆေးရုံကြီး မြစ်ကြီးနားမြို့မှ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အထူးကုဆေးကုသရေးအစီအစဉ်တွင် မြစ်ကြီးနားမြို့ပေါ်သာမက ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်းရှစ်မြို့နယ်တို့မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများ လာရောက်ပြသခဲ့ပြီး နှလုံးရောဂါဆိုင်ရာလူနာ ၁၃၈ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ လူနာ ၁၂၁ ဦး၊ ရင်ခေါင်းဆေးကုသမှုဆိုင်ရာလူနာ ၄၃ ဦး၊ ဆီးနှင့်ကျောက်ကပ် ဆေးကုသမှုဆိုင်ရာလူနာ ၁၅၃ ဦး၊ ဆီးချိုနှင့် ဟော်မုန်းဆိုင်ရာလူနာ ၁၀၉ ဦး၊ ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုဆိုင်ရာလူနာ ၉၇ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ လူနာ ၁၉ ဦး၊ အထွေထွေရောဂါဆေးပညာလူနာ ၅၉ ဦး၊ အရိုးအကြောအဆစ်ရောဂါလူနာ ၆၂ ဦး၊ အရိုးရောဂါလူနာ ၁၄၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဆိုင်ရာ လူနာ ၁၁၄ ဦး၊ ကလေးနှလုံးရောဂါလူနာ ၃၅ ဦး၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာ ၃၉ ဦး၊ အထွေထွေခွဲစိတ်ရောဂါလူနာ ၁၃ ဦး၊ သားဖွားမီးယပ်ရောဂါလူနာ ၂၆ ဦး၊ သွားနှင့်ခံတွင်း လူနာ ၁၇ ဦး၊ မျက်စိရောဂါဆိုင်ရာလူနာ ၄၈ ဦး၊ အရေပြားရောဂါလူနာ သုံးဦး စုစုပေါင်း လူနာ ၁၂၄၁ ဦးတို့ကို ကြည့်ရှုကုသမှုပေးခဲ့သည်။

အဆိုပါလူနာများအနက် နှလုံးပုံရိပ်ဖော်စက်ဖြင့်ကြည့်ရှုခြင်း ၈၁ ဦး၊ အစာအိမ်နှင့်အူလမ်းကြောင်းမှန်ပြောင်းကြည့်ရှုခြင်း ၂၂ ဦး၊ အူမကြီးမှန်ပြောင်းကြည့်ရှုခြင်း လေးဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းမှန်ပြောင်းကြည့်ရှုခြင်း ၁၇ ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့်စစ်ဆေးခြင်း ၁၉ ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၁၉၇ ဦး၊ ဓာတ်ခွဲစမ်းသပ်သူ ၂၈၃ ဦး၊ သွေးချိုဓာတ်တိုင်းတာခြင်း ၅၄ ဦး၊ Ultrasound ရိုက်ကူးခြင်း ၉၈ ဦး၊ နှလုံးစက်ဖြင့် စစ်ဆေးခြင်း ၂၅၇ ဦးတို့ကို စမ်းသပ်စစ်ဆေးပေးနိုင်ခဲ့ပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာခွဲစိတ်ကုသမှု ၃၉ ဦးတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာလူနာ ၂၅ ဦး၊ ကလေးနှလုံးရောဂါလူနာ လေးဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါလူနာ ၄၄ ဦး၊ အထွေထွေခွဲစိတ်ကုသလူနာ တစ်ဦးတို့ကို လိုအပ်သောစစ်ဆေးကုသမှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် မန္တလေးနှင့် နေပြည်တော်ရှိ သက်ဆိုင်ရာ ပြည်သူ့ဆေးရုံကြီးများသို့ လွှဲပြောင်းကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဦးခေါင်းတွင်း သွေးခဲလူနာတစ်ဦးကို ခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့သည်။ အဆိုပါအစီအစဉ်နှင့်အတူ ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်ကို ဆောင်ရွက်ပေးခဲ့ရာ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူလူထုနှင့် နာတာရှည်ရောဂါ ဝေဒနာရှင် စုစုပေါင်း ၇၀ တို့ကို ကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့သည်။

### အလှူငွေပေးအပ်လှူဒါန်း

ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ အထူးကုဆေးကုသရေးအစီအစဉ် ဆောင်ရွက်ရာနေရာသို့ လာရောက်၍ လာရောက်ပြသကုသမှုခံယူကြသောလူနာများကို ကြည့်ရှုအားပေးစကားပြောကြားပြီး ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများအား ကျေးဇူးတင်စကား ပြောကြားကာ အထူးကုဆေးကုသရေးအစီအစဉ်အတွက် အလှူငွေပေးအပ်လှူဒါန်းခဲ့သည်။

ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မှ အထူးကုသမှုဆိုင်ရာ (Super specialty) ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၏ အထူးကုကွင်းဆင်းကုသရေးခရီးစဉ်များကို ၂၀၂၄ ခုနှစ် နှစ်ဆန်းမှ စတင်၍ အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့များ၌ ဆောင်ရွက်လျက်ရှိပြီး တောင်ကြီးမြို့၊ ပြည်မြို့၊ သံတွဲမြို့၊ ပုသိမ်မြို့၊ မော်လမြိုင်မြို့၊ မကွေးမြို့၊ မြိတ်မြို့၊ ညောင်ဦးမြို့နှင့် ယခု မြစ်ကြီးနားမြို့များသို့ သွားရောက်ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❐ စာမျက်နှာ ၉ မှ**

ဆုကြေးများအဖြစ် အမျိုးသား (လေးယောက်တွဲ) ပြိုင်ပွဲတွင် ပထမဆုငွေကျပ်သိန်း ၃၀ နှင့် ဒုတိယဆုငွေကျပ် သိန်း ၂၀၊ အမျိုးသား (သုံးယောက်တွဲ) ပြိုင်ပွဲတွင် ပထမဆုငွေကျပ် ၂၅ သိန်းနှင့် ဒုတိယဆု ငွေကျပ် ၁၅ သိန်း၊ အမျိုးသမီး (သုံးယောက်တွဲ) ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ၁၂ သိန်းနှင့် ဒုတိယဆုငွေကျပ်ရှစ်သိန်းဖြစ်ပြီး အကောင်းဆုံး အားကစားသမားဆုများကိုလည်း ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့ပြင် ပြိုင်ပွဲဝင်အသင်းတစ်သင်းလျှင် ငွေကျပ်ငါးသိန်းနှင့် အားကစားသမားတစ်ဦးချင်းအတွက် ဂျာစီနှစ်စုံ ထောက်ပံ့ပေးခဲ့ပြီး နယ်မှလာသည့် အသင်းများအတွက် တည်းခိုနေထိုင်ရေးကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့က ပံ့ပိုးကူညီပေးခဲ့သည်။

SKYNET ဖိတ်ခေါ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် နိုင်ငံတကာပိုက်ကျော်ခြင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Abdul Halim Bin Kader တက်ရောက်အမှာစကားပြောကြားခဲ့ပြီး SKYNET ရုပ်သံလိုင်းများကလည်း တိုက်ရိုက်ထုတ်လွှင့်ပြသပေးခဲ့သည်။ ပြိုင်ပွဲတွင် အမျိုးသား (သုံးယောက်တွဲ) ပြိုင်ပွဲနှင့် အမျိုးသား (လေးယောက်တွဲ)ပြိုင်ပွဲ ချန်ပီယံဆုကို Late Thone Kaung အသင်းနှင့် အမျိုးသမီး(သုံးယောက်တွဲ) ပြိုင်ပွဲ ချန်ပီယံဆုကို Apple အသင်းတို့က ဆွတ်ခူးရရှိသွားခဲ့ကြသည်။

ပိုက်ကျော်ခြင်းအားကစား၏ အရွေ့သည် ကျွန်တော်တို့လူငယ်ဘဝကလို မဟုတ်တော့။ နိုင်ငံတော်နှင့် အဖွဲ့ချုပ်တို့၏အားပေးမှုဖြင့် တိုးတက်မြင့်မားလာသည်။ အားကစားသမားများအနေဖြင့်လည်း ထူးချွန်သည်နှင့်အမျှ အပျော်တမ်းအဆင့်မှ ပရော်ဖက်ရှင်နယ် ဆုကြေးစားအဆင့်သို့ တက်လှမ်းလာနိုင်ခဲ့ကြသည်။

ယခင်က ညနေစောင်းလျှင် လူငယ်များ ဆုံနေကျ ရပ်ကွက်ကွင်းအတွင်းက ပိုက်ကျော်ခြင်း ကစားကွင်းလေးကို ကျွန်တော်လွမ်းမောအမှတ်ရလာသည်။ ကစားဖော် ကစားဖက်၊ အားပေးဖော် အားပေးဖက်သူငယ်ချင်းများကိုလည်း သတိရမိသည်။ အချို့ကား မရှိကြတော့။ ယခင်ပိုက်ကျော်ခြင်းကွင်းလေး တည်ရှိရာ မြေကွက်လပ်လွတ်လေးကလည်း ပိုင်ဆိုင်မှု၏ သင်္ကေတ ခြံစည်းရိုးတွေက အထပ်ထပ်။

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၏ "အဖိုးနည်းဝန်ပါ သင်ကျန်းမာဖို့ ပိုက်ကျော်ခြင်း ကစားကြစို့" ဆောင်ပုဒ်နှင့်အညီ ကျန်းမာရေးအတွက်ဖြစ်စေ၊ အားကစားအတွက်ဖြစ်စေ လေ့ကျင့်ယှဉ်ပြိုင်နိုင်သည့် ပိုက်ကျော်ခြင်းအားကစားနည်းကို အထူးသဖြင့် လူငယ်များအောက်ခြေတွင် ပိုမိုကစားနိုင်ရန် ရပ်မိရပ်ဖလူကြီးများက အားပေးဆောင်ရွက်ကြရပါမည်။ အားကစားနည်းတစ်ရပ်အောင်မြင်ဖို့၊ အောင်မြင်မှုကို ထိန်းသိမ်းနိုင်ဖို့ဆိုသည်မှာ ပိရမစ်သဏ္ဌာန် အောက်ခြေကစ၍ ကျယ်ပြန့်စွာ တည်ဆောက်ကြရမည်ဖြစ်ပါသည်။ ။

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဝိုင်းဝန်းကြိုးပမ်းကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

**နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေသောအဓိကအချက်များမှာ သဘာဝသယံဇာတများ ပေါကြွယ်ဝခြင်း၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ခြင်း၊ လုပ်သားအင်အားထုရှိခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ခြင်း၊ နည်းပညာမြင့်မားတိုးတက်ခြင်း၊ ဥပဒေများခိုင်မာမှုရှိခြင်းတို့ဖြစ်သည်။ ထို့အပြင် နိုင်ငံအတွင်း လူဦးရေ ထိုက်သင့်စွာမြင့်မားခြင်းသည် လုပ်သားအင်အားထုကို ဖြစ်ပေါ်စေသဖြင့် အလုပ်သမားများ၊ ဝန်ထမ်းများ လုံလောက်စွာရရှိပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေသည်။**

စင်စစ်အားဖြင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ၏ရေခံမြေခံပထဝီအနေအထားနှင့် အပြန်အလှန်ဆက်စပ်လျက်ရှိပြီး နိုင်ငံတစ်နိုင်ငံလုံး အေးချမ်းသာယာစည်ပင်ဝပြောရေး၊ ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံတော်တည်ဆောက်ရေး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် သော့ချက်ပင်ဖြစ်သည်။

## လယ်ယာစိုက်ပျိုးရေးကိုအခြေခံ

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင်နေထိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးလျက်ရှိကြသည်။ ထို့ကြောင့် လက်တွေ့ကျသည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဆိုလျှင် ခေတ်နှင့်လျော်ညီသည့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ကုန်ထုတ်လုပ်မှု စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့်လူသားအရင်းအမြစ်များမွေးထုတ်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခေတ်နှင့်လျော်ညီသည့် စက်မှုလုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်သည်။ ထို့နောက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် နည်းပညာနှင့် စက်မှုလုပ်ငန်းများ တိုးတက်အောင် ဖော်ဆောင်နိုင်မည်ဖြစ်သည်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အနာဂတ်လားရာမျှော်မှန်းချက်များပြည့်မီရေးအတွက် မူဝါဒ၊ လုပ်ငန်းစဉ်နှင့် မဟာဗျူဟာများ စနစ်တကျရေးဆွဲဆောင်ရွက်ခြင်းအားဖြင့် ကျေးလက်ဒေသလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာခြင်းမှသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အပံ့ပြုနိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးမှုကို ကောင်းမွန်သောစီမံအုပ်ချုပ်မှု၊ ကုန်ထုတ်လုပ်မှုစွမ်းအား၊ ယှဉ်ပြိုင်နိုင်စွမ်းအားရှိမှု စသည့်မဏ္ဍိုင် (၃) ရပ်ဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် လိုအပ်သည်။

## ကုန်ထုတ်လုပ်မှုလုပ်ငန်းများ

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များသည် နိုင်ငံတစ်နိုင်ငံစီးပွားရေးဦးမော့လာစေရန်အတွက် အဓိကမောင်းနှင်အားပင်ဖြစ်သည်။ MSME များကို အားပေးမြှင့်တင်ခြင်းအားဖြင့် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ မျက်မှောက်ခေတ် ကမ္ဘာ့စီးပွားရေးပုံစံများသည် အဆင့်ဆင့်ပြောင်းလဲလာခဲ့ပြီး နည်းပညာများ၊ ဆန်းသစ်တီထွင်မှုများ၊ ဒစ်ဂျစ်တယ်နည်းပညာများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထူးသဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အရေးပါသောအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် MSME လုပ်ငန်းများ စတင်ထူထောင်နိုင်ရန်နှင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရန် ငွေကြေးအရင်းအနှီးများ ပံ့ပိုးနိုင်ရေးဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများအနက်မှ MSME လုပ်ငန်းများအတွက် ချေးငွေများကို လိုအပ်သလို စိစစ်ပြီး ထုတ်ချေးပေးလျက်ရှိသည်။ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်အစိုးရ၏စေတနာပင်ဖြစ်သည်။

စင်စစ်အားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးဦးတည်ချက်များနှင့်အညီ တိုင်းပြည်စီးပွားရေးမြှင့်တင်နိုင်ရေးအတွက် MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်က အားပေးကူညီလျက်ရှိသည်။ MSME လုပ်ငန်းများ တိုးတက်လာခြင်းအားဖြင့် တိုင်းပြည် GDP လည်း တိုးတက်လာမည်ဖြစ်သည်။ MSME လုပ်ငန်းများသည် ပြည်တွင်း၌ စားရေရိက္ခာဖူလုံမှုအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်သည်။

## ဝန်ဆောင်မှုလုပ်ငန်းများ

နိုင်ငံတစ်နိုင်ငံတွင် ဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုတိုးချဲ့နိုင်မည်ဆိုလျှင် စီးပွားရေးဖွံ့ဖြိုးမှုအပေါ် အလျင်အမြန် အထောက်အကူဖြစ်စေနိုင်မည် ဖြစ်သည်။ ကမ္ဘာပေါ်ရှိ တချို့သောနိုင်ငံများသည် ဝန်ဆောင်မှုလုပ်ငန်းများဖြင့် နိုင်ငံ့ဝင်ငွေရရှိအောင် ဆောင်ရွက်လျက်ရှိကြသည်။ ထို့ကြောင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျဆောင်ရွက်ရန် လိုအပ်သောဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီး အသက်ဝင်ဖွံ့ဖြိုးစေရန် ဆောင်ရွက်သွားရန် လိုအပ်သည်။

> **တိုင်းပြည်စီးပွားရေး တိုးတက်လာရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ၊ MSME လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုလိုငွေ လျှော့ချနိုင်ရေးအတွက် မလိုအပ်သော နိုင်ငံခြားဖြစ်ကုန်ပစ္စည်းများ တင်သွင်းမှုကိုလျှော့ချပြီး ပြည်ပပို့ကုန်အမည်များ ပိုမိုထုတ်လုပ်ခြင်း အထူးသဖြင့် နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းစီ၏ ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်လာအောင်ဆောင်ရွက်ခြင်း စသည့်နည်းလမ်းများဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားမည်ဆိုလျှင် . . .**

ဖွံ့ဖြိုးတိုးတက်မှု နောက်ကျသောနိုင်ငံများသာမက ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးပြီးနိုင်ငံများအတွက် ဝန်ဆောင်မှုကဏ္ဍသည် အလွန်အရေးကြီးလှသည်။ ဝန်ဆောင်မှုကဏ္ဍသည် နိုင်ငံတစ်နိုင်ငံအတွက် အားလုံးခံစားပါဝင်နိုင်သည့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု၏ မောင်းနှင်အားတစ်ခုပင်ဖြစ်ပါသည်။ ဝန်ဆောင်မှုလုပ်ငန်းများသည် ထုတ်ကုန်ကဏ္ဍ၊ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍနှင့် အလုပ်အကိုင်များစွာကို ဖန်တီးပေးနိုင်သည့် အရေးကြီးသောအရင်းအမြစ်ဖြစ်သကဲ့သို့ အဓိကအလုပ်အကိုင်ဖန်တီးပေးသော သော့ချက်တစ်ခုလည်းဖြစ်ရာ မိမိတို့နိုင်ငံအတွက် ဆင်းရဲမှုလျှော့ချရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။ အထူးသဖြင့် စိုက်ပျိုးရေးထုတ်ကုန်များ၊ မွေးမြူရေးထုတ်ကုန်များနှင့် စက်မှုထုတ်ကုန်များကိုပြည်ပသို့တင်ပို့နိုင်သည့်အဆင့်အထိ ပြင်ဆင်ကြိုးပမ်းနေချိန်ကာလတွင် "သစ်မရခင် ဝါးပေါင်းကွပ်" ဆိုသလို ဝန်ဆောင်မှုအပိုင်း ဖွံ့ဖြိုးစေရန် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်သည်။

ဝန်ဆောင်မှုလုပ်ငန်းများအနက် **ခရီးသွားလုပ်ငန်း**သည် နိုင်ငံ့ဝင်ငွေကို များစွာအထောက်အကူပြုစေပါသည်။ မြန်မာနိုင်ငံကဲ့သို့ သဘာဝပတ်ဝန်းကျင်လှပသောနိုင်ငံသည် ဝန်ဆောင်မှုလုပ်ငန်းများကို ထိရောက်စွာအသုံးချနိုင်သည်။ ပြည်ပမှ ခရီးသွားဧည့်သည်တစ်ဦးလာရောက်ပါက အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၀၀၀ ခန့်သုံးစွဲနိုင်မည်ဟု ခန့်မှန်းနိုင်သလို ထို့ထက်ပိုမိုသုံးစွဲစေရန်လည်း ဖန်တီးနိုင်ပါသည်။

လက်ရှိအချိန်တွင် နိုင်ငံတစ်ဝန်း၌ ကုန်တိုက်များ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များ အလျင်အမြန်ပေါ်ပေါက်လာသဖြင့် အဆိုပါဝန်ဆောင်မှုများမှ အလုပ်အကိုင်များစွာ ဖန်တီးပေးလျက်ရှိသည်။ ထို့ကြောင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ခြင်းပင်ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေ ဝန်ဆောင်မှုကဏ္ဍသည် အလွန်ကျယ်ပြန့်ပြီး တိုင်းပြည်စီးပွားရေးတိုးတက်မှုအတွက် Engine of Growth ပင်ဖြစ်သည်။

အလားတူ **ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း**များသည်လည်း နိုင်ငံ့ဝင်ငွေအားရှာဖွေရာတွင် များစွာအထောက်အကူပြုလျက်ရှိသည်။ တိုးတက်လာသောလူဦးရေ၊ များပြားဆန်းကြယ်လှသည့် ရောဂါများ၊ ကူးစက်ရောဂါများ ပိုမိုမြင့်တွေ့နေရသော ယနေ့ကမ္ဘာကြီးတွင် ကျန်းမာရေးကဏ္ဍကို အစိုးရတစ်ခုတည်းကသာ တာဝန်ယူပါက ပြည့်စုံနိုင်မည် မဟုတ်ချေ။ မြန်မာနိုင်ငံတွင် လူဦးရေ တဖြည်းဖြည်းတိုးတက်လာသည်နှင့်အမျှ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းဖွံ့ဖြိုးမှုသည်လည်း အရေးပါသည့်နေရာတစ်ခုဖြစ်လာမည်မှာ အသေအချာပင် ဖြစ်ပါသည်။

ထိုနည်းတူစွာ **ပညာရေး**သည် အရာအားလုံးတွင် အခရာပင်ဖြစ်ပါသည်။ ကဏ္ဍတိုင်းဖွံ့ဖြိုးတိုးတက်ရန် မရှိမဖြစ်လိုအပ်သလို ကမ္ဘာကြီးငြိမ်းချမ်းသာယာတည်တံ့ရန်အတွက်လည်း ပညာရေးသည် အဓိကကျလျက်ရှိပါသည်။ ထို့ကြောင့် အစိုးရတိုင်းသည် ပညာရေးတိုးတက်ကောင်းမွန်စေရန်ကြိုးပမ်းနေကြရပါသည်။ အထူးသဖြင့် ပညာရေးဝန်ဆောင်မှုများမှ အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ပေသည်။

## ပြည်ပပို့ကုန်တိုးမြှင့်ခြင်း

တိုင်းပြည်စီးပွားရေး ဦးမော့လာစေရေးဆောင်ရွက်ရာ၌ ရေရှည်တွင် မြန်မာကျပ်ငွေတန်ဖိုးမြင့်တက်လာစေရန်အတွက် အခြေခံစီးပွားရေး၊ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးအားနည်းချက်များကို ပြုပြင်ပြောင်းလဲသွားရန် လိုအပ်သည်။ အထူးသဖြင့် အမေရိကန်ဒေါ်လာဈေးနှုန်းကျဆင်းပြီး မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်လာစေရန်အတွက် နိုင်ငံခြားငွေဝင်ရောက်မှု ပိုမိုရရှိအောင်ဆောင်ရွက်ရန်နှင့် နိုင်ငံခြားငွေအသုံးပြုမှုလျှော့ချနိုင်ရေး အဓိကထားဆောင်ရွက်သွားရန်လိုအပ်သည်။

အခြားတစ်ဖက်တွင်လည်း နိုင်ငံခြားငွေ ပိုမိုရရှိရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေး၊ ပို့ကုန်များတင်ပို့မှု ပိုမိုတိုးတက်လာစေရေး၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေး၊ ထုတ်ကုန်များ နိုင်ငံတကာဈေးကွက် ပိုမိုရရှိရေးနှင့် နိုင်ငံတကာတွင် မြန်မာထုတ်ကုန်များ၏ ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုမြင့်မားလာစေရေးတို့ကို အလေးထားဆောင်ရွက်သွားရန် လိုအပ်ပါသည်။

နိုင်ငံခြားငွေအသုံးပြုရမှု လျှော့ချရန်အတွက် သွင်းကုန်တင်သွင်းမှုကို လျှော့ချသွားရန် လိုအပ်သည်။ ထိုသို့ သွင်းကုန်တင်သွင်းမှုကို လျှော့ချရာတွင် ပြည်တွင်း၌ထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းများကို လျှော့ချတင်သွင်း၍ ကျန်လိုအပ်သည့် ပမာဏကို ပြည်တွင်းဖြစ် ကုန်ပစ္စည်းများဖြင့် အစားထိုးအသုံးပြုခြင်းဖြင့် သွင်းကုန်ပမာဏကို လျှော့ချနိုင်ပါသည်။ ထို့ပြင် စားသုံးဆီကဏ္ဍတွင်လည်း ဆီထွက်သီးနှံများကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးခြင်းအားဖြင့် ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့်အပြင် ပြည်ပသို့ပင် တင်ပို့သွားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မဖြစ်မနေတင်သွင်းရမည့် ကုန်ပစ္စည်းများကိုသာ တင်သွင်းခွင့်ပြုခြင်းဖြင့် နိုင်ငံခြားငွေအသုံးပြုရမှုကို လျှော့ချနိုင်မည်ဖြစ်သည်။

## ပြည်ပရင်းနှီးမြှုပ်နှံမှုများ

အလားတူ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများသည် တိုင်းပြည်အတွင်း နည်းပညာများ တိုးတက်လာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိတိုးတက်စေနိုင်သည်။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး လုပ်ငန်းယှဉ်ပြိုင်မှုနှင့်အတူ ဝင်ငွေတိုးပွားမှုများကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ ထို့အပြင် ထုတ်ကုန်တိုးတက်ခြင်း၊ လုပ်ခများတိုးတက်လာခြင်း၊ နိုင်ငံအတွက် အခွန်ရငွေ တိုးတက်လာစေခြင်း၊ နည်းပညာသစ်များနှင့် စီမံခန့်ခွဲမှုဆိုင်ရာကျွမ်းကျင်သူများ၊ အထောက်အပံ့အပါအဝင် ပြည်တွင်း၌ တစ်ဦးတည်း ချုပ်ကိုင်လုပ်ဆောင်မှုစွမ်းအား လျှော့နည်းစေပြီး နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို လျင်မြန်စွာဖြစ်ထွန်းစေနိုင်သည်။

ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုငွေကြေးများစီးဝင်လာခြင်းနှင့်အတူ သွင်းကုန်အစားထိုးထုတ်လုပ်ခြင်း၊ ကုန်စည်နှင့် ပို့ကုန်တင်ပို့နိုင်ခြင်း၊ နိုင်ငံတကာနှင့် ပိုမိုလွယ်ကူစွာကုန်သွယ်နိုင်ခြင်းအပါအဝင် တစ်ဦးချင်းဝင်ငွေသာမက တိုင်းပြည်၏စုစုပေါင်းကုန်ထုတ်လုပ်မှုတန်ဖိုးကို တိုးတက်စေနိုင်မည့် အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီး နည်းပညာဖွံ့ဖြိုးမှုမှတစ်ဆင့် ထုတ်ကုန်သစ်များကို ပိုမိုထုတ်လုပ်နိုင်သဖြင့် ပို့ကုန်တင်ပို့မှုများလည်း တစ်စထက်တစ်စ တိုးတက်လာလျက်ရှိသည်။ ဆိုရလျှင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှုအတွက် အခွင့်အလမ်းများဖြစ်ပေါ်လာစေပါသည်။

မည်သို့ပင်ဆိုစေ တိုင်းပြည်စီးပွားရေးတိုးတက်လာရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ၊ MSME လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုလိုငွေ လျှော့ချနိုင်ရေးအတွက် မလိုအပ်သော နိုင်ငံခြားဖြစ်ကုန်ပစ္စည်းများ တင်သွင်းမှုကိုလျှော့ချပြီး ပြည်ပပို့ကုန်အမည်များ ပိုမိုထုတ်လုပ်ခြင်း အထူးသဖြင့် နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းစီ၏ ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်လာအောင်ဆောင်ရွက်ခြင်း စသည့်နည်းလမ်းများဖြင့် တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမည်ဆိုလျှင် နိုင်ငံ့စီးပွားများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်း။ နေ့စဉ်ထုတ်သတင်းစာများ။**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲအခမ်းအနား တက်ရောက်



မကွေး ဖေဖော်ဝါရီ ၂၅

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၃ နာရီက မကွေးမြို့ မြသလွန်ဘုရားပွဲတော်ကွင်းပြင်၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်ဇနီး၊ မကွေးတပ်နယ်မှ ဗိုလ်မှူးချုပ်ထွန်းဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် ဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်သည်။

**ကြည့်ရှုအားပေး**

ဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများသည် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေသည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ သုံးသင်း၊ စီးပွားရေးရာဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ တစ်သင်း၊ သယံဇာတရေးရာဝန်ကြီးဌာနအောက်ရှိဌာနဆိုင်ရာ နှစ်သင်း၊ လူမှုရေးရာဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ သုံးသင်း၊ လမ်းပန်းဆက်သွယ်ရေးရာ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ သုံးသင်း၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာနအောက်ရှိဌာနဆိုင်ရာများ၊ တိုင်းတရားလွှတ်တော်၊ တိုင်းဥပဒေချုပ်ရုံးတို့ ပူးပေါင်းပြီး အသင်းတစ်သင်းနှင့် အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုအသင်း တစ်သင်း စုစုပေါင်း ပြိုင်ပွဲဝင်အသင်း ၁၄ သင်းတို့ ယှဉ်ပြိုင်နေမှုနှင့် ပြိုင်ပွဲဝင်အသင်းများ ကိုယ်စားပြု အကအဖွဲ့များ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားရာတွင် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို မြန်မာတို့၏ ထုံးတမ်းအစဉ်အလာအရ တပို့တွဲလတွင် ပြုလုပ်ကျင်းပမြဲဖြစ်ပြီး ထမနဲကို မြတ်စွာဘုရားရှင်နှင့် ရဟန်းသံဃာတော်များ၊ သက်ကြီးရွယ်အိုများကို လှူဒါန်းခြင်းဖြင့် ဒါနကုသိုလ်ရရှိစေမည်ဖြစ်သလို စိတ်ဓာတ်အင်အားကို ပိုမိုတက်ကြွမှုရရှိစေမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အသင်းများအနေဖြင့်လည်း သတ်မှတ်ချိန်အတွင်း အရသာကောင်းမွန်ပြီး သန့်ရှင်းမှုရှိသည့်ထမနဲဖြစ်လာရန် စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ယှဉ်ပြိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် ထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသည့် ပထမဆု ၁၀ သိန်း၊ ဒုတိယဆု ခုနစ်သိန်း၊ တတိယဆု ငါးသိန်း၊ စတုတ္ထဆု လေးသိန်း၊ နှစ်သိမ့်ဆုနှစ်သိန်း အပြင် ပြိုင်ပွဲဝင်တစ်သင်းလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ထပ်ဆောင်းချီးမြှင့်ငွေများနှင့် တီဗွီ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ လျှပ်စစ်မီးပူ၊ ပန်ကာ၊ ထမင်းပေါင်းအိုးများအပြင် ဗလာမပါကံစမ်းမဲကံထူးရှင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မီးပုံးပျံလွှတ်တင်ပွဲအခမ်းအနားကို ကျင်းပရာ စိန်နပန်မီးပုံပျံ သုံးလုံး၊ ညမီးကြီး မီးပုံးပျံနှစ်လုံးနှင့် မီးပုံပျံငယ် အလုံး၃၀၀ တို့အား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်ဇနီး၊ မကွေးတပ်နယ်မှ ဗိုလ်မှူးချုပ်ထွန်းဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် ဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက မီးထွန်းညှိ၍ လွှတ်တင်ကာ ထမနဲထိုးပြိုင်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စုပေါင်းထမနဲထိုးပွဲ တက်ရောက်အားပေး




မုံရွာ ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဒုတိယအကြိမ်မြောက် စုပေါင်းထမနဲထိုးပွဲကို တပို့တွဲလပြည့်နေ့ ညနေပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမအနီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ထမနဲသည် မြန်မာ့ရိုးရာ အစားအစာတစ်မျိုးဖြစ်ပြီး မြန်မာတို့၏ ၁၂ လရာသီပွဲတော်များထဲတွင် တပို့တွဲလထမနဲပွဲသည်လည်း ထင်ရှားသောပွဲတော်တစ်ခုဖြစ်သည်။ ထို့အပြင် တစ်ဦးကောင်း တစ်ယောက်ကောင်း မဟုတ်ဘဲ အများစုပေါင်းပြီး စည်းလုံးညီညွတ်စွာဆောင်ရွက်မှသာ အောင်မြင်သည့်အရာ ဖြစ်သောကြောင့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းခြင်းနှင့် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်ကာ အောင်မြင်မှုသို့ ရောက်ရှိခြင်းဆိုသည့် အဓိပ္ပာယ်များဖြင့် စုပေါင်းထမနဲထိုးပွဲကို ကျင်းပခြင်းဖြစ်သည်ဟု သိရသည်။

အဆိုပါ စုပေါင်းထမနဲထိုးပွဲတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ စီးပွားရေးရာဝန်ကြီးဌာန၊ သယံဇာတရေးရာဝန်ကြီးဌာန၊ လူမှုရေးရာဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ ဥပဒေချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့မှ အဖွဲ့ကိုးဖွဲ့ခွဲကာ ပြိုင်ပွဲမဟုတ်သော်လည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကောင်းသည်ထက်ကောင်းအောင် အပြိုင်အဆိုင်ထိုးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ချင်းတွင်းခန်းမအတွင်း၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ စုပေါင်းထမနဲထိုးပွဲသို့ တက်ရောက်လာသူများက ထိုးထားသည့် ထမနဲများအား ချစ်ကြည်ရင်းနှီးစွာ အတူတကွ စားသုံးရင်း ရိုးရာထမနဲပွဲကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သင်္ဘောသားများအတွက် မြန်မာ့အာမခံမှ အသက်အာမခံကြေးငွေပေးလျော်ခြင်းဆိုင်ရာရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများ အလုပ်သမားများ အဖွဲ့ချုပ်ကကြီးမှူး၍ တာဝန်ထမ်းဆောင်စဉ် အသက်သေဆုံးခဲ့သည့် မြန်မာလူငယ် သင်္ဘောသား နှစ်ဦးအတွက် မိခင်နှစ်ဦးက မြန်မာ့အာမခံထံမှ အသက်အာမခံကြေးငွေရရှိခဲ့ခြင်းအတွက် ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ကျောက်တံတားမြို့နယ် ၃၇ လမ်းရှိ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများ အလုပ်သမားများအဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။



အဆိုပါရှင်းလင်းပွဲတွင် အသက်သေဆုံးခဲ့သည့် မြန်မာလူငယ်သင်္ဘောသား ဝေဖြိုးအောင် အသက် ၂၇ နှစ် ၏မိခင်ဖြစ်သူ ဒေါ်နုနုယဉ်က ပြောကြားရာတွင် တစ်ဦးတည်းသောသား ဝေဖြိုးအောင် အသက် ၂၇ နှစ်မှာ ၂၀၂၀ ခုနှစ် ဇန်နဝါရီလက ထိုင်ဝမ်ကျွန်းသို့ ဦးတည်ထွက်ခွာစဉ် မြန်မာ့ပင်လယ်ရေပိုင်နက် ၃၅ မိုင်အကွာသို့ ရောက်ရှိ တာဝန်ထမ်းဆောင်စဉ် သင်္ဘောသားအချင်းချင်း စကားများခဲ့ရာမှ ရန်ပွဲဖြစ်ပွားခဲ့ပြီး ဓားဒဏ်ရာဖြင့်သေဆုံးခဲ့ကြောင်း၊ သားအတွက် လျော်ကြေးငွေ နစ်နာကြေးငွေကို မည်ကဲ့သို့ဆောင်ရွက်ရမည်ကို မသိရှိခဲ့သည့်အတွက် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းခဲ့ရကြောင်း၊ မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားများ အလုပ်သမားများအဖွဲ့ချုပ်ရုံးသို့ ရောက်ရှိပြီး တင်ပြအကူအညီတောင်းခံခဲ့ရာမှ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၏ အားပေးကူညီမှုဖြင့် သားအတွက် အသက်အာမခံကြေးငွေကို အခက်အခဲမရှိ မြန်မာ့အာမခံထံမှ ထုတ်ယူရရှိခဲ့သည့်အတွက် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများ အလုပ်သမားများအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအားလုံး အခက်အခဲအကျပ်အတည်းများကို ကြုံတွေ့ခံစားရပါက အဖွဲ့ချုပ်သို့သွားရောက်အကူအညီတောင်းခံကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းတွင် တာဝန်ထမ်းဆောင်စဉ် မလေးရှားရေပိုင်နက်အတွင်း သင်္ဘောပေါ်မှ ရေထဲသို့ပြုတ်ကျသေဆုံးခဲ့သည့် မြန်မာလူငယ်သင်္ဘောသား ဝင်းမြတ်သူ အသက် ၁၉ နှစ်၏မိခင် ဒေါ်စန္ဒာဦးက ပြောကြားရာတွင် အကြီးဆုံးသားကွယ်လွန်သွားသည့်အတွက် စိတ်အလွန်ထိခိုက်ခဲ့ရကြောင်း၊ ခံစားခွင့်များကို မည်သူ့ထံ မည်သို့တောင်းခံဆောင်ရွက်ရမည်ကို မသိရှိကြောင်း၊ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများ အလုပ်သမားများအဖွဲ့ချုပ်ရုံးသို့ ရောက်ရှိပြီး အကူအညီတောင်းခံရာမှ အဆင်ပြေပြီး မြန်မာ့အာမခံထံမှ အသက်အာမခံကြေးငွေကို အခက်အခဲမရှိ ထုတ်ယူရရှိပြီးဖြစ်ကြောင်း၊ တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများ အလုပ်သမားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန်စိုးမင်းအောင်က ပြောကြားရာတွင် ပင်လယ်ကူးသင်္ဘောသားများအားလုံး အသင်းဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ အကူအညီတောင်းခံလာပါက ဥပဒေဘောင်အတွင်းမှ ကူညီပေးမည်ဖြစ်ကြောင်း၊ ရပိုင်ခွင့်ခံစားခွင့်များကို ရရှိစေရန်ဆောင်ရွက်ရာတွင် သင်္ဘောသားအလုပ်အကိုင်ရရှိရန် လုပ်ကိုင်ပေးသည့် ဒေသခံကိုယ်စားလှယ် (SRPS) ထံမှ အလုပ်ခန့်စာများကို တောင်းခံထားကြရန်နှင့် စာရွက်စာတမ်းများကို မိမိတို့ထံတွင် ပြည့်ပြည့်စုံစုံရှိပါက အမြန်ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ သင်္ဘောသားနှင့် မိသားစုဝင်များ ဆက်သွယ်အကူအညီတောင်းခံလာပါက ကူညီပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**မျိုးမင်းသူရ**

# အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့၌ ဟားမတ်စ်တို့ ဖမ်းဆီးထားသော ဓားစာခံများ အမြန်ဆုံးပြန်လွှတ်ပေးရေး ပြည်သူများ ဆန္ဒထုတ်ဖော်

**တဲလ်အဗစ် ဖေဖော်ဝါရီ ၂၅**

အစ္စရေးပြည်သူများက ဟားမတ်စ်တို့ ဖမ်းဆီးထားသော ဓားစာခံများကို အမြန်ဆုံးပြန်လွှတ်ပေးရန်အတွက်အစ္စရေးနိုင်ငံ၏အကြီးဆုံးစီးပွားရေးမြို့တော် တဲလ်အဗစ်၌ ယနေ့ဆန္ဒထုတ်ဖော်ကြကြောင်း သိရသည်။

**ဓားစာခံများ ပြန်လည်လွတ်မြောက်ရေး**

ဆန္ဒထုတ်ဖော်သူများသည် ဓားစာခံများ ပြန်လည်လွတ်မြောက်ရေးအတွက် ထိရောက်စွာ ညှိနှိုင်းဆွေးနွေးရန် ဝန်ကြီးချုပ် နေတန်ယာဟုအား တောင်းဆိုသည့် စာတန်းများကို ကိုင်ဆောင်ကာ လမ်းမများပေါ်တွင် စုဝေးခဲ့ကြသည်။ ဆန္ဒထုတ်ဖော်သူအချို့သည် ရဲတပ်ဖွဲ့မှ သတ်မှတ်ထားသော အတားအဆီးများကို ဖယ်ရှားရန် ကြိုးစားခဲ့ကြပြီး ရဲအရာရှိများနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့သည်။



ဟားမတ်စ်တို့ ဖမ်းဆီးထားသည့် ဓားစာခံများအနက် ၎င်း၏ သူငယ်ချင်းတစ်ဦးပါဝင်ကြောင်း ဆန္ဒထုတ်ဖော်သူတစ်ဦးက ပြောကြားသည်။ စေ့စပ်ညှိနှိုင်းမှု အခြေအနေများမှာ နှေးကွေးလွန်းပြီး ဓားစာခံများ လွတ်မြောက်ရေးကို စစ်ရေးအရ ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း ၎င်းကပြောကြားသည်။

စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိသော်လည်း အစ္စရေးတပ်ဖွဲ့ဝင်များသည် ဂါဇာကမ်းမြောင်ဒေသရှိနေရာအနှံ့အပြား၌ စစ်ဆင်ရေးဆင်နွှဲမှုများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း ၉၂ ဦး သေဆုံးခဲ့ပြီး လက်ရှိအချိန်အထိ ပါလက်စတိုင်းသေဆုံးသူပေါင်း ၂၉၆၀၆ ဦးအထိ ရှိခဲ့ကြောင်း ဂါဇာရှိ ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

တိုက်ပွဲများ ယာယီရပ်တန့်ရန်နှင့် ဓားစာခံများ ပြန်လွှတ်ပေးရေးဆိုင်ရာ သဘောတူညီချက်အတွက် ဆွေးနွေးပွဲတစ်ရပ်ကို ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဖေဖော်ဝါရီ ၂၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အမေရိကန်၊ အီဂျစ်နှင့် ကာတာနိုင်ငံတို့သည် ဓားစာခံများ ထပ်မံလွှတ်ပေးရေးအတွက် စေ့စပ်ညှိနှိုင်းရေးများကို လုပ်ဆောင်လျက်ရှိသည်။

သို့သော် ဝန်ကြီးချုပ် နေတန်ယာဟုက အပြီးတိုင် အပစ်အခတ်ရပ်စဲရေးအတွက် ဟားမတ်စ်အဖွဲ့၏ တောင်းဆိုချက်များကို ပယ်ချခဲ့ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်



# အီဂျစ်အစိုးရက ဂါဇာကမ်းမြောင်တောင်ပိုင်း ခန်ယွန်နစ်မြို့၌ နေရပ်စွန့်ခွာသူများအတွက် ယာယီစခန်းတစ်ခု ထပ်မံတည်ဆောက်

**ကိုင်ရို ဖေဖော်ဝါရီ ၂၅**

အီဂျစ်အစိုးရက ဂါဇာကမ်းမြောင်တောင်ပိုင်း ခန်ယွန်နစ်မြို့၌ ပြည်တွင်းနေရပ်စွန့်ခွာသူများ ခိုလှုံရန်အတွက် နောက်ထပ် ယာယီစခန်းတစ်ခုကို စတင်တည်ဆောက်လျက်ရှိကြောင်း အီဂျစ်နိုင်ငံပိုင်ရုပ်သံလိုင်း Al-Qaahera News က ယနေ့ သတင်းဖော်ပြသည်။

**လူပေါင်း ၄၀၀၀ ခန့် တည်းခိုနိုင်မည်**

အဆိုပါ ယာယီစခန်းတွင် ရွက်ဖျင်တဲ ၄၀၀ ထားရှိမည်ဖြစ်ပြီး လူပေါင်း ၄၀၀၀ ခန့် တည်းခိုနိုင်မည်ဖြစ်သည်။

လျှပ်စစ်မီးထောက်ပံ့မှု၊ သောက်သုံးရေနှင့် သုံးရေများအပါအဝင် သန့်စင်ခန်းများကိုလည်း ကောင်းမွန်စွာ ထားရှိပေးမည်ဖြစ်ကြောင်း သိရသည်။

အီဂျစ်အစိုးရသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ခန်ယွန်နစ်မြို့၌ နေရပ်စွန့်ခွာ ပါလက်စတိုင်းများအတွက် အလားတူစခန်းတစ်ခုကို တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ဂါဇာကမ်းမြောင်ဒေသ ရာဖာမြို့နှင့် ဒီရာအယ်ဘာလာရှ်မြို့တို့၌လည်း ဆေးရုံ တစ်ခုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဖြန့်ဖြူးရေးစင်တာ နှစ်ခုတို့ကို ထူထောင်သွားမည်ဖြစ်သည်။

**ပါလက်စတိုင်း ၂၉၆၀၆ ဦး သေဆုံး**

အစ္စရေးတပ်ဖွဲ့ဝင်များ၏ စစ်ဆင်ရေးဆင်နွှဲမှုကြောင့် လက်ရှိအချိန်အထိ ပါလက်စတိုင်း ၂၉၆၀၆ ဦး သေဆုံးပြီး ၆၉၇၃၇ ဦး ဒဏ်ရာရခဲ့ကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာန၏ ဖေဖော်ဝါရီ ၂၅ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အီဂျစ်နှင့် ဂါဇာကမ်းမြောင်ကြားရှိ ရာဖာမြို့နယ်စပ်ဖြတ်ကျော်မှုသည် အီဂျစ်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများမှ လှူဒါန်းသည့် ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးရန်အတွက် အဓိက အသက်သွေးကြောတစ်ခုဖြစ်သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# ဆိုမာလီယာနိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် သေဆုံးမှု ပိုများလာ

**မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၂၅**

ဆိုမာလီယာနိုင်ငံ၌ ၂၀၂၃ ခုနှစ် နှောင်းပိုင်းတွင် အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများ ပိုမိုဖြစ်ပွားလာခြင်းနှင့် အတူ ကာလဝမ်းရောဂါဖြစ်ပွားသူ ၂၉၄၃ ဦးနှင့် သေဆုံးသူ ၂၆ ဦး ရှိလာကြောင်း ဆိုမာလီယာနိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည်။

**သက်ရောက်မှုရှိ**

ဆိုမာလီယာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ အဆိုအရ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ကတည်းက ဆိုမာလီယာနိုင်ငံရှိ ခရိုင်အများအပြားတွင် ကာလဝမ်းရောဂါဖြစ်ပွားမှုအပေါ် သိသိသာသာ သက်ရောက်မှုရှိခဲ့ကြောင်း သိရသည်။

ဆိုမာလီယာနိုင်ငံတွင် လက်ရှိဖြစ်ပွားနေသော ကာလဝမ်းရောဂါသည် သန့်ရှင်းသော သောက်သုံးရေများ လုံလောက်စွာမရရှိခြင်းကြောင့် ဖြစ်ကြောင်း ဆိုမာလီယာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့**

ဆိုမာလီယာနိုင်ငံတွင် ကာလဝမ်းရောဂါဖြစ်ပွားမှုအပြင် လူပေါင်း ၂ ဒသမ ၅ သန်းကျော်အား ထိခိုက်စေသည့် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်သည့် ရေလွှမ်းမိုးမှုများ ကြုံတွေ့ခဲ့ရပြီး လူပေါင်း ၁ ဒသမ ၂ သန်း အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကာ လူ ၁၁၈ ဦး သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂက ဆိုသည်။

အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့်ဖြစ်ပေါ်သည့် ရေကြီးမှုဖြစ်စဉ်သည် ဆိုမာလီယာနိုင်ငံအား သိသိသာသာ ထိခိုက်ခဲ့ရပြီး ပြည်သူအများစုသည်လည်း အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း သိရသည်။

**ဖြစ်ပွားမှုများ မြင့်တက်ခဲ့**

ဆိုမာလီယာနိုင်ငံသည် ၂၀၂၂ ခုနှစ်မှစတင်၍ ကာလဝမ်းရောဂါဖြစ်ပွားမှုများ မြင့်တက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် မိုးခေါင်ရေရှားမှုများဖြစ်ပွားခဲ့ပြီး နောက်ပိုင်း ဘာနာဒီယာဒေသတွင် ကာလဝမ်းရောဂါဖြစ်ပွားမှု မြင့်တက်ခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

၂၀၂၃ ခုနှစ်တွင် ဆိုမာလီယာနိုင်ငံ၌ ကာလဝမ်းရောဖြစ်ပွားသူ ၁၈၃၀၄ ဦးကျော်နှင့် သေဆုံးသူ ၄၆ ဦးရှိခဲ့ပြီး ရောဂါဖြစ်ပွားသူများထဲတွင် အသက် ငါးနှစ်အောက်ကလေးငယ် ၁၀၀၀၀ ကျော် ပါဝင်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်



# နိုတိုဒေသကို ပြန်လည်တည်ဆောက်ရန် ဂျပန်အစိုးရက အမေရိကန်ဒေါ်လာ ၆၆၅ သန်း သုံးစွဲမည်

**တိုကျို ဖေဖော်ဝါရီ ၂၅**

ဂျပန်နိုင်ငံ အလယ်ပိုင်းတွင် ငလျင်လှုပ်ခတ်မှုဒဏ်ခံခဲ့ရသည့် နိုတိုဒေသတွင် ပြန်လည်တည်ဆောက်ရေး အရှိန်မြှင့်လုပ်ဆောင်ရန်အတွက် ယန်းငွေဘီလီယံ ၁၀၀(အမေရိကန်ဒေါ်လာ ၆၆၅ သန်းခန့်) ထပ်မံခွဲဝေချထားပေးမည် ဖြစ်ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်၏ အရန်ရန်ပုံငွေ အပေါ်အခြေခံ၍ လာမည့်သီတင်းပတ်အစောပိုင်းတွင် ထောက်ပံ့ကြေးအစီအစဉ်၏ တိုးချဲ့ဘဏ္ဍာရေးဆိုင်ရာ နောက်ထပ်အသုံးစရိတ်များကို ဆုံးဖြတ်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဝန်ကြီးချုပ် ကီရှီဒါက ငလျင်လှုပ်ခတ်ခဲ့သော ဒေသများသို့ ဖေဖော်ဝါရီ ၂၅ ရက်က သွားရောက်စဉ် သတင်းထောက်များအား ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ အီရှီကာဝါစီရင်စုတွင် လှုပ်ခတ်ခဲ့သော ပြင်းအား ၇ ဒသမ ၆ အဆင့်ရှိ မြေငလျင်ကြောင့် ပျက်စီးသွားသော နေအိမ်များ ပြန်လည်တည်ဆောက်ရာတွင် ကူညီရန်အတွက် ယန်း သုံးသန်းအထိ ထောက်ပံ့ရန် စီစဉ်ထားကြောင်းလည်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်

# ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ ငွေကျပ်သိန်း ၇၁၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၃ သိန်း သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ ငွေကျပ်သိန်း ၇၁၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၃ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**ဆက်လက်စစ်ဆေးဖော်ထုတ်**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် မကျီးရေကျေးရွာအနီးတွင် ရပ်စောက်မှ နောင်ချိုဘက်သို့ စိုင်းယီလှိုင်း မောင်းနှင်လာသည့် Toyota Hiace ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၇၁၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၃ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



စိုင်းယီလှိုင်းကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် ဆေးဝါးများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် RIALTO Porcelain Tile ၃၇၇၁ ဒသမ ၃၆ စတုရန်းမီတာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၅၉၉၂၈၀) ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Plastic Packing Foil Printed For Soft Drink ကီလိုဂရမ် ၃၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၈၃၇၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၄၃၆၂၈၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်- မန္တလေးလမ်းကြောင်း၊ ကျောက်ဆည် မြို့ရှောင်လမ်း အနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထွက် ကြက်သွန်ဖြူ ကီလိုဂရမ် ၂၇၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၀၀၀၀၀)နှင့် အဆိုပါ ကြက်သွန်ဖြူများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးနှင့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀) ကိုလည်းကောင်း၊ မန္တလေးမြို့အဝင် မြစ်ငယ်တိုးဂိတ်၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Fashion ပါဆယ်အိတ် ကီလိုဂရမ် ၉၉၆၀၊ Polyester Cotton Fabric ၆၅၃ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၆၃၀၆၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီးနှင့် Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၃၀၆၈၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

**ငွေကျပ် ၁၅၁၁၀၂၈၀၀ သိမ်းဆည်းရမိ**

ထို့ပြင် ဖေဖော်ဝါရီ ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောင်မင်္ဂလာ အဝေးပြေးကားဝင်း ရွှေတောင်ရိုးကားဂိတ်နှင့် ကားဝင်းအတွင်း ဝင်ရောက်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Sir Edward's ဝီစကီ ၄၀၈ ပုလင်း၊ Ostonil Tablets အရိုးအကြောဆေးဘူး ဘူး ၁၅၀၊ Napoli စီးကရက် အတောင့် ၅၀၀၊ Lacto-soy ပဲနို့ဘူး ၁၄၀၄၀ အပါအဝင် ကုန်ပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၁၅၂၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၀၀၀၀၀၀၀) ကို လည်းကောင်း၊ ရွှေပြည်သာမြို့နယ် (၁)ရပ်ကွက်ရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Maximus Beer ၁၈၉၆ ဘူး အပါအဝင် ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၉၅၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၁၀၂၈၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၆၅၈၄၅၈၈၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၂-၂၀၂၄ တနင်္လာနေ့

### MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ တစ်မူထူးခြားသစ်သားနှင့် Resin ပေါင်းစပ်မှုအလှတရား
၀၉:၁၀ သုတပဒေသာစိုက်ပျိုးနည်းပညာ 'စီးပွားဖြစ်ကာစိတ်ချမ်းသာစေကာစိုက်ပျိုးပါ'
၁၀:၃၀ Economic Review
၁၁:၅၀ ဘဝနှင့်အနုပညာ 'ရှစ်ရှင်သရှစ်ဆောင်ဖုလဲ' (အပိုင်း-၁)
၁၂:၁၅ မုန့်တိုင်းကိုဆန့်ပျံသန်းကြသူများရဲ့ရာဇဝင် (အပိုင်း-၁)
၁၃:၃၀ MRTV National News
၁၄:၀၀ မုန့်တိုင်းကိုဆန့်ပျံသန်းကြသူများရဲ့ရာဇဝင် (အပိုင်း-၂)
၁၅:၀၀ ကျန်းမာရေးမဂ္ဂဇင်း(တိုင်းရင်းဆေး)
၁၅:၃၀ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာ သင်ကောင်းစာများ (**မြန်မာစာဘာသာရပ်**)
၁၆:၃၅ မျိုးဝက်တင့်စေဆိုကရေးတီးအမွေ
၁၇:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၇:၂၅ This Week's Special Interest
၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း-၁၂)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဖြည့်စုံခြင်းအိပ်မက်' (အပိုင်း-၃၄)
၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ 'ပိန်းကြာပက်၌တင်သောရေ' (အပိုင်း-၁)

### mitv

07:01 Evergreen Classic: Aseinnaya (Takkatho Lae Lae)
07:11 Ecotourism: Historic Pagodas and Intresting Places in Sagaing and Monywa Tourism Zone
07:29 Sagaing: Guitars
07:39 Faith & Worship (Part-1)
08:01 News
08:26 National Attractions Thailand (The World Heritage of Joy, Sukhothai)
08:30 The Coloured Glass Ball (Ywal) Juggling Master
08:54 Local Talents Show (2)
09:01 Mushroom Farming
09:25 Myanmar Traditional Snacks: Shwe Hta Min
09:31 Discovering Tribes: Pa-O: their life and customs (Part-1)
10:25 Topical Topics (No. 21) Some Fish Options for One's Health

### MRTV NRC

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
အဆိုတော်ကြီးဖြစ်ချင်သူ(မေသူကျော်)

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
ကျိုင်းတုံ-မိုင်းပျဉ်းကြားကရှုမငြီးတဲ့လမ်းခရီး

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
တောင်သုံးလုံးစက်ချုပ်ဆိုင်

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
ဗိုင်ဝါးရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ကယားရိုးရာတုရိယာပြုလုပ်ခြင်း

**ပအိုဝ်းကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ကရင်ရိုးရာကြက်သားသုပ်

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
သုတေသနပြုခြင်းမှသည်ထွက်နှုန်းစံပိုမြန်မာ့စပါးကို

**အရှေ့ပိုးကရင် (၁၈ :၀၀ မှ ၁၉:၀၀)**
ဖားစည်မြေမှရောင်စုံအလှ(အပိုင်း-၃)

**ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
တို့များကောက်သစ်စားပွဲချင်းရိုးရာဖက်ထုပ်

**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
ချင်းတောင်မှနွားနောက်များအကြောင်း

**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
ရာမညမြေမှအမွေအနှစ်များ

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၈:၄၅ Weekly Selected News
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၁၅ ထူးခြားစုံလင်အာရုံစိဗိတ်အစီအစဉ်
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၁:၄၅ သတင်းသမားပြောတဲ့သတင်းစကား

### MRTV PARLIAMENT

၀၆:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အဝယ်ပလော်နဲ့'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ PR SYSTEM စကားဝိုင်း
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၃၀)
၁၈:၀၀ Economic Review

### MRTV FARMERS' / H TV Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ စိုက်ပျိုးမွေးမြူသုတဘဏ်
၀၆:၅၅ တောင်သူများပူးပေါင်းပါဝင်ကာရယ် နေကြာမျိုးသန့်ထုတ်ကြမယ်
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ Satyaprem.Ki.Katha.2023 (နိုင်ငံခြားဇာတ်လမ်း)
၂၂:၀၀ ဆံပင်အတုနဲ့မေခင်ဂျပု(ဇာတ်လမ်း)

### MRTV SPORTS / H TV Sports

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၁၀:၄၅ Sports Diary
၁၆:၃၀ MNL 2022 Match (Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၄၅ Weekly Sports Info

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**

# အသက် ၁၈ နှစ်နှင့် ၃၅ နှစ်အကြား ရခိုင်လူငယ်များအား ရန်ကုန်မှ ရခိုင်သို့ လေယာဉ်ဖြင့် သွားလာခွင့်ပိတ်ပင်ကန့်သတ်ထားကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဖေဖော်ဝါရီ ၂၅

အသက် ၁၈ နှစ်နှင့် ၃၅ နှစ်အကြား ရခိုင်လူငယ်များအား ဖေဖော်ဝါရီ ၂၄ ရက်မှစတင်၍ ရန်ကုန်မှ ရခိုင်သို့ လေယာဉ်ဖြင့် သွားလာခွင့် ပိတ်ပင်ကန့်သတ်ထားကြောင်း ကောလာဟလသတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အသက် ၁၈ နှစ်နှင့် ၃၅ နှစ်အကြား ရခိုင်လူငယ်များအား ရန်ကုန်မှ ရခိုင်သို့ လေယာဉ်ဖြင့် သွားလာခွင့် ပိတ်ပင်ကန့်သတ်ထားခြင်း မရှိကြောင်းနှင့် ကောလာဟလသတင်းအမှားများသာ ဖြစ်ကြောင်း သိရှိရသည်။ တရားမဝင်ပြည်ဖျက်မီဒီယာများ၏ သတင်းတု၊ သတင်းအမှားများသည် ပြည်သူများကို ကြောက်ရွံ့ထိတ်လန့်လာစေပြီး နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တန့်ဆည်မြို့နယ် ကံထူးမကျေးရွာတစ်ခုလုံးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ကံထူးမကျေးရွာကို ဖေဖော်ဝါရီ ၂၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း သတင်းတု၊ သတင်းအမှားများအား တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ကံထူးမကျေးရွာရှိ နယ်မြေရှင်းစခန်းကို PDF အမည်ခံအကြမ်းဖက်သမားများက ဖေဖော်ဝါရီ ၂၁ ရက်တွင် လာရောက်တိုက်ခိုက်ခဲ့သည့်အတွက် ကံထူးမကျေးရွာအနီးတွင် လုံခြုံရေးပူးပေါင်းအဖွဲ့များနှင့် အကြမ်းဖက်သမားများ နစ်ဖက်တိုက်ပွဲဖြစ်ပွားခဲ့ရာ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များ၏ ထိရောက်သော လက်နက်ကြီးပစ်ခတ်မှုများကြောင့် အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာနှင့် အနီးတစ်ဝိုက်တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိပြီး ကံထူးမကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေသည်ဆိုသည်မှာ မှန်ကန်မှုမရှိသည့် သတင်းအမှားသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားပြီး ပြည်သူများအား သတင်းအဆိပ်ခတ်ဖြန့်ဝေလျက်ရှိရာ ၎င်းတို့၏လုပ်ကြံသတင်းအမှားများအပေါ် ပြည်သူများအထင်အမြင်လွဲမှားမှုမရှိစေရန်အတွက် နိုင်ငံပိုင်သတင်းဌာနများနှင့် သတင်းစာများတွင် သတင်းအမှန်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

### အသိပေးသတင်းထုတ်ပြန်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသုံးပြုခံရခြင်းဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### အရေးယူဆောင်ရွက်

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Kyaw Thu Naing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အမှတ်(၄)ရပ်ကွက်နေ ကျော်သူနိုင်အား နံနက် ၁၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ “Nihsa Awadnap” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ဂေါင်းဦးဘာကျေးရွာနေ မျိုးမင်းထူးအား နံနက် ၁၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “Ko Shein” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကွင်းရပ် ရပ်ကွက်နေ နေလင်းထွန်း(ခ)မင်းသားအား ည ၇ နာရီခွဲတွင်လည်းကောင်းသက်ဆိုင်ရာစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကွန်ဟိန်းမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြော



ကွန်ဟိန်း ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့တွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီခန့်က အမှတ်(၃) ရပ်ကွက်ရှိ လားဟူခရစ်ယာန် ဘုရားကျောင်း၌ ကျင်းပသည်။

### အသိပညာပေးဟောပြော

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းနိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကွန်ဟိန်းမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးအောင်သက်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးငြိမ်းကို၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးရန်အောင်တို့က သတင်းတု၊ သတင်းမှားများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# စိုက်ပျိုးရေးဦးစီးဌာန ကန့်ဘလူဥယျာဉ်ခြံတွင် မျိုးစေ့ထုတ်ကြက်သွန်နီများ အောင်မြင်ဖြစ်ထွန်း

ကန့်ဘလူ ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံဖြင့်သီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲအောက်ရှိ ကန့်ဘလူဥယျာဉ်ခြံတွင် မျိုးစေ့ထုတ်ကြက်သွန်နီ(ရွှေဖလား)မျိုးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါမျိုးစေ့ထုတ် ကြက်သွန်နီကို နိုဝင်ဘာလအတွင်းက စိုက်ပျိုးထားပြီး ရက်ပေါင်း(၁၄၅-၁၅၀)ရက်တွင် ရိတ်သိမ်းခူးဆွတ်နိုင်ကြောင်းနှင့် မျိုးစေ့ထုတ်ကြက်သွန်နီ တစ်ဧက စိုက်ပျိုးလျှင် ငွေကျပ် ၁၅၀၀၀၀၀ ဝန်းကျင်ကုန်ကျကြောင်း သိရသည်။

အဆိုပါမျိုးစေ့ထုတ် ကြက်သွန်နီများကို ဒေသတွင်းတောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရန် မျိုးများကို စက်တင်ဘာ၊ အောက်တိုဘာလတွင် ဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း ကန့်ဘလူဥယျာဉ်ခြံ တာဝန်ခံဦးစီးအရာရှိ ဦးမျိုးနိုင်ထံမှ သိရသည်။

ကြက်သွန်နီကို ပျိုးထောင်စိုက်ပျိုးပါက တစ်ဧကလျှင် မျိုးစေ့ပြည်(၂-၃)ပြည် ပျိုးထောင်ရပြီး ပျိုးပင်လေးများ ရက်ပေါင်း ၃၀ မှ ၄၅ ရက်သားအရွယ်တွင် စိုက်ခင်းသစ်သို့ ပြောင်းရွှေ့စိုက်ခြင်းဖြစ်သည်။ ကြက်သွန်နီ တစ်ဧက စိုက်ပျိုးပါက ပိဿာချိန်(၄၀၀၀-၅၀၀၀)အထိ ထွက်ရှိကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

# ပေါင်းတည်၌ မတ်ပဲဝယ်လိုအား ကောင်းမွန်နေပြီး ဈေးကောင်းရရန် တောင်သူများ မျှော်လင့်

ပေါင်းတည် ဖေဖော်ဝါရီ ၂၅

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ဒေသထွက် ပဲမျိုးစုံ အဝယ်ဒိုင်များ၌ မတ်ပဲနှင့် ပဲတီစိမ်း အဝင်နည်းလျက်ရှိကြောင်း သိရသည်။ ပဲတီစိမ်းမှာ တရုတ်ဘက်မှ ဝယ်လိုအားနည်းနေကြောင်းနှင့် မတ်ပဲမှာလည်း အိန္ဒိယဘက်မှ ရည်ညွှန်းဈေးသတ်မှတ်ချက်များဖြင့် ဝယ်ယူလာမှုများရှိနေကြောင်း ဒေသခံပဲကုန်သည်များထံမှ သိရသည်။

ယခုလတ်တလောတွင် ဒေသတွင်းမတ်ပဲပေါက်ဈေးမှာ ပိဿာ၂၀လျှင် ငွေကျပ် ၆၇၀၀၀ နှင့် ပဲတီစိမ်းဈေးနှုန်းမှာလည်း ပိဿာ ၂၀လျှင် ငွေကျပ် ၆၅၀၀၀ ဝန်းကျင် ဈေးနှုန်းဖြစ်ပေါ်ကာ မတ်ပဲမှာ ဝယ်လိုအား ကောင်းမွန်ကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ တောင်သူအများစုအနေဖြင့် ယခင်နှစ်ထက် ပဲအထွက်ကောင်းခဲ့ပြီး တစ်ဧကလျှင် ပျမ်းမျှ တင်း ၂၀ ခန့်ရရှိကြောင်း၊ စောလျင်စွာ ရိတ်သိမ်းခဲ့သောပဲများကို ပိဿာ ၂၀ ဝင် တစ်အိတ်လျှင် စံချိန်တင်ဈေးနှုန်း ငွေကျပ် ၁၅၀၀၀၀ ခန့် ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီးနောက် ယခုရောင်းလိုအား အနည်းငယ်ကျဆင်းနေကြောင်း၊ အဝယ်ဒိုင်သို့လှောင်ရုံများတွင် ပဲအောင် မသွင်းကြသော်ဘဲ ပုံမှန်အခြေအနေ သာရှိကြောင်း၊ တောင်သူများအနေဖြင့် ယခုနှစ် ရိတ်သိမ်းထားသော ပဲသစ်များကို ကိုင်ထားကာ ယခုထက်ဈေးကောင်းရရန် မျှော်လင့်နေကြကြောင်း သိရသည်။

သူရကြီး(ပြန်/ဆက်)

# ဘားအံမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု ထမနဲထိုးပြိုင်ပွဲ ကျင်းပ



ဘားအံ ဖေဖော်ဝါရီ ၂၅

တပို့တွဲလသည် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ထမနဲထိုးသည့် လတစ်လဖြစ်သည်နှင့်အညီ ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ မြန်မာ့ရိုးရာယဉ်ကျေးမှု ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၃ နာရီက ဘားအံမြို့ သီရိကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်အသင်းများ၊ ကြီးကြပ်ဒိုင်များက ပြိုင်ပွဲဝင်ရန်သတ်မှတ်နေရာများတွင် နေရာယူကြပြီး ပြည်နယ်ဝန်ကြီးချုပ်က (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုထမနဲထိုးပြိုင်ပွဲ စတင်ယှဉ်ပြိုင်နိုင်ကြောင်း မင်္ဂလာရွှေမောင်းသုံးချက်တီး၍ အချက်ပေးကြေညာခဲ့ပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့ရာ ပြိုင်ပွဲဝင်ထမနဲထိုးအသင်းများက အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အကၢအခုန်များ၊ ကရင်ရိုးရာဒုံးအက များဖြင့် သီဆိုကပြဖျော်ဖြေ၍ ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက မြန်မာ့ရိုးရာယဉ်ကျေးမှု ထမနဲထိုးယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်မှုအပြီးတွင် ဒိုင်အဖွဲ့များ အမှတ်ပေး အကဲဖြတ်နေစဉ်ကာလတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ထမနဲထိုးပြိုင်ပွဲအထိမ်းအမှတ် ဌာနဆိုင်ရာများ၏ အနည်းဆုံးအမြင့်ပေ ၄၀ နှင့်အထက်၊ အောက်ခြေအချင်း ရှစ်ပေရှိ မီးပုံးပျံ ၁၀ လုံးကို လွှတ်တင်ခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများက အထူးဆုရရှိကြသည့် အသင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တို့က နှစ်သိမ့်ဆုရရှိကြသည့် ပြိုင်ပွဲဝင်အသင်းများအားလည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးက တတိယဆုရအသင်းအားလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက ဒုတိယဆုရအသင်းအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းအား ငွေကျပ်သုံးသိန်းနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပဲခူးမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေ ရှင်းလင်းခြင်းအခမ်းအနား ကျင်းပ



ပဲခူး ဖေဖော်ဝါရီ ၂၅

ပဲခူးမြို့ မြို့တော်ခန်းမ၌ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ယမန်နေ့ နံနက်ပိုင်းတွင် ပြည်သူ့စစ်မှုထမ်းဥပဒေ ရှင်းလင်းခြင်းအခမ်းအနားကို ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ပြည်သူ့စစ်မှုထမ်းဥပဒေသည် ၁၉၅၉ ခုနှစ်ကတည်းက စတင်ခဲ့ကာ ၂၀၁၀ ပြည့်နှစ်တွင် ခေတ်ကာလနှင့်အညီ ပြန်လည်ရေးဆွဲခဲ့ပြီး ယခုအချိန်မှသာ အာဏာတည်သက်ရောက်ခဲ့ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေအား ယခင်ကာလများတွင် ကျင့်သုံးခြင်းမရှိသော်လည်း ယခုအခါ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းရသည့် အဓိကရည်ရွယ်ချက်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့်ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသည်နှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း၊ မိမိတို့၏အိမ်နီးချင်းနိုင်ငံများတွင်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေကို ကျင့်သုံးလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ရှေးယခင်ကာလကတည်းက ထောင်ပြုမြို့၊ ရာပြုမြို့၊ ဆယ်ပြုမြို့ စသည့် စစ်မှုထမ်းဆောင်နိုင်ရန် မြို့ပြရွာများ တည်ထောင်ဆောင်ရွက်ခဲ့ခြင်းများ ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဟူသည် တပ်မတော်တွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ ပြည်သူလူထုတစ်ရပ်လုံးတွင် တာဝန်ရှိသည့်အတွက် ယခုပြဋ္ဌာန်းလိုက်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို အားလုံးက ဂုဏ်ယူဝမ်းမြောက်စွာဖြင့် တာဝန်ထမ်းဆောင်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်တင့်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများကို အခန်းတစ်ခုချင်းအလိုက် ဖတ်ကြားရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦး၊ ဥပဒေချုပ် ဦးခင်မောင်တင့်၊ ပဲခူးခရိုင်အတွင်းရှိ စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့သည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေသိကောင်းစရာ ရှင်းလင်းပွဲများကို ကျန်ရှိသည့် ညောင်လေးပင်ခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်၊ နတ်တလင်းခရိုင်နှင့် သာယာဝတီခရိုင်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၇၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၇၅ | ၂၈၁၅ | ၂၈၄၀ | ၂၈၂၅ | ၂၈၀၀ | ၂၉၀၀ | ၂၉၁၅ | ၂၈၀၅ | ၂၈၁၅ | ၂၈၅၅ | ၂၈၅၅ | ၂၈၅၅ | ၃၀၈၅ | ၃၁၅၀ |
| 95 Ron | ၂၈၈၅ | ၂၉၃၅ | ၂၉၃၅ | ၂၈၉၅ | ၂၉၃၅ | ၂၉၅၅ | ၂၉၄၀ | ၂၉၂၀ | ၃၀၁၅ | ၃၀၃၅ | ၂၉၂၅ | ၂၉၄၀ | ၂၉၇၀ | ၂၉၇၀ | ၂၉၇၅ | ၃၂၀၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၅၆၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၇၀ | ၂၆၁၀ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၇၁၅ | ၂၇၁၀ | ၂၆၀၅ | ၂၆၁၀ | ၂၆၅၀ | ၂၆၅၀ | ၂၆၅၀ | ၂၈၈၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၆၁၀ | ၂၆၆၀ | ၂၆၅၅ | ၂၆၁၅ | ၂၆၅၅ | ၂၆၈၀ | ၂၆၇၅ | ၂၆၄၀ | ၂၇၆၀ | ၂၇၅၅ | ၂၆၅၀ | ၂၆၆၀ | ၂၆၉၅ | ၂၆၉၅ | ၂၆၉၅ | ၂၉၂၅ | ၃၅၉၅ |
| HSD (10 ppm) | ၂၆၂၀ | ၂၆၇၀ | ၂၆၆၅ | ၂၆၃၀ | ၂၆၇၀ | ၂၆၉၀ | ၂၆၈၅ | ၂၆၅၅ | ၂၇၇၅ | ၂၇၇၀ | ၂၆၆၀ | ၂၆၇၀ | ၂၇၀၅ | ၂၇၀၅ | ၂၇၁၀ | ၂၉၄၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၄၁ | ၂၇၂၈ |
| 95 Ron | ၂၇၅၆ | ၂၈၄၄ |
| HSD (500 ppm) | ၂၄၄၄ | ၂၅၂၂ |
| HSD (50 ppm) | ၂၄၈၇ | ၂၅၆၆ |
| HSD (10 ppm) | ၂၄၉၉ | ၂၅၇၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရန်ကုန်မြို့၌ (၇၇)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)က ကြီးမှူး၍ (၇၇)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ယနေ့တွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ မွန်ပိဋကတ်တိုက်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် (၇၇)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား ကျင်းပရေးကော်မတီ(ရန်ကုန်)ဥက္ကဋ္ဌ နိုင်ခင်လတ်က အမှာစကားပြောကြားသည်။ ယင်းနောက် (၇၇)ကြိမ်မြောက်မွန်အမျိုးသားနေ့(ဗဟို)မှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။ ဆက်လက်၍ မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်) ဥက္ကဋ္ဌ ဒေါက်တာမင်းခင်စိန်က နွေရာသီကာလအတွင်းမွန်စာပေယဉ်ကျေးမှုသင်တန်းများဖွင့်လှစ်နိုင်ရေးနှင့်အသက်(၇၅)နှစ်နှင့်အထက် မွန်သက်ကြီးပူဇော်ပွဲကျင်းပနိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် (၇၇)ကြိမ်မြောက်မွန်အမျိုးသားနေ့(ရန်ကုန်) အထိမ်းအမှတ် မွန်လူငယ်ဗဟုသုတပြိုင်ပွဲ၊ မွန်ရိုးရာထမနဲထိုးပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မွန်ရိုးရာယဉ်ကျေးမှုအနုသုခုမဆိုင်ရာဖျော်ဖြေရေးအစီအစဉ်များကို ကပြဖျော်ဖြေကြသည်။

(၇၇)ကြိမ်မြောက် မွန်အမျိုးသားနေ့အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကမာရွတ်မြို့နယ်ဥယျာဉ်လမ်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနတွင် ကျင်းပရာ စာတမ်းရှင် ဒေါက်တာလဲ့လဲ့ဝင်း၊ နန်းကြည်ကြည်ခိုင်နှင့် နိုင်ဝင်းဗိုလ်တို့က စာတမ်းများကို ဖတ်ကြားခဲ့ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# နွေစပါးစိုက်ပျိုး ဝင်ငွေတိုး သုံးမြို့နယ် နွေစပါး အားမာန်သစ်များ

မော်ကျွန်းမြင့်အောင်

**နွေစပါးစိုက်ပျိုးခြင်းက တောင်သူများအတွက် အကျိုးများသည်။ မိုးစပါးအထွက်နှုန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် နွေစပါးက အထွက်နှုန်းပိုသည်။ လုပ်ငန်းခွင် သာယာသည်။ နွေစပါးစိုက်ပျိုးထုတ်လုပ်သော တောင်သူများကို ဝင်ငွေတိုးတက်ရရှိစေသည်။ ထို့ကြောင့်လည်း တောင်သူများက နွေစပါးကို အားထား စိုက်ပျိုးကြခြင်းဖြစ်သည်။**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၊ ကျိုက်လတ်မြို့နယ်နှင့် ဘိုကလေးမြို့နယ်တို့ အတွင်း နွေစပါးစိုက်ပျိုးပြီးစီးမှုများကို ကွင်းဆင်းလေ့လာ သတင်းစကားရယူလိုသောကြောင့် စာရေးသူတို့အဖွဲ့သည် မော်လမြိုင်ကျွန်းမြို့မှ သူငယ်ချင်း၏ မော်တော်ယာဉ်ဖြင့် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကွင်းဆင်းခရီးသွားရောက်ခဲ့သည်။

**စိမ်းစိုလန်းဆန်းနေသည့် နွေစပါးစိုက်ခင်းများ**

ဆောင်းအအေးဓာတ်နှင့်အတူ ကမ္ဘလာစိမ်းများခင်းထားသည့်အလား ထင်မှတ်မှားရသည့် နွေစပါးစိုက်ခင်း တစ်မျှော်တစ်ခေါ်မြင်ကွင်းများကို ကားလမ်းဘေး ဝဲယာတစ်လျှောက်တွင် အဆက်မပြတ်တွေ့မြင်နေရသည်။ အောင်မြင်ရှင်သန်စိမ်းစိုလန်းဆန်းနေသည့် နွေစပါးစိုက်ခင်းများပင်ဖြစ်သည်။

စာရေးသူတို့အဖွဲ့မှာ ဖျာပုံမြို့နယ်ဆီသို့ ဦးတည်၍ သွားရောက်နေသည်။ နှစ်နာရီခန့် မောင်းနှင်ပြီးသောအခါ ဖျာပုံမြို့နယ် ငါးမိုင်ဘဲခြံသို့ ရောက်သည်။ ထိုမှတစ်ဆင့် ကဇောင်းကျေးရွာသို့ ခရီးဆက်ကြသည်။ ကဇောင်းကျေးရွာတွင် ဖျာပုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ဥမ္မာအေး၊ မြို့နယ်မျိုးစေ့တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်မြတ်မြတ်မိုးနှင့် ဝန်ထမ်းများ၊ မော်ဘီ (၃) မျိုးသန့်ထုတ်စိုက် တောင်သူဦးသိန်းနိုင်နှင့် တောင်သူများက အပြုံးကိုယ်စီဖြင့် ဆီးကြိုနှုတ်ဆက်ကြသည်။


ကဇောင်းကျေးရွာ မျိုးသန့်ထုတ်စိုက်ခင်းအတွင်း မျိုးကွဲပေါင်းနုတ်နေသော တောင်သူများ။

ကဇောင်းကျေးရွာ မော်ဘီ(၃) မျိုးသန့်ထုတ်စိုက်ခင်းအတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် စိမ်းစိုလန်းဆန်းနေသော ၁၇ ရက်သား နွေစပါးပင်ပျိုလေးများကို တွေ့ရသည်။ အောင်မြင်ရှင်သန်နေသည့် နွေစပါးမျိုးသန့်ထုတ်စိုက်ခင်းမှာ အားရစရာပင်။

ကဇောင်းကျေးရွာ နွေစပါးမျိုးသန့်ထုတ်စိုက်ခင်းမှ တောင်သူဦးသိန်းလှိုင်က နွေစပါးမျိုးသန့်ထုတ် စိုက်ပျိုးခြင်းကြောင့် ရရှိလာသော အကျိုးကျေးဇူးများနှင့် ဝင်ငွေတိုးတက်ရရှိလာပုံများကို ခရီးရောက်မဆိုက်ပင် အားရပါးရ ရှင်းလင်းပြောပြသည်။ ကဇောင်းကျေးရွာ မော်ဘီ(၃) နွေစပါးမျိုးသန့်ထုတ်စိုက်ခင်းမှာ တစ်ဆက်တစ်စပ်တည်း ဧကပေါင်း ၉၈ ဧက စိုက်ပျိုးထားသည်။ မျိုးသန့်ထုတ် စိုက်ခင်းမဟုတ်သော နွေစပါးဧကမှာ စုစုပေါင်း ၂၈၂ ဧက ရှိပေသည်။

ကဇောင်းကျေးရွာ မျိုးသန့်ထုတ်စိုက်ခင်းတွင် ဒေသခံတောင်သူများက စိုက်ခင်းအတွင်းသို့ ဝင်ရောက်ပြီး မျိုးကွဲပေါင်းနုတ်နေကြသည်။ စီတန်းလျက် မျိုးကွဲပေါင်းနုတ်နေသည်မှာ ကြည့်၍ပင်ကောင်းလှသည်။ မျိုးသန့်ထုတ်စိုက်ခင်းများအတွင်း ဤသို့မျိုးကွဲပေါင်းနုတ်ခြင်းက အဓိကလုပ်ငန်းစဉ်တစ်ခုထဲမှာပါဝင်သည်။ မျိုးသန့်ထုတ် တစ်ဧက အထွက်နှုန်းတိုးတက်စေရေးအတွက် မျိုးကွဲပေါင်းနုတ်ပေးကြရခြင်းဖြစ်သည်။

ယခုအခါ စံပြတောင်သူလယ်သမားများမှာ မြို့နယ်အလိုက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက် နည်းပညာရယူကာ မျိုးသန့်ထုတ်စိုက်ခင်းများကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့အကောင်အထည်ဖော် စိုက်ပျိုးနေကြသည်။ အကြောင်းမှာ မျိုးသန့်ထုတ်စိုက်ခင်းမှထွက်ရှိသော မျိုးကောင်းမျိုးသန့်များသည် ဈေးကောင်းရသောကြောင့်ဖြစ်သည်။ စံပြတောင်သူများအနေဖြင့် မျိုးသန့်ထုတ်စိုက်ခင်းများမှ ထွက်ရှိသော မျိုးကောင်း မျိုးသန့်များကို နွေစပါးစိုက်တောင်သူများထံ တစ်ဆင့်ပြန်လည်ရောင်းချရာမှ ဝင်ငွေတိုးတက်ရရှိနိုင်ခြင်း ဖြစ်ပေသည်။

ကဇောင်းကျေးရွာ၌ ကြိုတင်ရောက်ရှိနေသော ဖျာပုံမြို့နယ် မှော်ဘီကျေးရွာမှ နွေစပါးစိုက်တောင်သူ ဦးထွန်းထွန်း၊ ဦးဇော်မျိုးလှိုင်တို့နှင့် တွေ့ဆုံပြီး နွေစပါးအကြောင်း သတင်းစကားမေးမြန်းခဲ့ရာ နွေစပါးစိုက်ပျိုးသဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမှုများကို အသီးသီးရှင်းလင်းပြောပြကြသည်။

ထို့နောက်ဖျာပုံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ဖျာပုံတစ်မြို့နယ်လုံး၌ နွေစပါးကို ကျေးရွာအုပ်စု ၄၂ စုတွင် စီမံကိန်းဝင်ဧကပေါင်း ၈၆၇၅၄ ဧကထက် ပိုမိုပြီး ဧကပေါင်း ၈၆၈၀၉ ဧကအထိ ပိုမိုစိုက်ပျိုးနိုင်ခဲ့၍ ၅၅ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရှင်းပြသည်။

ဖျာပုံမြို့နယ် ကဇောင်းကျေးရွာမှ ကျိုက်လတ်မြို့နယ်သို့ ခရီးဆက်တော့ မွန်းတည့် ၁၂ နာရီရှိပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးက ယခင်ကနှင့်မတူ တိုးတက်ပြောင်းလဲနေသည်။ ဖျာပုံနှင့်ကျိုက်လတ်မှာ ၄၅ မိနစ်ခရီးမျှသာဖြစ်သည်။

ကျိုက်လတ်မြို့နယ်အတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် နွေစပါးစိုက်ခင်းများကို ကားလမ်းဘေး ဝဲယာတစ်လျှောက်တွင် တွေ့ရသည်။ ကျိုက်လတ်မြို့နယ်သည် နွေစပါးစိုက်ပျိုးမှု အားကောင်းသော မြို့နယ်တစ်ခုဖြစ်သည်။ ၂၀၂၃-၂၀၂၄ နွေစပါးစိုက်ရာသီတွင် မြို့နယ်အတွင်း ကျေးရွာအုပ်စု ၈၇ အုပ်စုနှင့် မြို့မရပ်ကွက် နှစ်ခု စုစုပေါင်း ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၉ အုပ်စုတွင် နွေစပါးပင်ပျိုးများကို တောင်သူများက အားမာန်အပြည့်ဖြင့် စိုက်ပျိုးထားကြသည်။ တစ်မြို့နယ်လုံး၌ ၁၃၁၀၇၅ ဧက စိုက်ပျိုးနိုင်ခဲ့၍ ယခင်နှစ်ထက် ၁၁၅ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

**၁၇ ရက်သားသာရှိသေးသော နွေစပါးစိုက်ခင်းများ**

ကျိုက်လတ်မြို့အလွန် ငါးမိနစ်ခန့်မောင်းနှင်ပြီးသောအခါ ကျိုက်လတ်မြို့နယ် မြို့မစိုက်ပျိုးရေးစခန်း ပန်းဘဲစုကျေးရွာသို့ ရောက်ရှိကြသည်။ ပန်းဘဲစုကျေးရွာ မြို့မစိုက်ပျိုးရေးစခန်းတွင် ၁၇ ရက်သားသာရှိသေးသော နွေစပါးစိုက်ခင်းများကို မြင်တွေ့ရသည်။ တစ်ကွင်းတစ်ပြင်လုံး စိမ်းစိုလန်းဆန်းကာ အောင်မြင်ရှင်သန်နေကြသည်။

ပန်းဘဲစု မြို့မစိုက်ပျိုးရေးစခန်းမှာ စခန်းကြီးဖြစ်ပြီး စခန်းနယ်မြေတစ်ခုလုံးတွင် ၁၉ အုပ်စု ပါဝင်သည်။ စခန်းနယ်မြေအတွင်း နွေစပါး ဧကပေါင်း ၂၄၄၄၇ ဧက စိုက်ပျိုးထားသည်။ ပန်းဘဲစု မြို့မစိုက်ပျိုးရေးစခန်းတွင် ကျိုက်လတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်ဖုန်းနှင့် လက်ထောက်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စုစုအောင်တို့က ကြိုတင်ရောက်ရှိ ဆီးကြိုနှုတ်ဆက်ကာ ကျိုက်လတ်မြို့နယ်၏ နွေစပါးစိုက်ပျိုးပြီးစီးမှုနှင့် ဆောင်းသီးနှံစိုက်ပျိုးမှုများကို ပြောပြကြသည်။

စာရေးသူတို့အဖွဲ့သည် ပန်းဘဲစုမြို့မစခန်းနယ်မြေတွင် ပန်းဘဲစု၊ လှည်းဆိပ်နှင့် တပိန်တမော ကျေးရွာများမှ နွေစပါးစံပြစိုက်တောင်သူ ကိုးဦးတို့နှင့် ထပ်မံတွေ့ဆုံပြီး နွေစပါးစိုက်ပျိုးရေးအကြောင်း၊ ဆောင်းသီးနှံစိုက်ပျိုးရေးအကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအကြောင်း စကားဝိုင်းဖွဲ့ သတင်းစကားဖလှယ်ခဲ့ကြသည်။

ထို့နောက် ကျိုက်လတ်မြို့နယ် ပန်းဘဲစုကျေးရွာမှ ဖျာပုံမြို့နယ်သို့ အပြန်လမ်းခရီးတွင် ကြုံကြိုက်သဖြင့် လောကမာန်အောင် ဖျာပုံမြောက်ပိုင်း ဘုရားကြီးနှင့် ဖျာပုံမြို့ပေါ်ရှိ ပြည်လုံးချမ်းသာ သာစည်ဘုရားကြီးတို့အား ဝင်ရောက်ဖူးမြော်ခဲ့ကြသည်။

ဖျာပုံမြို့နယ်မှ ပြန်ထွက်တော့ မွန်းလွဲ ၂ နာရီရှိပြီဖြစ်သည်။ အပြန်လမ်းတွင် စာရေးသူတို့စီးနင်းလာသော မော်တော်ယာဉ်လေးမှာ အရှိန်လျှော့၍ မောင်းနှင်လာသည်။ အလာခရီးတုန်းက ဖျာပုံမြို့နယ်သို့ ဦးတည်မောင်းနှင်နေသဖြင့် ဘိုကလေးမြို့နယ်မှ နွေစပါးခင်းများကို သတိထားပြီး မကြည့်အားခဲ့ချေ။

ယခုတော့ ကားပေါ်မှနေ၍ ဘိုကလေးမြို့နယ်မှ နွေစပါးစိုက်ခင်းများကို တဝကြီး ကြည့်ရှုခွင့်ရခဲ့သည်။ ဘိုကလေးမြို့နယ်သည် မော်လမြိုင်ကျွန်းမြို့နယ်နှင့် ထိစပ်နေသည်။ ဘိုကလေးမြို့နယ်၌ ယခုနှစ်တွင် နွေစပါး ၁၁၁၉၆၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။ စိုက်ပျိုးသမျှ ရှင်သန်ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ ကားပေါ်မှ လှမ်းကြည့်လိုက်ရသော နွေစပါးစိုက်ပျိုးပြီးစီးမှု မြင်ကွင်းများမှာ တစ်ကွင်းလုံးတစ်ပြင်လုံး နွေစပါးစိုက်ခင်းများဖြင့် ပြည့်နှက်နေသည်။ အားရစရာကောင်းလိုက်ပါဘိ။

မြန်မာနိုင်ငံသည် ဆန်စပါး အဓိကစိုက်ပျိုးသောနိုင်ငံဖြစ်သည်။ ဒေသအလိုက် တောင်သူလယ်သမားများမှာ မိုးစပါးအပြင် နွေစပါးကိုလည်း စိုက်ပျိုးကြသည်။ နွေစပါးဧကမှာ စီမံကိန်းသတ်မှတ် ဧကထက် လျော့နည်းသည်မရှိ၊ စီမံကိန်းဧကထက် နှစ်စဉ် တိုးတက်စိုက်ပျိုးလျက်ရှိကြသည်။

တောင်သူလယ်သမားများအနေဖြင့် နွေစပါးစိုက်ပျိုးလျှင် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးသုံးစွဲပါ။ သီးနှံဖျက်ပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်ပါ။ မျိုးကွဲပေါင်းနုတ်ပယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပါ။ စိုက်ပျိုးစနစ်ကောင်းမွန်မှန်ကန်အောင် ဆောင်ရွက်ပါ။ ဤအချက်များကို လိုက်နာဆောင်ရွက်ပါလျှင် နွေစပါးတစ်ဧကအထွက်နှုန်း တိုးတက်ထွက်ရှိလာမည် ဖြစ်ပေသည်။

အထူးပြုတင်ပြရလျှင် ဖျာပုံ၊ ကျိုက်လတ်နှင့် ဘိုကလေးမြို့နယ်တို့သို့ နွေစပါးစိုက်ပျိုးမှုအကြောင်း ကွင်းဆင်းသွားရောက် သတင်းစကားရယူခဲ့သော ခရီးစဉ်များသည်ကား အောင်မြင်စိုပြည်သောခရီး၊ မင်္ဂလာရှိသော ခရီးစဉ်များပင် ဖြစ်ပေသည်။ ဤသို့ အောင်မြင်ရှင်သန် စိုက်ပျိုးပြီးစီးခဲ့သော ရလဒ်ကောင်းများသည်ကား ဖျာပုံ၊ ကျိုက်လတ်နှင့် ဘိုကလေးမြို့နယ်တို့မှ နွေစပါးစိုက်တောင်သူများ၏ အားမာန်အပြည့်ဖြင့် ကြိုးပမ်းစိုက်ပျိုးအားထုတ်မှု၏ အောင်ပွဲများသာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။






ကျိုက်လတ်မြို့နယ် ပန်းဘဲစု မြို့မစိုက်ပျိုးရေးစခန်း၌ စိုက်ပျိုးထားသော နွေစပါးမျိုးစေ့ထုတ် စံပြစိုက်ခင်းများ။

> **"၂၀၂၃-၂၀၂၄ နွေစပါးစိုက်ရာသီတွင် မြို့နယ်အတွင်း ကျေးရွာအုပ်စု ၈၇ အုပ်စုနှင့် မြို့မရပ်ကွက် နှစ်ခု စုစုပေါင်း ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၉ အုပ်စုတွင် နွေစပါးပင်ပျိုးများကို တောင်သူများက အားမာန်အပြည့်ဖြင့် စိုက်ပျိုးထားကြသည်။ တစ်မြို့နယ်လုံး၌ ၁၃၁၀၇၅ ဧက စိုက်ပျိုးနိုင်ခဲ့၍ ယခင်နှစ်ထက် ၁၁၅ ဧက ပိုမို စိုက်ပျိုးနိုင်ခဲ့"**

# ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer–1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station(AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5($PM_{2.5}$)၊ Particulate Matter 10($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone($O_3$)နှင့် Carbon Monoxide(CO)စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ် | ကောင်းမွန် | | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ် | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | တောင်ဒဂုံမြို့နယ် | ကောင်းမွန် | | | | | |
| | ၄ | သန်လျင်မြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | လှည်းကူးမြို့နယ် | ကောင်းမွန် | | | | | |
| | ၆ | ရွှေပြည်သာမြို့နယ် | ကောင်းမွန် | | | | | |
| | ၇ | ဒလမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ် | ခံနိုင်ရည် နည်းပါးသူများ အတွက်သာ ထိခိုက်နိုင် | လက်ခံ နိုင်သော | ကောင်းမွန် | | | |
| | ၂ | မတ္တရာမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | အောင်မြေသာစံမြို့နယ် | ခံနိုင်ရည် နည်းပါးသူများ အတွက်သာ ထိခိုက်နိုင် | လက်ခံ နိုင်သော | ကောင်းမွန် | | | |
| | ၄ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | လဟယ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | ကောင်းမွန် | | | | | |
| | ၂ | မြိတ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | သရက်မြို့ | | ကောင်းမွန် | | ကောင်းမွန် | | ကောင်းမွန် |
| ၈ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ဗန်းမော်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | | | | |
| ၁၀ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | ကောင်းမွန် | | | | | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | |
| | ၁ | ကျောက်ဖြူမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၂ | သံတွဲမြို့ | ကောင်းမွန် | | | | | |
| ၁၂ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | | ကောင်းမွန် | | | | ကောင်းမွန် |
| | ၂ | တာချီလိတ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ကျိုင်းတုံမြို့ | ခံနိုင်ရည် နည်းပါးသူများ အတွက်သာ ထိခိုက်နိုင် | | | | | |
| ၁၃ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |

### လေထုအရည်အသွေးညွှန်းကိန်း(Air Quality Index– AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ယခုနှစ်အတွင်း ပြည်တွင်းမှ အိမ်ခြံမြေဝယ်ယူရင်းနှီးမြှုပ်နှံမှု များပြားခြင်းကြောင့် ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်ရှိ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ဈေးကွက် သွက်လက်နေ



**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၌ အိမ်ခြံမြေဝယ်ယူရင်းနှီးမြှုပ်နှံကြသည့် နိုင်ငံခြားသားအများအပြားရှိလာရာ ပြည်တွင်းမှလည်း ဝယ်ယူရင်းနှီးမြှုပ်နှံမှု များပြားလျက်ရှိလာသောကြောင့် မြန်မာလူမျိုးအများစု တည်းခိုနေထိုင်ကြသည့်နေရာ အချက်အချာကျသော ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်ရှိ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ဈေးကွက် သွက်လက်ကောင်းမွန်ဖြစ်ထွန်းနေကြောင်း နေရာ အိမ်ခြံမြေနှင့် ထိုင်းနိုင်ငံ၏ Top Developer Sansiri တို့ ပူးပေါင်းကျင်းပသည့် Sansiri ကွန်ဒို အထူးအရောင်းပြပွဲမှ သိရသည်။

"ကျွန်မတို့အနေနဲ့ မြန်မာနိုင်ငံသားများအကြိုက် လိုအပ်ချက်နဲ့ကိုက်ညီမယ့် အိမ်ခြံမြေဝန်ဆောင်မှုကို ပေးတာဖြစ်ပါတယ်။ အဓိကကတော့ ဈေးကွက်လိုအပ်ချက်အရ မြန်မာတွေက ဗန်ကောက်မြို့ကို ပြောင်းရွှေ့လာကြတာ များတယ်။ ပြီးခဲ့တဲ့နှစ်ကဆိုရင် ဗန်ကောက်မြို့လယ်ကောင်က ကွန်ဒိုတိုက်ခန်းတွေကို ဝယ်ယူရင်းနှီးမြှုပ်နှံမှု အလွန်များပြားပြီး ဒီနှစ်ထဲမှာလည်း ဝယ်ယူရင်းနှီးမြှုပ်နှံမှုပိုမိုများပြားလာတာမို့ အဆင့်မြင့်ကွန်ဒိုတိုက်ခန်းများရဲ့ အကောင်းဆုံး Quality ကို ပေးချင်တဲ့အတွက် အခုလိုပြပွဲကို ပြည်တွင်းမှာ လာရောက်ခင်းကျင်းပြသတာ ဖြစ်ပါတယ်"ဟု နေရာ My Bangkok Home ဒါရိုက်တာ ဒေါ်သီရိကျော်က ပြောသည်။

ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့က ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ Pan Pacific Hotel ၌ ကျင်းပခဲ့သော Sansiri ကွန်ဒိုအထူးအရောင်းပြပွဲ၌ ထိုင်းနိုင်ငံ၏ နာမည်ကြီး Top 10 Developer ဖြစ်သော Sansiri Development ၏ ကြိုပွိုင့်ကွန်ဒိုစီမံကိန်း ခြောက်ခုမှ ကွန်ဒိုတိုက်ခန်းများအား ခင်းကျင်းပြသခဲ့ပြီး မြို့လယ်ကောင်နေရာဖြစ်ပြီး ရထားဘူတာနှင့် နီးသော XT Phayathai ကွန်ဒိုနှင့် International Trade Show များ လာရောက်ပြုလုပ်လေ့ရှိသည့် နေရာတွင် တည်ရှိသော The Muve Bangna ကွန်ဒိုများမှ အဆင့်မြင့် နေအိမ်တိုက်ခန်းများအား အထူးအနေဖြင့် ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြပွဲလာကွန်ဒိုတိုက်ခန်းဝယ်ယူသူများအတွက် ပထမအဆင့် စရန်ငွေနှင့် ပတ်စပို့သာလိုအပ်ပြီး နှစ်ပတ်အကြာတွင် အခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကို ပေးသွင်း၍ နောက်ပိုင်းတွင် အခန်းတန်ဖိုး၏ ၇၀ ရာခိုင်နှုန်းကို ပေးသွင်းရမည့်အစီအစဉ်များ ပါဝင်ခဲ့ကာ စရန်ငွေပေးသွင်းရုံဖြင့် မိမိစိတ်တိုင်းကျ အခန်းကောင်းများ ရွေးချယ်ဝယ်ယူနိုင်သည့် အစီအစဉ်များပါဝင်ခဲ့ပြီး အထူးလျှော့ဈေးနှုန်းများနှင့် အခန်းဖိုး Booking fee ပေးသွင်းရုံဖြင့် ဗလာမပါ ကံစမ်းမဲ အစီအစဉ်များပါဝင်ခဲ့ကြောင်း သိရသည်။

**ပွင့်သစ္စာ**

# ဈေးကွက်ခိုင်မာမှုရရှိထားသည့် ရေဦးဒေသထွက် စားသောက်ကုန် ချင်း(ဂျင်း)ပြားနှပ်လုပ်ငန်း

## တွေ့ဆုံမေးမြန်း - သန်းသန်း (ရေဦး)

မြေပြန့်ဒေသမြို့တစ်မြို့ဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့သည် စိုက်ပျိုးရေးလုပ်ငန်းသာမက မြို့၏အဓိကစားသောက်ကုန်များဖြစ်သော ပဲငါးပိ၊ ဝက်အူချောင်း၊ ကြက်အူချောင်း၊ မုန့်မျိုးစုံ လုပ်ငန်းများနှင့် တစ်ပိုင်တစ်နိုင်စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများလုပ်ကိုင်ခြင်းဖြင့် ဒေသတွင်းလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာသည့် မြို့ငယ်တစ်မြို့ဖြစ်ပါသည်။

ဒေသထုတ်ကုန်များအနက် ဒေသထွက်စားသောက်ကုန်တစ်မျိုးဖြစ်သည့် ချင်းပြားနှပ်လုပ်ငန်းလုပ်ကိုင်နေသူ ဒေါ်စိန်နှင့် တွေ့ဆုံမေးမြန်းချက်များကို ဖော်ပြလိုက်ပါသည်-



**မေး။ ။ ချင်းပြားနှပ်လုပ်ငန်းကို ဘယ်နှခုနှစ်က စတင် လုပ်ကိုင်ခဲ့တယ်ဆိုတာလေး သိပါရစေ။**

ဖြေ။ ။ ချင်းပြားကို ၂၀၁၄ ခုနှစ်က စတင် စမ်းသပ်လုပ်ကိုင်ခဲ့ပါတယ်။

**မေး။ ။ ချင်းပြားနှပ်လုပ်ငန်း စတင်လုပ်ကိုင်ချိန်က ဘယ်လိုအခက်အခဲတွေနဲ့ တွေ့ကြုံခဲ့ရတယ်ဆိုတာလည်း သိပါရစေ။**

ဖြေ။ ။ ချင်းပြား စတင်ထုတ်လုပ်ရောင်းချခဲ့စဉ်က လက်ဖက်ညွှန့်နှပ်၊ လက်ဖက်ထောင်းနှပ်၊ ချင်း (ဂျင်း) ပေါက်၊ ခုနစ်ထွေကြော်၊ ပဲကြော်နဲ့ တွဲဖက်ရောင်းချခဲ့တယ်။ ချင်း(ဂျင်း) ပြားနှပ်တစ်ခုတည်း ပြုလုပ်ခဲ့တာမဟုတ်ဘဲနဲ့ တွဲဖက်လုပ်ကိုင်ခဲ့တယ်။ နောက်မှစားသုံးသူတွေ သိလာပြီး ချင်း (ဂျင်း) ပြားနှပ်ဆိုတဲ့ နာမည် ရလာပါတယ်။ ချင်း(ဂျင်း)ပြားရဖို့ ဓားနဲ့ပါးပါးလှီးရတယ်။ လက်ထိုးဆိုပါတော့၊ ချင်း (ဂျင်း) ပြားထိုးတဲ့သူကလည်း ရှားတယ်။ ချင်း (ဂျင်း) ပေါက်ပဲထိုးကြတာဆိုတော့ ကိုယ်တိုင် ချင်း(ဂျင်း) ပြားထိုး (လက်လှီး)ရတယ်။ မိသားစုတစ်ပိုင်တစ်နိုင် အနေနဲ့ ချင်းပြားလက်ထိုး(လက်လှီး) ကို တစ်ရက် သုံးပိဿာလောက်ထိုးပြီး စမ်းရောင်းကြည့်ခဲ့ပါတယ်။



စမ်းရောင်းရင်းနဲ့ ၂၀၁၇ ခုနှစ်မှာ ချင်း(ဂျင်း)ပြားနှပ်လုပ်ငန်းက နာမည်စရလာပါတယ်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ မုံရွာနဲ့ မြစ်ကြီးနားမြို့တွေအထိ ဖြန့်ဖြူးပို့ဆောင်ရောင်းချနေရာယူနိုင်ခဲ့ပါတယ်။ ရောင်းအားတက်လာခဲ့သလို လုပ်ငန်းတွင်ကျယ်လာတော့ လက်မှုလုပ်ငန်းကနေ စက်မှုလုပ်ငန်းကို ၂၀၂၂ ခုနှစ်မှာ လုပ်သားငါးဦး ငှားရမ်းလုပ်ကိုင်ခဲ့ပါတယ်။

**မေး။ ။ ချင်းပြားနှပ် ဈေးကွက်မှာနာမည်ရလာပုံနဲ့ တိုးချဲ့လုပ်ကိုင်ခဲ့ပုံပါကိုလည်း သိပါရစေ။**

ဖြေ။ ။ ဈေးကွက်မှာ ရောင်းအားနည်းတော့ လူသိနည်းခဲ့သလို စားသုံးသူတွေကလည်း ချင်းပြားရဲ့အရသာကိုသိသူ နည်းနေကြသေးတယ်။ ပွဲလမ်းသဘင်၊ အလှူပွဲ၊ မင်္ဂလာပွဲတွေမှာလည်း အသုံးနည်းကြတယ်။ ဘယ်လိုနေရာတွေမှာ စားသုံးကြသလဲဆို ရပ်ဝေးရပ်နီးက မိတ်ဆွေအပေါင်းအသင်းတွေလာတဲ့အခါ အိမ်မှာ ညှော်ဝတ်ကျေပွန်စေဖို့ ညှော်ခံကျွေးမွေးတဲ့နေရာမှာ အသုံးများတယ်။ ရေဦးဒေသထွက်ကုန်အဖြစ် ဝယ်ယူပြီး လက်ဆောင်ပေးကြတယ်။ တချို့က ချင်းပြားနှပ်ဆိုတာကို မသိကြဘူး၊ စားဖူးအောင်ဆိုပြီး စားလိုက်တဲ့အခါမှ အရသာရှိတာသိသွားပြီး အကြိုက်တွေ့လာတယ်။

> ❛ပွဲလမ်းသဘင်၊ အလှူပွဲ၊ မင်္ဂလာပွဲတွေမှာလည်း အသုံးနည်းကြတယ်။ ဘယ်လိုနေရာတွေမှာ စားသုံးကြသလဲဆို ရပ်ဝေးရပ်နီးက မိတ်ဆွေအပေါင်းအသင်းတွေလာတဲ့အခါ အိမ်မှာ ညှော်ဝတ်ကျေပွန်စေဖို့ ညှော်ခံကျွေးမွေးတဲ့နေရာမှာ အသုံးများတယ်။ ရေဦးဒေသထွက်ကုန်အဖြစ်ဝယ်ယူပြီး လက်ဆောင်ပေးကြတယ်။ တချို့က ချင်းပြားနှပ်ဆိုတာကို မသိကြဘူး၊ စားဖူးအောင်ဆိုပြီး စားလိုက်တဲ့အခါမှ အရသာရှိတာသိသွားပြီး အကြိုက်တွေ့လာ❜

**မေး။ ။ ချင်းပြားနှပ် ထုတ်လုပ်နိုင်ဖို့အတွက် ကုန်ကြမ်းတွေ ဘယ်လိုမှာယူရတယ်၊ ချင်းတက်တစ်ပိဿာကို ဘယ်ဈေးနဲ့ ဝယ်ရတယ်ဆိုတာကိုလည်း ပြောပြပေးပါ။**

ဖြေ။ ။ ချင်းပြားနှပ် ထုတ်လုပ်ဖို့ရာအတွက် ရှမ်းပြည်နယ် အောင်ပန်းဒေသထွက် ချင်းတက်အစိမ်းကို မှာယူရပါတယ်။ လုပ်ငန်းစတင်ခဲ့တဲ့ ၂၀၁၄ ခုနှစ်က ချင်းတက်တစ်ပိဿာကို ငွေကျပ် ၃၅၀ နဲ့ ဝယ်ရပါတယ်။

**မေး။ ။ ချင်းပြားနှပ် ထုတ်လုပ်ပုံအဆင့်ဆင့်ကိုလည်း မျှဝေပေးပါလား။**

ဖြေ။ ။ ချင်းပြားနှပ် ထုတ်လုပ်နိုင်ဖို့အတွက် ပထမဆုံး ချင်းတက် အကြီး၊ အလတ်၊ အသေး ခွဲထုတ်ရတယ်။ ချင်းစိမ်းကို သဲ၊ ဖုန်၊ ရွံ့စတာတွေကုန်စင်တဲ့အထိ သန့်ရှင်းစင်ကြယ်အောင် သုံးကြိမ်ထက်မနည်း ရေအထပ်ထပ် ပွတ်သပ်ဆေးကြောပေးရတယ်။ သန့်ရှင်းပြီး ဖွေးလာတဲ့ ချင်းစိမ်းတွေကို ဆန်ခါနဲ့ဆယ်၊ ရေစစ်ထားပြီးမှ ချင်းပြားထုတ်စက်ထဲမှာ ထည့်ရပါတယ်။ ထွက်လာတဲ့ ချင်းပြားတွေကိုလည်း ရေနောက်တစ်ခါထပ်ဆေးပေးရတယ်။ ရေကလည်း အဓိကကျပါတယ်၊ ရေသန့်နဲ့ဆေးရင် ချင်း(ဂျင်း)ပြားက ဖွေးပြီးရောင်းတန်းဝင်လှလာတယ်။ ချင်းပြားတစ်ပိဿာကို ရှလကာရည်တစ်ပိဿာနှစ်ဆယ့်ငါးကျပ်သားနဲ့ ဆား၊ ဟင်းခပ်မှုန့် သင့်ရုံ ထည့်နယ်ပြီး စဉ့်အိုးထဲမှာ ရေမြုပ်တဲ့အထိ ထည့်ကာ လေလုံအောင်ဖုံးအုပ်နှပ်ထားရပါတယ်။ နှပ်ပြီး ၂၄ နာရီ ကြာရင် ချင်းပြားစားသုံးလို့ရပါပြီ။ တစ်ပတ်ခန့် နှပ်ထားရင်တော့ ချင်းပြားက ပိုပြီး အရသာကောင်းတယ်၊ ကြာရှည်အထားခံတယ်။ ချင်းပြားကို ရေခဲသေတ္တာထဲမှာ ထည့်ထားရင် အနည်းဆုံးတစ်လ၊ အများဆုံး ငါးလခန့်အထိ ကြာရှည်ခံကာစားသုံးလို့ရပါတယ်။ ဓာတုဆိုးဆေး၊ ချွတ်ဆေးလုံးဝမသုံးပါဘူး၊ ကြာရှည်အထားခံပြီး အရသာလည်း ကောင်းမွန်တော့ လူကြိုက်များလာကြတယ်။

**မေး။ ။ ချင်းပြားကို ဈေးကွက်မှာ လက်လီ၊ လက်ကား ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေတယ်ဆိုတော့ ပြည်တွင်းဘယ်မြို့တွေအထိ ဖြန့်နေပါသလဲ။ ဖြန့်ဖြူးရောင်းချပေးတဲ့ ဈေးနှုန်းလေးတွေကိုလည်း သိပါရစေ။**

ဖြေ။ ။ ၂၀၁၉ ခုနှစ် ကိုဗစ်-၁၉ရောဂါမဖြစ်မီကာလက ရေဦးမြို့နယ်အတွင်းသာမက ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ကချင်ပြည်နယ် စတဲ့မြို့တွေအထိ ဖြန့်ဖြူးရောင်းချရပါတယ်။ မန္တလေးမြို့က အများဆုံး ဖြန့်ဖြူးပို့ဆောင်ရောင်းချတဲ့မြို့လည်းဖြစ်ပါတယ်။ ဈေးနှုန်းတွေကတော့ ကုန်ကြမ်းဝယ်ယူရရှိမှုအပေါ်မှာပဲ မူတည်ပါတယ်။ အရင်က ချင်းတက် တစ်ပိဿာကို ငွေကျပ် ၃၅၀ နှုန်း ဝယ်ယူရစဉ်က ချင်းပြားနှပ်တစ်ပိဿာ ငွေကျပ် ၂၀၀၀ နဲ့ ရောင်းပါတယ်။ အခုချင်းတက်အစိမ်း တစ်ပိဿာ ငွေကျပ် နှစ်ထောင်မှ သုံးထောင်မှာ ချင်းပြားနှပ်တစ်ပိဿာ ငွေကျပ် ၈၀၀၀ နဲ့ ရောင်းချလျက်ရှိပါတယ်။ ချင်းတက်အစိမ်း တစ်ပိဿာကို ထိုး(လှီး)လျှင် ချင်းပြား ငါးဆယ်ကျပ်သားပဲ ထွက်ပါတယ်။ အရင်က တစ်ရက်ကို ချင်းပြားနှပ်ပိဿာချိန် တစ်ရာခန့် ရောင်းရပါတယ်။ အခုအချိန်မှာတော့ ကုန်ဈေးနှုန်းက အစစအရာရာကြီးမြင့်နေသလို လမ်းပန်းဆက်သွယ်ရေးတွေကလည်း ခက်ခဲနေတာက တစ်ကြောင်း၊ ဒေသအခြေအနေက မတည်ငြိမ်သေးတာက တစ်ကြောင်း၊ သွားလာဖို့ အချိန်ကာလ မလုံလောက်တာတွေကြောင့် တစ်ရက်ကို ပိဿာချိန် ၅၀ ပဲ ဖြန့်ဖြူးရောင်းချနိုင်ပါတယ်။

**မေး။ ။ အခုလို ချင်းပြားနှပ်လုပ်ငန်းနဲ့ လူမှုစီးပွားတိုးတက်လာဖို့ ဘယ်လိုကြိုးစားလုပ်ကိုင်ရပ်တည်ခဲ့ရတယ်ဆိုတဲ့ ဘဝအတွေ့အကြုံရယ်၊ ဈေးကွက်မှာ နာမည်ရဖို့ ကြိုးစားအားထုတ်ခဲ့ရပုံနဲ့ အောင်မြင်မှုရရှိခဲ့ပုံကိုလည်း အနည်းငယ် ပြောပြပေးပါ။**

ဖြေ။ ။ ချင်းပြားနှပ်က အခုမှနာမည်ရလာတာပါ။ ဘဝရပ်တည်မှုကို ပြောရရင်တော့ လက်လုပ်လက်စားဘဝကနေ စတင်ခဲ့ရပါတယ်။ မုန့်တီ၊ အစုံသုပ်ရောင်းတယ်၊ ချင်းထိုးတယ်၊ ကုန်စုံဆိုင်မှာ အငှားဈေးရောင်းအလုပ်ဝင်လုပ်ခဲ့တယ်၊ ရတဲ့လုပ်အားခတစ်ဝက်ကို စုပြီး ကျန်တစ်ဝက်ကို မိဘထံအပ်ခဲ့တယ်၊ စုဆောင်းထားတဲ့ငွေလေးတွေနဲ့ မတည်လုပ်ကိုင်ရင်း အခုလိုအောင်မြင်ခဲ့တာပါ။ ဘယ်အရာမှ ကြိုးစားမှု မှတ်တမ်းမရှိဘဲ အောင်မြင်မှုပန်းတိုင်ဆီ မရောက်နိုင်ပါဘူး။ အဓိကကတော့ ဇွဲ၊ လုံ့လ၊ ဝီရိယ ရှိဖို့ရယ်၊ စားသုံးသူတွေအပေါ် စေတနာထားတတ်ဖို့ပါ။ စေတနာကောင်းရင် ကံကောင်းတယ်ပြောရမှာပါ။ အောင်မြင်ချင်ရင် တကယ်ကြိုးစားပါ၊ အဟုတ်ဖြစ်ပါတယ်လို့ ပြောလိုပါတယ်။ ။

■



မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 12

### Unit 8 RENEWABLE ENERGY

(ယခင်တစ်ပတ်က ဖော်ပြပါရှိခဲ့သော စံနမူနာမေးခွန်း၏ အဖြေများ)

I. 1. regulations; 2. Stress; 3. frustrated; 4. Hatred; 5. Jealousy; 6. Emotion; 7. Biodiversity; 8. malnutrition; 9. deforestation; 10. artificial;

II. 1. (B) As soon as; 2. (B) would get ; 3. (A) through; 4. (C) Whoever; 5. (B) blue; 6. (B) should; 7. (C) amazed; 8. (A) in order to; 9. (B) in; 10. (C) with;

III. 1. No matter which restaurant we choose, I'm sure we'll have a great meal.
2. Excited about the upcoming concert, Ko Maung practised his guitar skills every night, hoping to impress the audience.
3. They would have gone to the movie if it hadn't been raining heavily last night.
4. She arrived late to the meeting due to traffic congestion on the way to the office.
5. The cake, which my grandmother baked, was absolutely delicious.
6. She danced with so much joy as if she were floating on air.
7. Whenever it rains, I like to stay indoors and read a good book.
8. I visited the park where we had our picnic last summer.
9. It was Maung Gyi who organized the surprise birthday party for Sandar last night.
10. He impressed the interviewers not only with his technical skills but also with his strong communication abilities.

**IV (A) 1. where I lie 2. cannot tell 3. With meditation 4. Leaves no step 5. gallop goes he**
**(B) 6. A nutritious diet is a mixture of all the nutrients that our body needs to survive.**
7. Renewable energy refers to 'energy that is produced using the sun, wind, water, etc. rather than using fuels such as oil, gas and coal.
8. Human beings are thought to be the most intelligent because from time immemorial, we human beings have made our dreams a reality.
9. After graduating from Radcliffe College, Helen Keller wrote books, appeared in films, toured foreign countries.
10. These lines mean that we can also experience training a horse and we can definitely have all the dogs that we would like to have.

V. (A) 1. harmful substances; 2. air pollution; 3. Acid rain; 4. Release; 5. health problems
(B) 6. The definition of air pollution is the introduction of harmful substances into the air. 7. Some of the human activities that contribute to air pollution are fuel burning, logging, farming, mining, manufacturing, and construction of roads and buildings. 8. Acid rain occurs when smoke and fumes from traffic and factories mix with the water in the atmosphere. 9. The release of greenhouse gases like CFCs into the atmosphere leads to ozone depletion. 10. Air pollutants can bring about many severe health problems such as eye irritation, allergies, asthma, and lung cancer.

VI. (A) 1. deadlines 2. hinder 3. gadgets 4. indispensable 5. endeavours
(B) 6. Digital gadgets are devices like laptops and smartphones. They are important for students because they provide instant access to a wealth of information, making research and studying more efficient. 7. E-books and online resources help students in their studies that students need not to carry entire libraries in their backpacks, saving both space and weight. 8. They also serve as personal organizers, helping students manage schedules, set reminders, and stay on top of assignments and deadlines. 9. It's important for students to be mindful of screen time and distractions because excessive use can negatively impact their studies and overall well-being. 10. The key message in the passage is that while digital gadgets are valuable tools for learning, students should use them responsibly and find a balance between productive use and leisure to fully benefit from them.

VII. (A) 1. do you have a favorite author? 2. from the Harry Potter books? 3. Exactly! 4. Her stories are so imaginative, 5. Do you like "Charlie and the Chocolate Factory"?
(B) 6. Don't worry; 7. Want to compare answers? 8. We can finish it in no time. 9. They're better for the environment. 10. How do they work?

VIII.
(ပေးစာနှင့် အက်ဆေးများကို အလွတ်ကျက်မှတ်ရန်အတွက် မဟုတ်ဘဲ ကျောင်းသား ကျောင်းသူများ ကိုးကားလေ့ကျင့်ရေးသားနိုင်ရန် ဖော်ပြခြင်းဖြစ်ပါတယ်။)

No. 129, HninSi Street
Mandalay
12.3.2024

Dear Uncle U Zaw Ko,

I hope this letter finds you well in Yangon. I wanted to talk to you about something important. I have been thinking about getting a part-time job, and I was wondering if you could help me find one.

I believe having a part-time job would be a great opportunity for me to learn new skills, gain some work experience, and also become more responsible. It would also help me with some of my financial needs, like saving for my future studies and contributing to my family. I promise to manage my time wisely, so it won't affect my schoolwork. I am eager to learn and work hard to excel in both my studies and the job.

If you have any connections or know of any suitable part-time job opportunities, I would greatly appreciate your help and guidance. Your support means a lot to me, and I'm confident that with your assistance, I can find a job that will benefit me and my family.

Thank you for considering my request, Uncle U Zaw Ko. I look forward to hearing from you soon.

Warm regards,
Yours truly,
Kyaw Soe

(OR)

**No. 364, Main Road**
**South Okkalapa, Myanmar**
**3rd, September, 2024**

Dear Ma Ma Shwe Yi,

I hope this letter finds you well in Japan. I wanted to express my heartfelt gratitude for the laptop you sent me. It has been incredibly useful for my studies.

With the laptop, I can now easily access my school's online learning platform and complete my assignments more efficiently. I can research and gather information for projects and presentations, which was quite challenging before. This laptop has made a big difference in my academic life, and I'm so thankful to have it.

I also use it to stay in touch with friends and family through video calls, which makes me feel closer to you even though you are far away. It's like having a piece of you with me all the time.

Your thoughtful gesture has not only helped me academically but also strengthened our bond as sisters. I am truly grateful for your love and support.

I hope you're doing well in Japan, and I can't wait to see you again soon. Please take care and know that I miss you every day.

With love and appreciation,
Yours lovingly,
Khaing Thinzar

IX.

**Benefits of Reading**

Reading is like a magical journey to different worlds, and it's something every student should enjoy. It's not just a fun activity; it also brings many benefits to our lives.

Firstly, reading helps us learn new things. When we read books, we discover information about different places, animals, people, and more. It's like going on an adventure without leaving our chair. Reading helps us become smarter and more knowledgeable. Secondly, reading is excellent for our imagination. When we read a story, we can picture the characters and places in our mind. This helps our creativity grow. We can even imagine our adventures and make up our stories. Moreover, reading improves our language skills. We learn new words and phrases that make us better at speaking and writing. This is important not only for school but also for our future jobs and communicating with others. Additionally, reading is a wonderful way to relax. When we read a good book, we can forget about our worries and troubles. It's like taking a break from the world and enjoying a little vacation. Furthermore, reading can make us more empathetic. When we read stories about different people and their experiences, we can understand how they feel. This helps us become kinder and more understanding towards others.

In conclusion, reading is not just a hobby; it's a superpower that can make our lives better. It helps us learn, sparks our imagination, improves our language skills, relaxes us, and makes us more empathetic. For students, reading is a wonderful gift that will keep giving throughout their lives. So, pick up a book and start your reading adventure today.

**Why Students Should Participate in School Activities**

School is not just about studying; it's also about having fun, making friends, and learning important life skills. That's why students should participate in school activities.

Firstly, joining school activities is a great way to make friends. When you participate in clubs, sports, or other activities, you meet students who share your interests. These new friends can make school more enjoyable and help you feel like you belong. Secondly, school activities teach you important life skills. For example, if you join a sports team, you'll learn about teamwork, discipline, and how to handle both wins and losses. These skills are not only useful in school but also in your future life and career. Moreover, being part of school activities can boost your self-confidence. When you perform in a play, give a speech, or show your talents in a club, you gain confidence in yourself and your abilities. This confidence can help you succeed in many aspects of life. Additionally, school activities are a fun way to discover your interests and passions. You might try painting, dancing, playing an instrument, You might discover a hidden talent or a future career path. Furthermore, participating in school activities can improve your grades. When you are engaged and excited about school, it can make your studies more enjoyable. This enthusiasm often translates into better academic performance.

In conclusion, being part of school activities is not just about having fun; it's about growing as a person. You make friends, learn valuable skills, gain confidence, explore your interests, and even improve your grades. School activities are a fantastic way to make the most out of your school years and prepare for a successful future. So, don't be shy; get involved in your school's activities and enjoy the many benefits they bring.

**Experience is the Best Teacher**

Have you ever heard the saying, "Experience is the best teacher"? It means that the things we learn from actually doing something are often more valuable than what we learn from books or teachers. Even for students, this saying holds true in many ways.

Firstly, experience helps us understand things better. Imagine you are learning to ride a bicycle. You might read a book or have someone explain it to you, but the real learning happens when you get on the bike and start pedaling. You learn to balance, steer, and control the bike by actually doing it. That's the power of experience. Secondly, experience teaches us life lessons. When we make mistakes or face challenges, we gain valuable insights. For example, if you touch something hot, you quickly learn that it's painful. That's a lesson you'll remember because you experienced it firsthand. Moreover, experience builds confidence. When you try something new and succeed, it gives you a sense of accomplishment. This confidence encourages you to take on new challenges and keep learning. Additionally, experience helps us adapt to different situations. For example, if you visit a new place, you learn how to navigate and interact with the people there through your experiences. These adaptability skills are important in life. Furthermore, experience fosters creativity. When you experiment and try new things, you discover new ideas and solutions. For example, by playing with building blocks or drawing pictures, you can unleash your creativity and imagination.

In conclusion, experience is a powerful teacher. It helps us understand, learn life lessons, gain confidence, adapt, and be creative. So, don't be afraid to try new things, make mistakes, and learn from your experiences. They are some of the best teachers you'll ever have on your journey of learning and growing.

****************************

စာမျက်နှာ ၂၁ သို့ ❖

## Grade 12

❖ စာမျက်နှာ ၂၀ မှ

Grade 12 ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲမဖြေဆိုမီ ကြိုတင်လေ့ကျင့်နိုင်ရန် နမူနာမေးခွန်းတစ်စုံကို ဖော်ပြလိုက်ပါတယ်။

2024
MATRICULATION EXAMINATION

English

Time allowed: 3 hours

WRITE YOUR ANSWERS IN THE ANSWER BOOKLET.
ANSWER ALL QUESTIONS.

**I. Complete the sentences with the appropriate words. The initial letters are given. (10 marks)**

1. Traffic, loud music, and construction noise can all contribute to n________ pollution.
2. We should be careful about things that can cause ozone d_____, like using too many chemicals that harm the ozone layer.
3. P_______ can harm animals, plants, and people, so we should try to reduce it by recycling and using less plastic.
4. Some common g_________ are phones, tablets, and video game consoles.
5. A b________ in technology can make our lives easier and more exciting.
6. The d_________ of eating too much candy is that it can make your teeth hurt.
7. Some robots use artificial i_______ to help people with tasks, like cleaning or talking to them.
8. We use f________ fuels to make electricity, run cars, and heat our homes.
9. You can use your p_________ to hold small things like a pencil or a cookie.
10. When a story is d________, it doesn't have many fun or exciting parts to enjoy.

**II. Choose the appropriate words or phrases to complete the sentence. (10 marks)**

1. She felt jealous _________ her friend's success and wished she could achieve the same level of accomplishment.
   (A) about (B) on (C) of
2. I turned off the lights before leaving the house _______ I could save energy.
   (A) so as to (B) so that (C) because
3. The plane is scheduled to take ________ in 30 minutes, so please board as soon as possible.
   (A) of (B) off (C) down
4. The new online course offers an __________ learning platform, allowing students to ask questions and engage with instructors.
   (A) informative (B) interactive (C) attractive
5. The annual event showcases the unique __________ of the indigenous people in the region.
   (A) cultures (B) traditions (C) manners
6. COVID-19 was declared a global __________ by the World Health Organization in March 2020.
   (A) disease (B) epidemic (C) pandemic
7. She walked into the room with a confident smile, ________ she owned the place.
   (A) although (B) so that (C) as if
8. She was pleasantly ________ when she received an unexpected gift on her birthday.
   (A) surprise (B) surprising (C) surprised
9. _________ was the actor who played the lead role in that movie?
   (A) What (B) Which (C) Who
10. I _________ take a break from work and relax for a while.
   (A)can (B) should (C) must

**III. Rewrite the sentence according to the instructions given in brackets. (10 marks)**

1. She cannot resist the temptation to eat chocolate, even though she knows it's not good for her health. **(Join the sentences, using "No matter how…")**
2. They saved money diligently. They could go on a dream vacation. **(Join the sentences, using 'so that')**
3. I want to travel around the world, but I don't win the State lottery. **(Use "the second conditional")**
4. He forgot to set his alarm clock. He overslept and missed his important meeting. **(Join the sentences, using linking word 'as a consequence')**
5. We had to change our outdoor plans and find an indoor activity because of the unexpected rain. **(Use 'introductory phrase')**
6. She was nervous. She had never been on stage before. **(Join the sentences, using 'as if/ as though')**
7. It was raining heavily. We decided to go for a walk in the park. **(Join the sentences, using appropriate 'subordinating conjunction')**
8. The book is on the shelf. You recommended it to me. **(Join the sentences, using 'relative pronoun')**
9. The chef prepared a delicious meal. He used fresh ingredients. **(Join the sentences using Participle Phrase.')**
10. He excels in Mathematics. He excels in Physics as well. **(Join the sentences, using 'not only … but also')**

**IV (A) Write the appropriate words or phrases to complete the lines of verse. (5 marks)**

1. Visit Rome, Siam, or Nome,
   Feel a ________,
2. Sound sleep ________; study and ease,
   Together mix'd; sweet recreation,
3. Then took the other, as just as fair,
   And having perhaps the better claim,
   Because it was ________ and wanted wear;
4. Whenever the trees are crying aloud,
   And ships are _______,
5. In leaves no step _______ black.
   Oh, I kept the first for another day!

IV (B) Answer the questions in complete sentence. (5 marks)

6. What is a nutritious diet?
7. When can we say a person is a greenhorn?
8. In what fields have AI scientists achieved success so far?
9. What is making our planet warmer than usual?
10. What do these lines mean?
    But once inside you can ride
    A camel or a train,

**V.Read the passage.**

'Home' may be considered the 'birthplace' of manners. Children hear what the elders around them say and see what the elders do. As they imitate their elders, they acquire their elders' manners. And there are times the father, mother, elder sister or brother may formally teach the children to say or act politely. If the elders around them are gentle and polite, they grow up to be gentle and polite. If on the other hand, the elders around them are crude and rude, they will grow up to be crude and rude as well.

Next comes the school as an institution to impart good manners. Almost all children not only learn the school subjects their teachers teach but also imitate the teachers' manners and behaviour. In a school where teachers are good role models, students learn to be polite and respectful. In addition, they are quite likely to take their classmates and senior students to be role models; and here is the danger of acquiring ill manners.

As we all know, teenagers and young adults are very often influenced by celebrities, films and the type of books and articles they read. Hence, they are quite likely to be misled and thereby acquire ill manners and negative views.

**(A) Write the correct word or words to complete each sentence. (5 marks)**

1. _____are where we learn about good manners, and they can be considered the birthplaces of politeness.
2. Good manners should ______to the children to say or act politely.
3. Only when those around the children are gentle and polite, will they be ______.
4. _____ imparts good manners to children apart from 'home'.
5. Celebrities, films and the type of books and articles are quite likely to _________ teenagers and young adults.

**(B)Answer each question in one sentence. (5 marks)**

6. Why may 'Home' be considered the 'birthplace' of manners?
7. When will children grow up to be crude and rude?
8. What else can children do at school besides learning school subjects?
9. From whom can students acquire ill manners at school?
10. When are teachers good role models for children at schools?

**VI. Read the passage.**

Good manners are essential for students as they navigate their way through school and life. They encompass simple acts of kindness and respect that make interactions with others smoother and more pleasant. Begin by saying "please" and "thank you" when asking for or receiving help, showing appreciation for the assistance you receive. Always greet your teachers and peers with a friendly "hello" and a smile, creating a positive atmosphere. When listening, make eye contact, nod, and refrain from interrupting others. Wait your turn to speak, allowing everyone to express themselves. Share and take turns, understanding that fairness is key in any group activity. Keep your voice at an appropriate volume, especially in quiet places like the library or during tests. Hold doors open for others and offer assistance when someone is struggling. Clean up after yourself, leaving shared spaces tidy. Respect personal space and boundaries, and avoid using hurtful language or teasing others. Use your indoor voice in quiet environments and be mindful of not distracting others. Finally, always apologize if you make a mistake, and learn from it. Good manners will not only make you a better student but also a better person, fostering positive relationships and a harmonious environment for everyone.

**(A) Find the bold-faced words in the passage that are similar in meaning in the following. There is an extra. (5 marks)**

1. to include different types of things 1. _________
2. people who are the same age 2. _________
3. careful not to forget about something 3. _________
4. the quality of treating people equally 4. _________
5. unsuccessful but trying hard to succeed 5. _________

**(B) Answer the following questions. Give complete answers. (10 marks)**

6. What are good manners for students?
7. Why is it important for students to have good manners?
8. How can students create a positive atmosphere in school?
9. When should students say "please" and "thank you"?
10. What should students do if they make a mistake regarding good manners?

**VII (A) Complete the dialogue with the expressions given in the box. There is an extra. (5 marks)**

| |
|---|
| I'd love to visit Japan for the Snow Festival someday!<br>When does it happen?<br>And it lasts for about a week.<br>What do people do there?<br>where are you going<br>No, what's that? |

Soe Soe: Have you heard about the Snow Festival in Japan?
Toe Toe: ________(1)_________
Soe Soe: It's a big winter festival in Sapporo, Japan, with beautiful ice sculptures.
Toe Toe: Wow, that sounds amazing! _____(2)________
Soe Soe: It's usually in February. _________(3)______
Toe Toe: _______(4)_________
Soe Soe: They enjoy the stunning ice sculptures, try delicious local food, and even go snowboarding.
Toe Toe: ______(5)________

**VII (B) Complete the exchange using the expressions given in the box. There is an extra. (5 marks)**

| |
|---|
| I'm stuck on the last few problems.<br>I love it there!<br>It's busy but fun,<br>I'm struggling to balance my part-time job and schoolwork.<br>You should see a doctor.<br>I'm stuck on the last few problems. |

6. A: Hey, I noticed you got a part-time job. Where are you working?
   B: Yeah, I'm at the bookstore downtown. _________!
7. A: I've been thinking about getting a part-time job. ___________?
   B: Well, you could try working at the cafe near the campus. They usually hire students.
8. A: I started my part-time job at the grocery store last week.
   B: How's it going so far?
   A: ________,and I'm learning a lot about customer service.
9. A: ____________
   B: It can be tough, but try to set a schedule and prioritize your studies.
10. A: Did you finish the math homework?
    B: Nope, not yet. ___________.

**VIII. Choose a situation given below and a write a letter. Do not write more than 300 words. (10 marks)**

You are Yin Yin. You live at No. 190, Bagan Road in Mawlamyine. Write a letter to your friend, Soe Sandar, telling her what you eat and what exercise you do to keep fit.

(OR)

You are Lin Maung. You live at No. 100, Orchid Street in Yangon. Write a letter to your elder sister Thandar Win, who is attending at the University of Medicine, Mandalay, telling her what difficulties you are facing in your studies and asking for some ideas to pass the final examination with flying colours.

IX. Write an essay of three paragraphs on ONE of the following. Do not write more than 500 words. (15 marks)

Advantages and Disadvantages of Online Shopping
(OR)
Books, our best companions
(OR)
My Favourite Colour

********************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၉-၂-၂၀၂၄ ရက်မှအဆက်

"ကဲ ကဲ၊ ငိုမနေပါနဲ့အေ။ ကိုယ့်အစ်ကိုတစ်ယောက် အချုပ်ကလွတ်လာရုံမက အစ်မတစ်ယောက်ပါ တိုးလာတာကိုပဲ ဝမ်းသာနေစမ်းပါအေ"

မအုန်းတင်သည် ပါးစပ်က နှစ်သိမ့်စကားဆိုရင်း လက်ကလည်း ထွေးရီနဖူးပေါ်မှ ဖွာ၍ကျနေသော ဆံစလေးများကို သပ်ပေးနေရှာသည်။

ဤကဲ့သို့ မအုန်းတင်ကပြောလိုက်ပါမှ ထွေးရီသည် သူ့ကိုယ်လေးကို သိမ့်သိမ့်ခါအောင် ရှိုက်လိုက်ပြီးလျှင်-

"နည်းတယ်၊ နည်းတယ်။ နည်းတာမှ သိပ်ကို ဝမ်းနည်းတယ်။ ဒီတစ်ခါတော့ တစ်သက်လုံး အစ်မရဲ့။ ကျွန်မတို့နဲ့ ဘယ် ဘယ်တော့မှ"

ဆို့နစ်၍ လှိုက်လှိုက်လှဲလှဲ ခံစားမှုပါနေသော ထွေးရီ၏အသံလေးသည် ပြောရင်း ပြောရင်း တုန်တုန်ယင်ယင်လေးဖြစ်လာပြီး နောက်ဆုံးတွင် သူ့စကားကို ဆုံးအောင်ပင်မပြောလိုက်နိုင်တော့ချေ။ တစ်ခါတည်း ဆို့နစ်ဝင်သွားတော့သည်။

ထို့နောက်တော့ သူ့အသက်ရှူသံများသည် မြန်၍ ကျယ်လာပြီးနောက် လက်ဝါးနှစ်ဖက်က သူ့မျက်နှာလေးကိုအုပ်ကာ ရှိုက်ငင် ငိုကြွေးချလိုက်တော့သည်။

တစ်မုဟုတ်ချင်းပြောင်းလဲလာသော ထွေးရီ၏ အမူအရာများနှင့် မထင်မှတ်ဘဲ ဖြုန်းခနဲ ရင်ဖွင့်လိုက်သည့် သူ့စကားများကို ကြားသိလိုက်ရသော ကိုအေးဆွေမှာ ရုတ်တရက်တွင် ကြက်သီးမွေးညင်းထကာ ခေါင်းနားပန်းကြီးသွား၏။ ရင်ထဲမှာလည်း သိမ့်ခနဲတုန်၍ ချောက်ချားသွား၏။ စိတ်ထဲမှာလည်း တွေခနဲဖြစ်သွားတော့သည်။

"အို၊ ထွေးရီကလဲ ဘာတွေလျှောက်ပြောနေတာလဲ။ ငါ ဘယ်သွားမှာမို့လို့တုံး။ နင်တို့နဲ့ ငါ တစ်သက်လုံးနေမှာပဲဟာ"

ထိုစဉ် ကိုအေးဆွေသည် ထွေးရီအား နှစ်သိမ့်လိုက်ပြီး ခင်သန်းငွေကို ဖျတ်ခနဲသတိရ၍ ရုတ်တရက် ကြည့်လိုက်သည်။ မတွေ့တော့ပေ။ ယခုတွင်ပင် သူပါရော၍ ထွေးရီကို ဝိုင်းဝန်းပြုစုနေသည်။ ထို့နောက် ထူးခြားလာသော ထွေးရီ၏ ဖြစ်အင်ကြောင့် သည်ဘက်တွင် အာရုံစူးစိုက်နေမိသည်။ ထိုကာလတွင် သူ့အား သတိမမူမိဘဲ ဖြစ်သွားသည်။ ယခု ဘယ်သွားလေသနည်းဟု အောက်မေ့ရင်း ရင်ထဲတွင် တုန်သွားသည်။ ထို့ကြောင့်လည်း လျင်မြန်စွာ ပတ်ဝန်းကျင်ကို လှည့်ပတ်ရှာကြည့်မိသည်။

ဟိုက်ခနဲ အသံထွက်မသွားရန်ကိုပင် ကိုအေးဆွေက မနည်းထိန်းထားလိုက်ရသည်။ အဘယ်ကြောင့်ဆိုသော် ခပ်လှမ်းလှမ်း၌ ကားလမ်းအတိုင်း တစ်ဖက်သို့မျက်နှာမူကာ တစ်လှမ်းချင်းထွက်ခွာလျှောက်သွားနေသော ခင်သန်းငွေကို လှမ်းမြင်လိုက်ရသောကြောင့်တည်း။

ထို့ကြောင့်လည်း ကိုအေးဆွေသည် ထွေးရီအား ပွေ့ကိုင်ထားသည်ကို မအုန်းတင်လက်ပေါ်သို့ လွှဲပြောင်းပေးလိုက်ပြီးနောက် ရုတ်ခြည်း ထ၍ ပြေးလိုက်သွားမိလေသည်။

သို့သော် ခြေလှမ်းလှမ်း၍မှ လေးငါးဆယ့်ကိုးလှမ်း မရှိသေးမီ ကိုအေးဆွေသည် အပြေးလွှားလှမ်းနေသော သူ့ခြေလှမ်းများကို တုံ့ခနဲနေအောင် ဆိုင်းလိုက်ပြီးနောက် ပြေးလွှားနေခြင်းကိုလည်း ခပ်ဆိုင်းဆိုင်း လုပ်လိုက်ရတော့သည်။ ထို့နောက်တော့ တစ်လှမ်းချင်းလှမ်းနေရင်းက တွေ့မြင်လိုက်ရသော မြင်ကွင်းကိုသာ ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေရချေတော့သည်။

တွေ့မြင်နေရသောမြင်ကွင်းကား ခပ်လှမ်းလှမ်း၌ တစ်ဖက်သို့မျက်နှာမူကာ တရွေ့ရွေ့ လျှောက်သွားနေသော ခင်သန်းငွေ၏ ရှေ့ဘက်မျက်နှာချင်းဆိုင်မှ လင့်ရှိဘာကားတစ်စီးသည် ခင်သန်းငွေရှေ့သို့ အရောက်တွင် တုံ့ခနဲရပ်လိုက်သည်။ ထို့နောက် ကားပေါ်မှ ဒေါ်လှတင်၊ မညွန့်မေနှင့် စိန်စိန်တို့သည် ရုတ်တရက် အပြေးဆင်းလာပြီးနောက် ခင်သန်းငွေအား တစ်စုံတစ်ခုကို စိတ်ဆိုးမာန်ဆိုးဖြင့် ပြောနေကြသည်။ ခင်သန်းငွေက ခေါင်းယမ်းငြင်းပယ်ကာ သူတို့ကို တွန်းဖယ်၍သွားရန် ကြိုးစားသည်။ ဒေါ်လှတင်က ခင်သန်းငွေကို ချုပ်ကိုင်ထားသည်။ ဤသည်ကို ခင်သန်းငွေက ရုန်းကန်နေသည်။ ဒေါ်လှတင်နှင့် မညွန့်မေတို့ကလည်း အတင်းချုပ်ကိုင်ထားရင်း သူတို့ပါးစပ်မှ တစ်စုံတစ်ရာကို ဒေါမာန်ပါပါဖြင့် ကြိမ်းမောင်းပြောဆိုနေကြသည်။

မည်သို့ ကြိမ်းမောင်းပြောဆိုနေသည်ကိုမူ ကိုအေးဆွေက သဲကွဲစွာ မကြားရပေ။

နောက်ဆုံးတွင်မူ ဒေါ်လှတင်နှင့် မညွန့်မေတို့က ခင်သန်းငွေကို အတင်းချုပ်ကိုင်ဆွဲခေါ်၍ ကားပေါ်သို့ အတင်းဆွဲတင်နေကြတော့သည်။

ဤမြင်ကွင်းကိုမြင်နေရသော ကိုအေးဆွေသည် အခြေအနေကို အကဲခတ်လိုက်ခြင်းအားဖြင့် မည်သို့သောအခြေအနေသို့ ရောက်နေကြောင်း တစ်မုဟုတ်ချင်း ရိပ်စားမိလိုက်သည်။ ထို့ကြောင့်လည်း ကိုအေးဆွေမှာ မရိုးမရွဖြစ်လာသည်။ ပြေး၍ အကူအညီပေးရကောင်းနိုးနိုးဖြင့် ချီတုံချတုံ ဖြစ်လာသည်။ ကူညီနိုင်ပါလျက်နှင့် မကူညီဘဲ သူ့အဖြစ်နှင့်သူ ရှိစေတော့ဟု သဘောထားလျက် လက်ပိုက်ကြည့်နေလိုက်မည်ဆိုပါလျှင် ခင်သန်းငွေမှာ မုချဧကန်ပင် သူ့မိဘများ၏ အလိုကျအတိုင်း စီမံမှုကို ခံရကာ ဦးဝင်းအောင်၏ရင်ခွင်ထဲသို့ ရောက်ရချေတော့မည်ပါတကားဟု အသိက ရုတ်ခြည်းပြေးဝင်လာသောအခါတွင်မူ ကိုအေးဆွေမှာ ခေါင်းနားပန်းကြီးသွားပြီး တုန်လှုပ်ချောက်ချားသွားတော့သည်။ အသည်းနှလုံးများတွင်လည်း တဖျင်းဖျင်းနေအောင် နာကျင်သောဝေဒနာတစ်ရပ်ကိုလည်း ရုတ်တရက် ခံစားလိုက်ရတော့သည်။

ထို့ကြောင့်လည်း ကိုအေးဆွေသည် သူ၏ မရှုံ့မရဲ ဖြစ်နေသော အားနည်းချက် ပျော့ကွက်များကို အတင်းထိုးဖောက်ကာ အားသစ် မာန်သစ် စိတ်သစ်များတင်း၍ ခင်သန်းငွေထံ အပြေးသွားလျက် အကူအညီပေးရန် ဆုံးဖြတ်ချက်ကို တစ်မုဟုတ်ချင်း ချပြီးသည်နှင့် တစ်ပြိုင်နက် တစ်ဟုန်ထိုး ပြေးသွားမိတော့သည်။

သို့တစေ ကိုအေးဆွေမှာ နောက်ကျလေပြီ တကား။

ကိုအေးဆွေ အနားသို့ရောက်သွားချိန်၌ ခင်သန်းငွေမှာ ရုန်းရင်းကန်ရင်းနှင့်ပင် ကားပေါ်သို့ ရောက်ရှိသွားလျက် ကားသည် စက်နှိုး၍ပင်နေချေပြီ။ ထို့နောက် ကားသည် ချက်ချင်းလိုပင် နောက်ပြန်လှည့်၍ တစ်ရှိန်ထိုး ထွက်သွားတော့သည်။

ထိုအခါမှသာ ကားမောင်းသူကို ဂရုတစိုက် ကြည့်လိုက်မိသည်။ မိမိအား အောင်နိုင်သူတို့၏ ဝင့်ကြွားပြုံးကြီးဖြင့် ပြုံးကြည့်သွားသော မြို့ပိုင်ဦးဝင်းအောင်ပါတကား။

[ ၅၀ ]

မိခင်ကြီးဒေါ်ဘုမ ကွယ်လွန်၍ သင်္ဂြိုဟ်ပြီးစီးခဲ့သည်မှာ ရက်သတ္တပတ် အတန်ငယ်ပင် ကြာညောင်းလာခဲ့ပေပြီ။

သို့တိုင်အောင် ကိုအေးဆွေမှာမူ သူ့အသည်းနှလုံးတွင် ခံစားနေရသည့် ဝမ်းနည်းကြေကွဲမှုတို့မှာ ထွေးရောဥပဒ်ပါ ယှက်သန်းနေခြင်းကြောင့် ယခုထက်တိုင် မပြေပျောက်နိုင်သေးပေ။ တနုံ့နုံ့နှင့် တွေးနေမိသည်။ တွေးမိတိုင်း ရင်မှာပူလောင်နာကျင်နေပေသည်။

"ခွင့်လွှတ်ပါတယ် ငွေငွေရယ်။ ငွေငွေကို ကိုယ်တစ်ယောက်တည်းကတင် ချစ်နေတာမဟုတ်ပါဘူး။ ကိုယ်တို့ ဘုံထန်းတောမြေတစ်ခုလုံးကပါ ချစ်နေကြတာပါ။ ငွေငွေထင်သလို မဟုတ်ပါဘူး။ အားလုံးက ခွင့်လွှတ်ကြပါတယ်။ ကြည်ဖြူစွာနဲ့ လက်ခံကြိုဆိုနေကြပါတယ် ငွေငွေရယ်"

ဤစကားလုံးကလေးများမှာ ကိုအေးဆွေ၏ ရင်တွင်းကသာ ပြောနေခြင်း ဖြစ်ချေသည်။

တကယ်တော့ ကိုအေးဆွေမှာ သူ့အတွက် ယူကျုံးမရ တသသဖြစ်နေရခြင်းသာ ဖြစ်သည်။ ထို့ကြောင့်လည်း ရင်မှာဟာနေသည်။ ဒါတွင်မက နှလုံးသားများကပါ နာကျင်နေသည်။ သို့တစေလည်း သူ့အကြောင်းကိုသာ အတွေးစိတ်များက ထပ်တလဲလဲ ဝင်နေသည်။

ကြာတော့လည်း တွေးရုံ၊ ဆွေးရုံ၊ ငေးရုံနှင့် အားမရနိုင်တော့ပေ။ ထပ်၍ သိချင်စိတ်၊ ဖတ်ချင်စိတ်၊ မြင်ချင်စိတ်တို့က တားမနိုင်ဆီးမရ ပေါ်လာသည်။ ထို့ကြောင့်လည်း ကိုအေးဆွေသည် နေရာမှ ထကာ အိပ်ရာခေါင်းအုံးအောက်တွင် ရှာသည်။ ဘာမျှမတွေ့ပေ။ အတန်ကြာအောင် မွှေနှောက်လှန်လှောရှာဖွေမှ တွေ့ရလေသည်။

ထိုရှာတွေ့သောအရာကား စာအိတ်ရှည်ကြီးပင် ဖြစ်လေသည်။

ထို့နောက် ကိုအေးဆွေသည် အိပ်ရာပေါ်တွင်ပင် လှဲချလိုက်သည်။ ပြီးလျှင် စာအိတ်ရှည်ကြီးထဲမှ စာရွက်ခေါက်ကြီးကို ဆွဲထုတ်လိုက်ပြီး ဖြန့်လိုက်သည်။ ထပ်ခါတလဲလဲ ဖတ်ရလွန်း၍လည်း အလွတ်ရနေသလို ဖြစ်နေသည်။ သို့တစေလည်း ထပ်သိချင် ဖတ်ချင်နေသည်။ တကယ်တော့ ဒီလို သူ့စာကို ဖတ်နေရခြင်းကပင်လျှင် သူနှင့်တွေ့နေရသလို ဖြစ်နေသည် မဟုတ်ပါလော။

**ကိုအေးဆွေ**

တကယ်တော့ ငွေး မပြတ်သားလို့ ခုလို မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတာကိုတော့ ငွေးဝမ်းနည်းလို့ မဆုံးပါဘူး။ ကိုအေးဆွေအနေနဲ့ ငွေးကို ခွင့်လွှတ်လိမ့်မယ်ဆိုတာ ယုံကြည်ပါတယ်။ ဒါပေမဲ့ ကိုအေးဆွေရဲ့ ပတ်ဝန်းကျင်က ငွေးကို ခွင့်လွှတ်ကြမယ်မဟုတ်ပါဘူး။ တခြားလူမပြောနဲ့၊ ထွေးရီလိုကလေးမ တစ်ယောက်ကတောင် ငွေးအပေါ် အပြစ်မြင်နေသေးရင် တခြားလူဆိုတာကတော့ ပြောစရာမလိုတော့ပါဘူး။ နောက်ပြီး ငွေးဟာ ဦးလေးခရဲ့မျက်နှာကိုကော ဘယ်လိုလုပ်ကြည့်ရမလဲ။ ကိုအေးဆွေတို့ ပတ်ဝန်းကျင်တစ်ခုလုံးကိုကော ဘယ်လိုလုပ်ပြီး ရင်ဆိုင်ရမလဲဟင်။ ဒါကြောင့်မို့လည်း အခုလို ဟိုနေ့က ထွက်သွားခဲ့ခြင်းပါ။

ခုလို ဖြုန်းခနဲထွက်သွားတာကို ကိုအေးဆွေအနေနဲ့ တအံ့တသြဖြစ်ကျန်ရစ်ခဲ့မယ်ဆိုတာ သိပါတယ်။ ခုတစ်မျိုး ခုတစ်မျိုး လုပ်သွားတဲ့ ငွေးကိုလည်း နောက်တစ်ကြိမ် လှည့်စားသွားပြန်ပြီလို့ နာကြည်းစိတ်ဆိုးနေမှာကိုလည်း သိပါတယ်။

တကယ်တော့ ခုလို ဒေါ်ဘုမတစ်ယောက် ဆုံးပါးသွားရတာဟာ အစက မသိခဲ့ပါဘူး။ ဒီလို မသိလို့လည်း ဈေးကုန်းရွာကတည်းက ဘယ်လိုပဲဖြစ်ဖြစ် ငွေးဟာ ကိုအေးဆွေကိုပဲ လက်ထပ်ပြီး ပတ်ဝန်းကျင်ကို ရင်ဆိုင်တော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ အပြေးလာခဲ့တာပါ။ ဒါပေမဲ့ ငွေးမျှော်မှန်းသလို ဖြစ်မလာဘူး။ ငွေးရဲ့ဆုံးဖြတ်ချက်ဟာ တစ်ခဏတာအတွင်းမှာပဲ မှားယွင်းသွားခဲ့ကြောင်း သိရပါတော့တယ်။

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

**ကိုအေးဆွေသည် ထွေးရီအား နှစ်သိမ့်လိုက်ပြီး ခင်သန်းငွေကို ဖျတ်ခနဲသတိရ၍ ရုတ်တရက်ကြည့်လိုက်သည်။ မတွေ့တော့ပေ။ ယခုတွင်ပင် သူပါရော၍ ထွေးရီကို ဝိုင်းဝန်းပြုစုနေသည်။ ထို့နောက် ထူးခြားလာသော ထွေးရီ၏ဖြစ်အင်ကြောင့် သည်ဘက်တွင် အာရုံစူးစိုက်နေမိသည်။ ထိုကာလတွင် သူ့အား သတိမမူမိဘဲ ဖြစ်သွားသည်။ ယခု ဘယ်သွားလေသနည်းဟု အောက်မေ့ရင်း ရင်ထဲတွင်တုန်သွားသည်။ ထို့ကြောင့်လည်း လျင်မြန်စွာ ပတ်ဝန်းကျင်ကို လှည့်ပတ်ရှာကြည့်မိသည်။ ဟိုက်ခနဲ အသံထွက်မသွားရန်ကိုပင် ကိုအေးဆွေက မနည်းထိန်းထားလိုက်ရသည်။ အဘယ်ကြောင့်ဆိုသော် ခပ်လှမ်းလှမ်း၌ ကားလမ်းအတိုင်း တစ်ဖက်သို့မျက်နှာမူကာ တစ်လှမ်းချင်း . . .**

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ

**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့်(Grade 9)ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် ခရိုင်(၅၀) ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း(၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ်တွင် ခရိုင်(၃၄)ခရိုင်၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(၃၄)ကျောင်း ထပ်မံဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၂၀၂၄–၂၀၂၅ ပညာသင်နှစ်တွင်ဖွင့်လှစ်မည့် အဆိုပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာအထက်တန်းဆင့် (၂) စက်မှုနည်းပညာ (၃) စိုက်ပျိုးရေးအတတ်ပညာ (၄) မွေးမြူရေးအတတ်ပညာစသည့် ပညာရေးလမ်းသွယ်(၄)မျိုး ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။




**(၁) အခြေခံပညာအထက်တန်းဆင့်**

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

**(၂) စက်မှုနည်းပညာ**

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ(Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology)နှင့် စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင်တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့်အခွင့်အလမ်းများမှာ အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၆)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ်(၄)နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ(AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ ဒုတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ ဒုတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်းအောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူ ရရှိစေမည်ဖြစ်ပါသည်။

**(၃) စိုက်ပျိုးရေးအတတ်ပညာ**

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့်အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science)(၅) နှစ်သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့်အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ်(Diploma in Agriculture) (၃)နှစ်သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ်သင်တန်း၏ ဒုတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) သင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ ဒုတိယနှစ်(ပထမနှစ်ဝက်)သို့ လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ ဒုတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

**(၄) မွေးမြူရေးအတတ်ပညာ**

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့်အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆)နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄)နှစ်သင်တန်းများကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

အဆင့်မီ (Qualified)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) (၃)နှစ်သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ ဒုတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် ဒုတိယနှစ်(ပထမနှစ်ဝက်)သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

**၂၀၂၄–၂၀၂၅ ပညာသင်နှစ်တွင် ထပ်တိုးဖွင့်လှစ်မည့်**
**အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (၃၄)ကျောင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | ပူတာအို | ပူတာအို | ပူတာအို | အထက–ဒုတ္တန် |
| ၂ | တနင်္သာရီ | ၂ | ကော့သောင်း | ကော့သောင်း | ကော့သောင်း | အထက(၂)၊ ကော့သောင်း |

စာမျက်နှာ ၂၄ သို့ ✧

✧ စာမျက်နှာ ၂၃ မှ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၃ | ပဲခူး(အရှေ့) | ၃ | ညောင်လေးပင် | ညောင်လေးပင် | ကျောက်တံခါး | အထက–ပဲနွယ်ကုန်း |
| ၄ | ပဲခူး(အနောက်) | ၄ | နတ်တလင်း | နတ်တလင်း | သဲကုန်း | အထက–သဲကုန်း |
| ၅ | မကွေး | ၅ | ချောက် | ချောက် | ချောက် | အထက–ဝွေးချို |
| ၆ | မန္တလေး | ၆ | မဟာ အောင်မြေ | ချမ်းမြသာစည် | ပြည်ကြီးတံခွန် | အထက(၂၇) |
| | | ၇ | အမရပူရ | အမရပူရ | အမရပူရ | အထက–ပလစ(၂) |
| | | ၈ | တံတားဦး | တံတားဦး | တံတားဦး | အထက–တံတားဦး |
| | | ၉ | မြင်းခြံ | မြင်းခြံ | မြင်းခြံ | အထက(၃) |
| | | ၁၀ | ပြင်ဦးလွင် | ပြင်ဦးလွင် | ပြင်ဦးလွင် | အထက(ခွဲ) အလက–၁ |
| ၇ | မွန် | ၁၁ | မော်လမြိုင် | မော်လမြိုင် | ချောင်းဆုံ | အထက–ရွာလွတ်၊ ချောင်းဆုံ |
| | | ၁၂ | ကျိုက်ထို | ကျိုက်ထို | ကျိုက်ထို | အထက(၂) |
| ၈ | ရခိုင် | ၁၃ | ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ | အထက(၃) |
| | | ၁၄ | တောင်ကုတ် | တောင်ကုတ် | တောင်ကုတ် | အထက(၁)၊ တောင်ကုတ် |
| ၉ | ရန်ကုန် | ၁၅ | အင်းစိန် | အင်းစိန် | အင်းစိန် | အထက(၇) |
| | | ၁၆ | တိုက်ကြီး | တိုက်ကြီး | တိုက်ကြီး | အထက–တိုက်ကြီး |
| | | ၁၇ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | အထက(၄) |
| | | ၁၈ | သဃ်ာန်းကျွန်း | သဃ်ာန်းကျွန်း | သဃ်ာန်းကျွန်း | အထက–သုဝဏ္ဏ |
| | | ၁၉ | ဗိုလ်တထောင် | ဗိုလ်တထောင် | သာကေတ | အထက(၂) |
| | | ၂၀ | သန်လျင် | သန်လျင် | သန်လျင် | အထက–ဖားကူး |
| | | ၂၁ | မရမ်းကုန်း | မရမ်းကုန်း | မြောက်ဥက္ကလာ | အထက(၆) |
| ၁၀ | ရှမ်း(တောင်) | ၂၂ | ကလော | ကလော | ကလော | အထက(၇)၊ အင်းခေါင်း |
| | | ၂၃ | လွိုင်လင် | လွိုင်လင် | လွိုင်လင် | အထက(၁) ပင်လုံ |
| | | ၂၄ | နမ့်စန် | နမ့်စန် | နမ့်စန်(တ) | အထက(ခွဲ) လေတပ် |
| | | ၂၅ | လင်းခေး | လင်းခေး | လင်းခေး | အထက(ဝမ်ဟတ်) |
| ၁၁ | ရှမ်း(ရှေ့) | ၂၆ | မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် | အထက(ခွဲ)၊ အလက(၂) |
| | | ၂၇ | မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ | အထက–နားကောင်းမူး |
| | | ၂၈ | မိုင်းယောင်း | မိုင်းယောင်း | မိုင်းယောင်း | အလက(တပ်တွင်း) |
| ၁၂ | ဧရာဝတီ | ၂၉ | ကျုံပျော် | ကျုံပျော် | ကျုံပျော် | အထက(၂) ကျုံပျော် |
| | | ၃၀ | ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ | အထက–နတ်မော် |
| | | ၃၁ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | အထက–ဂုန်နီ |
| | | ၃၂ | လပွတ္တာ | လပွတ္တာ | လပွတ္တာ | အထက(၃)မိုင် |
| ၁၃ | နေပြည်တော် | ၃၃ | လယ်ဝေး | လယ်ဝေး | လယ်ဝေး | အထက–ပျံချီ |
| | | ၃၄ | ဥတ္တရ | ဥတ္တရသီရိ | တပ်ကုန်း | အထက–MRTV |

# မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင် အစည်းအဝေး (၁/၂၀၂၄) ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) အလုပ်အမှုဆောင် အစည်းအဝေး (၁/၂၀၂၄)ကို ဖေဖော်ဝါရီ ၂၅ ရက်က နိုဗိုတယ်ရန်ကုန်မက်စ်တွင် ကျင်းပသည်။



အစည်းအဝေးတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်း (ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် စျေးကွက်ရှာဖွေရေးကော်မတီ)က အဖွဲ့ချုပ် ငွေစာရင်းနှင့် ပေးရန်ရှိစာရင်းများ ရှင်းလင်းတင်ပြသည်။ ယင်းနောက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်း (အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန)က မြန်မာအမျိုးသမီး ဘောလုံးအကယ်ဒမီကို မန္တလေးမြို့တွင် တည်ဆောက်ရေး၊ နိုင်ငံတကာအဆင့်မီ ဖူဆယ်လေ့ကျင့်ရေးကွင်း တည်ဆောက်ရေး၊ လက်ရွေးစင်အသင်းများအတွက် အဆင့်မြင့်လေ့ကျင့်ရေးစင်တာ High Performance Center (HPC) တည်ဆောက်ရေး၊ ဧရာဝတီ ဖောင်ဒေးရှင်း၏ ပံ့ပိုးမှုဖြင့် လေ့ကျင့်ရေးကွင်း (၂) ကွင်း ပြုပြင်တည်ဆောက်ရေးတို့ကို တင်ပြဆွေးနွေးသည်။ ဆက်လက်၍ ၂၀၂၄–၂၀၂၈ သက်တမ်း အဖွဲ့ချုပ်အလုပ်အမှုဆောင် ရွေးချယ်ရေးနှင့် ရွေးကောက်ပွဲလုပ်ထုံးလုပ်နည်း (၂၀၂၃) များအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အောင်(ဂိုး)က ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းရေးကော်မတီက ယခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးအဖွဲ့ချုပ်ဖွဲ့စည်းခဲ့ခြင်းများအား ဆက်လက်တင်ပြခဲ့သည်။ အစည်းအဝေးတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ အခြေခံကျောင်းများအတွက် ဘောလုံးပညာ (FIFA Football For School) အစီအစဉ်ကို နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် အတူတကွအကောင်အထည်ဖော်ရေးနှင့် လူငယ်များအတွက် နွေရာသီ အခြေခံ ဘောလုံးသင်တန်းများ ဒေသအသီးသီးတွင် ပူးပေါင်းဖွင့်လှစ်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။ ယင်းနောက် ဦးဇော်ဇော်က တိုင်းဒေသကြီးနှင့် ပြည်နယ် ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းနိုင်ရေးအတွက် ကူညီဆောင်ရွက်ခဲ့ကြသူများနှင့် မြန်မာ့ဘောလုံး ဖွံ့ဖြိုးရေးအတွက် ကဏ္ဍအသီးသီးမှ ပါဝင်ဆောင်ရွက်နေသူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**သတင်း–ကိုညီလေး**

**ဓာတ်ပုံ –MFF**

---

❖ ကမ္ဘာမှ

မျိုးစိတ်များ မှီတင်းနေထိုင်ရာ ဥယျာဉ်ကြီးများအဖြစ်တည်ရှိလျက်ရှိသည်။

ခါကာဘိုရာဇီအမျိုးသား ဥယျာဉ်သည်ဖုန်ကန်ရာဇီအမျိုးသားဥယျာဉ်ထက် မြင့်မားပြီး ဖုန်ကန်ရာဇီရေခဲတောင်များသို့ ခရီးသွားများနှစ်စဉ်ဝင်ရောက်၍ သဘာဝခရီးသွားဒေသတစ်ခုအဖြစ် တောင်တက်အပန်းဖြေခရီးသွားလုပ်ငန်း ပွင့်လန်းလျက်ရှိသည်။ ခါကာဘိုရာဇီရေခဲတောင်ဒေသသည် တောင်များမြင့်မား၍ ခရီးလမ်းကြမ်းသည့်အပြင် သွားလာရေးခက်ခဲသောကြောင့် ဇီဝမျိုးစုံမျိုးကွဲများ ပိုမိုရှင်သန်လျက်ရှိသည်။ ဖက်ချေ(Leaf Deer or Leaf Muntjac)ကို ဖက်ဂျီဟုလည်းကောင်း၊ ပူတာအိုချေဟုလည်းကောင်း ခေါ်ဆိုလေ့ရှိပြီး ကြောင်တစ်ကောင် အရွယ်အစားခန့်သာရှိသည့် ချေမျိုးစိတ်အငယ်စားဖြစ်ကာ သိပ္ပံအမည်အဖြစ် မန်တီးယားကပ်စ် ပူတာအိုအင်းဆက်စ် (Muntiacus putaoensis)ဟု ခေါ်ဆိုသည်။ ဖုန်ကန်ရာဇီအမျိုးသားဥယျာဉ်ဧရိယာတွင် ရှားပါးမျိုးစိတ်စာရင်းဝင်ဖြစ်သော ကတိုးချေနို့တိုက်သတ္တဝါများလည်း ရှင်သန်ကျက်စားလျက်ရှိပြီး အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘူတန်နှင့် ရေခဲတောင်ဒေသတို့တွင် ကျက်စားလျက်ရှိသည်။ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ဧရိယာ၌ ကမ္ဘာတွင်မြန်မာတစ်နိုင်ငံတည်း၌ ရှင်သန်ကျက်စားလျက်ရှိသည့် ဖက်ချေနို့တိုက်သတ္တဝါအား ၁၉၉၇ ခုနှစ်တွင် ဇီဝပညာရှင်တစ်ဦးက နောင်မွန်မြို့နယ်တွင် စတင်တွေ့ရှိခဲ့ရာမှ မှတ်တမ်းတင်ထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ၊ အမျိုးသားဥယျာဉ်နှင့် ရက္ခဗေဒဥယျာဉ်စုစုပေါင်း ၅၉ ခုရှိပြီး အာဆီယံအမွေအနှစ်စာရင်းဝင် ရှစ်ခုရှိသည်။ ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ခါကာဘိုရာဇီဘေးမဲ့တောသည် အာဆီယံအမွေအနှစ် စာရင်းဝင်ဖြစ်ရာ ကမ္ဘာ့ရှားပါးတောရိုင်းတိရစ္ဆာန်များ ရှင်သန်ကျက်စားရာ သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ရှင်သန်လျက်ရှိ၍ ကမ္ဘာတွင် မြန်မာပြည်မြောက်ဖျား နောင်မွန်ဒေသ၌ ချေမျိုးစိတ်ထက် အရွယ်အစားသေးငယ်သော ဖက်ချေ(Leaf Deer or Leaf Muntjac) မျိုးစိတ်သစ် ရှင်သန်တည်ရှိမှုသည် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ရှားပါး တောရိုင်းတိရစ္ဆာန်များ ရှင်သန်ကျက်စားရာ နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်တင့်လျက်ရှိသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ – ခါကာဘိုရာဇီအမျိုးသားဥယျာဉ်**

# မန်စီးတီးအသင်း ဇယားထိပ်က လီဗာပူးအသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့



မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၂၆) အဖြစ် ဖေဖော်ဝါရီ ၂၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘုန်းမောက်အသင်းနဲ့ ပွဲစဉ်မှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးက လီဗာပူးအသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဘုန်းမောက်အသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်းပွဲကစားချိန် ၂၄ မိနစ်မှာ ဖီးလ်ဖိုဒန်က သွင်းယူပေးခဲ့တာဖြစ်ပြီး အဲဒီနိုင်ပွဲကြောင့် လီဗာပူးအသင်းနဲ့ ရမှတ်တစ်မှတ်သာ ကွာဟတော့တာ ဖြစ်ပါတယ်။

လက်ရှိပရီမီယာလိဂ် ပွဲစဉ်(၂၆)အပြီးမှာ လီဗာပူးအသင်းက ရမှတ် ၆၀ ရရှိထားပြီး မန်စီးတီးအသင်းက ရမှတ် ၅၉ မှတ်ရရှိထားတာလည်း ဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ ဘုန်းမောက်အသင်းကို အနိုင်ရရှိခဲ့လို့ ဘုန်းမောက်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ၁၄ ပွဲစလုံး အနိုင်ရရှိခဲ့တဲ့ မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။

ဘုန်းမောက်အသင်းကတော့ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် နောက်ဆုံး ယှဉ်ပြိုင်ပွဲကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်ခုနစ်ပွဲစလုံး နိုင်ပွဲပျောက်ဆုံးခဲ့ရတာဖြစ်ပြီး တန်းဆင်းဇုန်အထက် ရှစ်မှတ်အကွာ အမှတ်ပေးဇယားအဆင့်(၁၄)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- မန်စီးတီးအသင်းဟာ ဆော်ဒီအာရေဗျကလပ်အသင်းတွေက ခေါ်ယူဖို့ စိတ်ဝင်စားနေတဲ့ ကွင်းလယ်ကစားသမား ကီဗင်ဒီဘရိုင်းရဲ့ ပြောင်းရွှေ့ကြေးနဲ့ ပတ်သက်ပြီး ပေါင်သန်း ၁၀၀ သတ်မှတ်ထားတယ်လို့ သိရပါတယ်။
- ဘိုင်ယန်မြူးနစ်အသင်းဟာ နွေရာသီဈေးကွက်အတွင်းမှာ လေဗာကူဆင်အသင်းမှ ထွက်ခွာတော့မယ့် နည်းပြအလွန်ဆိုအား တစ်နှစ်လုပ်ခလစာ ပေါင်သန်း ၂၀ နဲ့ ကမ်းလှမ်းဖို့ ပြင်ဆင်ထားတယ်လို့ သိရပါတယ်။
- အာဆင်နယ်အသင်းက ဂျူဗင်တပ်အသင်း တိုက်စစ်မှူး ကီနန်ယီဒစ်ဇ်အား ခေါ်ယူရန် စိတ်ဝင်စားနေပေမယ့် ကစားသမားကိုယ်တိုင်ကတော့ လီဗာပူးအသင်းနဲ့ ဒေါ့မွန်အသင်းတို့ဆီ ပြောင်းရွှေ့ကစားဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

ငွေကြယ် - ရေးသားသည်

# အာဆင်နယ်အသင်းက နယူးကာဆယ်အသင်းကို ဂိုးပြတ်အနိုင်ရ



ဖေဖော်ဝါရီ ၂၄ ရက်ညပိုင်းက အာဆင်နယ်အသင်းနဲ့ နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၂၆)မှာ နယူးကာဆယ်အသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့တာကြောင့် အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်ဆုံးက လီဗာပူးအသင်းနဲ့ နှစ်မှတ်အကွာကို ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။

အာဆင်နယ်အသင်းနဲ့ နယူးကာဆယ်အသင်းတို့ပွဲစဉ်မှာ အာဆင်နယ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၁၈ မိနစ်မှာ ဘော့မန်း(ကိုယ့်ဂိုးကိုယ်သွင်းမိသလိုဖြစ်)၊ ၂၄ မိနစ်မှာ ကိုင်ဟာဗက်ဇ်၊ ၆၅ မိနစ်မှာ ဆာကာနဲ့ ၆၉ မိနစ်မှာ ကီဝီဝါတို့က သွင်းယူပေးခဲ့တာဖြစ်ပြီး နယူးကာဆယ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၈၄ မိနစ်မှာ ဝီလ်လော့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ခြောက်ပွဲဆက်နိုင်ပွဲရရှိခဲ့တဲ့ မှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့တဲ့အပြင် အမှတ်ပေးဇယားထိပ်ဆုံးက လီဗာပူးအသင်းနဲ့ နှစ်မှတ်အကွာ၊ အဆင့်(၂)နေရာက မန်စီးတီးအသင်းနဲ့ တစ်မှတ်အကွာအနေအထားကို ရောက်ရှိလာတာကြောင့် ပရီမီယာလိဂ်ဖလားရရှိရေးမျှော်လင့်ချက်လည်း ရှင်သန်ခဲ့ပြီဖြစ်ပါတယ်။

နယူးကာဆယ်အသင်းကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့လို့ ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်(၇)နေရာ တက်လှမ်းမယ့်အခွင့်အရေးနဲ့ လွဲခဲ့ရတာ ဖြစ်ပါတယ်။

# ဂီတာဖေးအသင်းကို လေးဂိုးပြတ်အနိုင်ရပြီး ဘာစီလိုနာအသင်း စပိန်လာလီဂါအမှတ်ပေးဇယား ဒုတိယနေရာတက်လှမ်း

ဘာစီလိုနာအသင်းနဲ့ ဂီတာဖေးအသင်းတို့ ဖေဖော်ဝါရီ ၂၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ ဘာစီလိုနာအသင်းက ဂီတာဖေးအသင်းကို လေးဂိုးပြတ် အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယား ဒုတိယနေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

**သွင်းယူပေးခဲ့**

ဘာစီလိုနာအသင်းနဲ့ ဂီတာဖေးအသင်းတို့ပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် မိနစ် ၂၀ မှာ ရာဖင်ဟာ၊ ဒုတိယပိုင်းပွဲကစားချိန် ၅၃ မိနစ်မှာ ဂျာအိုဖိလစ်၊ ၆၁ မိနစ်မှာ ဖရန့်ကီဒီဂျောင်နဲ့ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပိုတစ်မိနစ်မှာ လိုပက်ဇ်တို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ အခုပွဲစဉ်မှာ ဂီတာဖေးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်ငါးပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲသရေရလဒ်နဲ့ ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းအနေနဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေတဲ့ ရီးယဲလ်မက်ဒရစ်အသင်း စပိန်လာလီဂါပွဲစဉ်(၂၆) ယှဉ်ပြိုင်မကစားမီ ရမှတ် ငါးမှတ်အကွာနဲ့ အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

ဂီတာဖေးအသင်းကတော့ ဘာစီလိုနာအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် စပိန်လာလီဂါပွဲစဉ် ၂၆ ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၃၄ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၀)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။



# လက်ရှိချန်ပီယံ ကာမီရွန်နော်ရီး ရီယိုအိုးပင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်မှ ထွက်ခဲ့ရ



ဗြိတိန်နိုင်ငံရဲ့ နံပါတ်တစ် တင်းနစ်ကစားသမားတစ်ဦးဖြစ်တဲ့ ကာမီရွန်နော်ရီးဟာ ရီယိုအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်း ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ အာဂျင်တီးနား တင်းနစ်ကစားသမား မာရီနိုနာဗိုနီကို ရှုံးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲကနေ ထွက်ခဲ့ရပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ လက်ရှိရီယိုအိုးပင်း အမျိုးသားတစ်ဦးချင်း တင်းနစ်ချန်ပီယံ ကာမီရွန်နော်ရီးက ၆-၄၊ ၆-၂ နဲ့ ရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။ ကမ္ဘာ့အဆင့် ၂၃ နေရာမှာ ရပ်တည်နေတဲ့ ကာမီရွန်နော်ရီးဟာ ၂၀၂၃ ခုနှစ်မေလနောက်ပိုင်း အေတီပီပြိုင်ပွဲမှာ ပထမဆုံးအကြိမ် ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

ကမ္ဘာ့အဆင့်(၁၁၃)တွင် ရပ်တည်လျက်ရှိတဲ့ အသက် ၂၂ နှစ်အရွယ် မာရီယာနိုနာဗိုနီဟာ ရီယိုအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်မှာ အကောင်းဆုံးယှဉ်ပြိုင်ကစားနိုင်ခဲ့တာကြောင့် ကာမီရွန်နော်ရီးအတွက်လည်း အခက်ကြုံခဲ့ရတာ ဖြစ်ပါတယ်။

မာရီယာနိုနာဗိုနီဟာ ကာမီရွန်နော်ရီးကို အနိုင်ရရှိခဲ့တာကြောင့် ရီယိုအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အာဂျင်တီးနား တင်းနစ်ကစားသမား ဘော့ဇ်နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဘော့ဇ်ဟာ တစ်နိုင်ငံတည်းသား ဆီရန်ဒိုလိုအား ၇-၅၊ ၆-၀ နဲ့ အနိုင်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

✪ ဆာရာဘီယာမှ

ပရီမီယာလိဂ်ပြိုင်ပွဲမှာ ဘန်လေအသင်းနဲ့အတူ အဆိုးရွားဆုံးသောရလဒ်ကို ပိုင်ဆိုင်ခဲ့တဲ့ အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

ရှက်ဖီးလ်ယူနိုက်တက်အသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၂၆)ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ နိုင်ပွဲသုံးပွဲသာ ရရှိထားပြီး ရမှတ် ၁၃ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၂၀ မှာ ရပ်တည်နေတာကြောင့် တန်းဆင်းဇုန်ကို ကျော်ဖြတ်နိုင်ဖို့အတွက် ရမှတ် ရှစ်မှတ်အထိ လိုအပ်နေတာ ဖြစ်ပါတယ်။

ငွေကြယ်

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၂၀-A၊ ၄၆-B)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ် (၈,၈-A/၂,၂-၂/၂-၃) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော Brilliance Mansion Condo၊ တိုက်အမှတ် – ၂၉၊ အခန်းအမှတ်(၀၁)၊ (၄-လွှာ)၊ အကျယ်အဝန်း (၉၄၄.၃၂)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလပိုင်ဆိုင်သူ **သုခရတနာကုမ္ပဏီလီမိတက် (The Developer)**ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သည့် **ဒေါ်ခိုင်ချိုချိုသဲ** [၁၂/ကတတ(နိုင်)၀၂၉၇၄၀] ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၂၄/၂၀၂၄၊ ၃-၁-၂၀၂၄)အရ **ဒေါ်ခိုင်မိုမိုသဲ** [၁၂/ကတတ(နိုင်)၀၂၉၁၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် အပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေ (တန်ဖိုး၏ တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော (စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုနေ့ရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အိသီရိကြူ LL.B, MA (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။ ဖုန်း–၀၉–၄၃၁၆၃၄၀၅၊ ၀၉–၄၂၄၃၁၃၄၀၇**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

